# ကြေးမုံ

**The Mirror**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ စနေနေ့၊ (30-1-2016) (၈၄၆၁)


## အေးစေ မြဲစေ မေတ္တာရေ

- နှစ်ရှာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွှန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များအား ဂုဏ်ပြုကြိုဆိုသည့် နေ့လယ်စာစားပွဲအခမ်းအနားကျင်းပ

စာမျက်နှာ » ၃



၆၆ ကေဗွီ ပုသိမ်-ငရုတ်ကောင်း-ငပြေမ ဓာတ်အားလိုင်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

# သာ၍လှင်းမည့် ဧရာဝတီ

သတင်းဆောင်းပါး

သန့်ဦး(သတင်းစဉ်)၊ ခင်ရတနာ

လမ်းမီးတိုင်တို့မှ လျှံကျလာသည့်အလင်းရောင်အောက်ဝယ် ဈေးရောင်းချသူ၊ ဈေးဝယ်သူများ စည်ကားလျက်ရှိသည်။ ရေပေါ်ဈေးတည်ရှိသည့် ပုသိမ်မြို့ ကမ်းနားလမ်းမကြီးသည် ဧရာဝတီတိုင်းဒေသကြီး၏ ခေတ်သစ်အလှများကို မီးရောင်အောက်တွင် ချခင်းထားသယောင်။

စာရေးသူတို့ ပြီးခဲ့သည့်နှစ် ဧရာဝတီတိုင်းဒေသကြီးတစ်ခွင် လှုမှုစီးပွား သတင်းများရယူရင်း ဧရာဝတီ၏တသွင်သွင်စီးဆင်းသံကို နားသောတဆင်ခြင်းဖြင့် ညအလှကို မီးရောင်များအကြား ခံစားမိသည်။

မြစ်ဝကျွန်းပေါ်ဒေသဖြစ်သဖြင့် စိုက်ပျိုးရေးလွန်စွာကောင်းမွန်သည့် ဧရာဝတီ၊ မြစ်ချောင်းအင်းအိုင်တို့ကြောင့် ရေလယ်ဇာတဖွံ့ဖြိုးသည့် ဧရာဝတီ၊ ကမ်းခြေအလှတို့ဖြင့် ထုံမွှမ်းသည့်ဧရာဝတီ၊ ကမ္ဘာကျော် နာဂစ်မုန်တိုင်းဒဏ်ကြောင့် မရှုမလှအရေးနိမ့်ခဲ့ဖူးသည့် ဧရာဝတီ၊ သဘာဝဂေဟစနစ်များ မပျက်မစီး ကျန်ရှိနေသေးသည့် ဧရာဝတီတိုင်းဒေသကြီးတစ်ခွင် အမှန်ပင်တိုးတက်လာပြီလားဆိုသည်ကို တစေ့တစောင်း လေ့လာကြည့်မိသည်။

ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာတွင် ထိုဒေသ၏ အခြေခံအဆောက်အအုံများ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

## ဝိုင်းမော်မြို့နယ် မံဝိန်း-ချီဖွေ-ထော့ဂေါ့-ဖီမော် လမ်းပေါ်ရှိ ရှင်ပေါ်တံတားနှင့် နန့်ဝတံတားဖွင့်လှစ်

စာမျက်နှာ - ၂

## (၆၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း၊ ရေးဖြေအောင်စာရင်းထုတ်ပြန်

စာမျက်နှာ - ၁၀


Modern life With G-SEVEN

ကြွေပြား ၊ ကျောက်ပြား

**Big Sale Promotion**

"ဆောက်လုပ်ရေးကန်ထရိုက်တာများအတွက် လက်မလွှတ်သင့်သည့် အထူးအခွင့်အရေး" (8"x8") (8"x12") (12"x12") ကာလာရောင်စုံကြွေပြားများကို

30% Discount

Hotline : 09-300 000 87, 09-252 257 799

လမ်းညွှန် - G-Seven Show Room တို့ မင်းဓမ္မလမ်းမှတဆင့် ပြည်လမ်းအတက်သို့ ကားဖြင့်လာပါကကားပါကင်ရှိသဖြင့် စိုး၍အဆင်ပြေသည်။

» ရန်ကုန်အရောင်းပြခန်း(၁) - အမှတ်(၉၅၁)၊ ၁၀မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၆၆၇၅၉၁၊ ၀၉-၃၂၀၇၅၂၄၈

» ရန်ကုန်အရောင်းပြခန်း(၂) - အမှတ် K (၆၄၊၆၅၊၆၆၊၆၇)သီရိရတနာဈေးသစ်၊ အမှတ်(၃)လမ်းမ၊ မင်္ဂလာဒုံမြို့နယ်။ ဖုန်း - ၀၁-၆၆၇၅၉၁၊ ၀၉-၃၂၀၇၅၂၄၅

» မန္တလေးအရောင်းပြခန်း(၁) - (၈၁)လမ်းနှင့်(၃၂)လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉-၂၅၇၁၁၁၀၄၊ ၀၉-၂၅၇၁၁၁၀၅

**ကြေးမုံစာတည်းရှုထောင့် ၃၀-၁-၂၀၁၆၊ စနေနေ့**

# ဆန်ရေစပါးပေါများချမ်းသာ

မြန်မာနိုင်ငံကို စက်မှုနိုင်ငံထူထောင်ရန်ထက် စိုက်ပျိုးရေးနိုင်ငံ ထူထောင်ခြင်းသာ သင့်လျော်မှုရှိမည်။ မြန်မာနိုင်ငံသည် ရှေးဦးအစကာလ ကတည်းက စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ခဲ့သည်။ မျက်မှောက်ကာလ တွင် မြို့ပြဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ တိုးပွားလာမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများမှာ တစ်စတစ်စ လျော့နည်းလာသည်။

ထိုသို့လျော့နည်းလာခြင်းသည် ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် မြေယာအသုံးချနိုင်မှုအနေအထား ပြောင်းလဲလာသောကြောင့်ဖြစ်သည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ဒုတိယကာလတို ငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁) မူကြမ်းတွင် မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍ၌ လုပ်ကိုင်နေသူ လူဦးရေ ၁၈ သန်းကျော်ရှိပြီး စိုက်ပျိုးမြေဧက ၁၂ သန်းကျော်ရှိသည်ဟု ဆိုထားသည်။

မြန်မာနိုင်ငံ၏ ၂၀၁၄ စစ်တမ်းအရ အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်းရှိ လုပ်သားအင်အားမှာ နိုင်ငံလူဦးရေ၏ ၆၇ ရာခိုင်နှုန်းရှိသည်ဟု ဆိုထားသည်။ ကျေးလက်နေပြည်သူများမှာ ၇၀ ရာခိုင်နှုန်းရှိသည်ဟု ဆိုထားသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ လျော့နည်းလာသည်ဟု ဆိုနိုင်သည်။ မြစ်ဝကျွန်းပေါ်ဒေသသည် ရေမြေရာသီဥတုကောင်းမွန်သဖြင့် ရှေးယခင်ကတည်းက စိုက်ပျိုးရေးလုပ်ငန်းကို ဦးစားပေးလုပ်ကိုင်ကြသည်။

ယခင်က တစ်နိုင်ငံလုံး၏ စိုက်ပျိုးနိုင်သောမြေဧကစုစုပေါင်း၏ သုံးပုံနှစ်ပုံမှာ ဆန်စပါးစိုက်ပျိုးမြေများဖြစ်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီအချိန်က မြန်မာနိုင်ငံတွင် ထွန်ယက်စိုက်ပျိုးနိုင်သော မြေဧက ၁၉ သန်းခွဲကျော်ရှိသည့် အနက် ဧက ၁၂ သန်းခွဲကျော်မှာ စပါးစိုက်ပျိုးသောမြေများဖြစ်သည်။ တစ်ချိန်သောကာလက ရန်ကုန်မြို့ပတ်ဝန်းကျင်တွင် လယ်ယာစပါးစိုက်ခင်းများနှင့် စိမ်းစိုဝါဝင်းသော တစ်မျှော်တစ်ခေါ်စိုက်ခင်းများရှိခဲ့သည်။ ယခုအခါ မြို့ပြချဲ့ထွင်မှုကြောင့် စပါးစိုက်ခင်းများပျောက်ကွယ်သွားခဲ့ရသည်။

သို့သော် ယခုအခါ စိုက်ပျိုးမြေဧက ၁၂ သန်းကျော်ရှိသေးသည်ဟု ဆိုထားသဖြင့် မြေယာမှ ကုန်ထုတ်လုပ်နိုင်စွမ်းတိုးတက်အောင်သာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်နိုင်စွမ်းဆိုရာ၌လည်း လယ်ယာစစ်တမ်းအရ တစ်ဧက တစ်နှစ်လျှင် ၄၅၁ ဒေါ်လာတန်ဖိုးသာရှိသဖြင့် အာဆီယံနိုင်ငံများတွင် အနည်းဆုံးဖြစ်နေသည်။ ထိုသို့ဖြစ်ခြင်းမှာ လယ်ယာလုပ်သားရှားပါးသောကြောင့်ဟု ဆိုကြသည်။

စိုက်ပျိုးရေးလုပ်ငန်းခွင်မှ လယ်ယာလုပ်သားများမှာ လယ်ယာလုပ်ငန်းဝင်ငွေထက် ပိုမိုများသော အခြားလုပ်ငန်းခွင်များ၊ ပြည်ပနိုင်ငံများသို့ ထွက်ခွာသွားခြင်းများမှာလည်း အကြောင်းတစ်ချက်ဖြစ်နိုင်သည်။ အဓိကအချက်မှာ လယ်ယာထွက်ကုန်လျော့နည်းခြင်းနှင့် ထုတ်ကုန်တန်ဖိုးနည်းပါးခြင်းဖြစ်သည်။ နောက်ဆက်တွဲအကျိုးရလဒ်မှာ လယ်ယာမြေပိုင်ဆိုင်မှု လျော့နည်းသွားခြင်းဖြစ်သည်။ လယ်ယာမြေများကို တန်ဖိုးသင့်မြေများအဖြစ် ပြောင်းလဲလိုက်ခြင်းသည် မျက်မှောက်ကာလ စိုက်ပျိုးရေးလုပ်ငန်းအတွက် ကြီးမားသောစိန်ခေါ်မှု ဖြစ်လာသည်။

မြန်မာနိုင်ငံတွင် လယ်ယာပိုင်ဆိုင်သူတစ်ဦးအနေဖြင့် ၂ ဒသမ ၀၅ ဧက ပိုင်ဆိုင်နေချိန်တွင် အချို့နိုင်ငံများတွင် ဟက်တာ ၁၀၀ ခန့်ပိုင်ဆိုင်နေကြပြီ။ မြန်မာနိုင်ငံတွင်လည်း အကယ်၍ စက်မှုဧကစိုက်ခင်းကြီးများ၊ စိုက်ကွက်ကြီးများပျိုးထောင်၍ လယ်ယာလုပ်ကိုင်သူတစ်ဦးလျှင် ဟက်တာ ၁၀၀ ခန့်လုပ်ကိုင်နိုင်ပါက ကုန်ထုတ်ပမာဏတိုးတက်ကာ အာဆီယံနိုင်ငံများမှ ပထမအုပ်စုတွင် ပါဝင်လာနိုင်ကာ မြေယာထုတ်လုပ်နိုင်စွမ်း တစ်ဧကတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ မှ ၂၀၀၀ အတွင်း ညီမျှသော ဝင်ငွေများရရှိလာနိုင်သည်။

လက်ရှိစိန်ခေါ်မှုအခက်အခဲမှာ လယ်ယာမြေပိုင်ဆိုင်မှုပြဿနာပင်ဖြစ်သည်။ လယ်ယာမြေပိုင်ဆိုင်မှုပြဿနာများကို ဖြေရှင်းပေးလိုက်နိုင်ပြီး တောင်သူလယ်သမားများ ကုန်ထုတ်လုပ်မှုစွမ်းအားကောင်းစေရန် ကူညီဆောင်ရွက်ပေးရဦးမည်ဖြစ်သည်။ စိုက်ပျိုးစရိတ်၊ အထွက်တိုးမျိုးကောင်း၊ စိတ်ချအာမခံသည့်ထောက်ခံချက်၊ ရောင်းကုန်ဖြောင့်ဖြူးရေး စသည့်ကိစ္စများကို သက်ဆိုင်ရာတို့က ထဲထဲဝင်ဝင် ထိထိရောက်ရောက် တစ်ပြေးညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့မှသာ စိုက်ပျိုးရေးနိုင်ငံဟု ဂုဏ်တင့်ခဲ့သည့် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များကို ပြည်တွင်း၌သာမက ပြည်ပသို့ပါတင်ပို့ခြင်းဖြင့် တောင်သူလယ်သမားများ ဝင်ငွေတိုးပွားကာ လယ်ယာမှရွှေသီး၍ တိုင်းပြည်ကြီးပွားတိုးတက်ချမ်းသာလာမည် ဖြစ်သည်။ ။

# ဝိုင်းမော်မြို့နယ် မံဝိန်း- ချီဖွေ- ထော့ဂေါ့- ဖီမော်လမ်းပေါ်ရှိ ရှင်ပေါ်တံတားနှင့် နန်ဝတံတားဖွင့်လှစ်

**မြစ်ကြီးနား ဇန်နဝါရီ ၂၉**

မေခမြစ်အရှေ့ဘက် ရှင်ပေါ်ချောင်းကိုဖြတ်၍ ဆောက်လုပ်ထားသည့် အရှည်ပေ ၂၄၀ ရှိ ရှင်ပေါ်တံတားနှင့် နန်ဝချောင်းကိုဖြတ်၍ ဆောက်လုပ်ထားသည့် အရှည်ပေ ၁၂၀ ရှိ နန်ဝတံတားတို့ကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ မံဝိန်း-ချီဖွေ-ထော့ဂေါ့-ဖီမော်လမ်းပေါ်ရှိ အဆိုပါတံတားကို တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁)မှ တာဝန်ယူဆောက်လုပ်ပြီး နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအမျိုးအစားများဖြစ်သည်။

ဒေသခံတစ်ဦးဖြစ်သူ ဦးယောဆက်က "မြစ်ကြီးနားနဲ့ ချီဖွေမြို့ဟာ (၉၃) မိုင်သာဝေးကွာပေမယ့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက် အခြားဒေသတွေထက် ဖွံ့ဖြိုးမှုနည်းပါးခဲ့ကြောင်း၊ အရင်က လှေ၊ ဝါးဖောင်တို့နဲ့ နှစ်ရက်၊ သုံးရက်ခန့်သွားခဲ့ရသည့်အပြင် ကုန်စည်တွေ သယ်ယူပို့ဆောင်ရာမှာလည်း ကုန်ကျစရိတ်ကြီးမြင့်ခဲ့ရသည့်အတွက် ယခုလို ရှင်ပေါ်တံတားနှင့် နန်ဝတံတားတို့ကို တစ်ဆက်တည်း ဖွင့်လှစ်ပေးနိုင်သည့်အတွက် မိမိတို့ဒေသ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအဆင့်အတန်းများအပြင် ကုန်စည်စီးဆင်းမှု လွယ်ကူတော့မည်ဖြစ်သည့်အတွက် ဒေသခံများကိုယ်စား ကျေးဇူးအထူးတင်ပါကြောင်း" ပြောသည်။

အဆိုပါ တံတားများကို တိုင်းမှူး ဗိုလ်ချုပ် ဝင်းဘိုရှိန်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်နှင့် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တံတားများ၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ချီဖွေဒေသသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အတွက် သွားလာမှုလွယ်ကူစေရန် ဝိုင်းမော်-ချီဖွေသွား ကားလမ်းကို ၂၀၁၂-၂၀၁၃ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေကျပ် ၄၇၅၇ ဒသမ ၃၀ သန်းဖြင့် ကတ္တရာလမ်းခင်းခြင်း၊ ခွဲကျောက်လမ်းခင်းခြင်း၊ အမာခံသဲကျောက်လမ်းခင်းခြင်းလုပ်ငန်းများနှင့် မြေသားလမ်းချဲ့ခြင်း၊ ငါးပေမှ ပေ ၆၀ရှိ ကွန်ကရစ်တံတား စုစုပေါင်း ၄၂ စင်းတို့အပြင် သောက်သုံးရေရရှိရေးလုပ်ငန်း ၅၄ ခုကို ငွေကျပ် ၃၁၉ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်(ရွှေဈေး) ၇၇၃၀၀၀ - ၇၇၃၀၀၀ မန္တလေး(ရွှေဈေး) ၇၇၃၀၀၀ - ၇၇၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၄၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၁၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၉၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၉၁ ကျပ်၊ **အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၃၉ ကျပ်၊** အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၉၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၁၄. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၆. ၈၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၆. ၁၃၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၁၀. ၈၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၀၀၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၈၉. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၇. ၂၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၁၇. ၁၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၆. ၈၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အအေးပိုနေမည်။




# မြန်မာနိုင်ငံ၏ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ကောင်းများဖန်တီးရေးဖိုရမ် ရေဆင်း၌ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်း နေပြည်တော်၌ အာဆီယံနိုင်ငံများအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ကောင်းများဖန်တီးရေးဖိုရမ်ကို ဇန်နဝါရီ၂၆ ရက်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဖိုရမ်သည် မြန်မာနိုင်ငံရှိစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးကောင်း သီးနှံမျိုးစေ့များ စနစ်တကျထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ မြန်မာနိုင်ငံရှိ မျိုးစေ့ထုတ်လုပ်သူတောင်သူများ၊ လုပ်ငန်းရှင်များနှင့် အနာဂတ်တွင် မျိုးစေ့ထုတ်လုပ်ငန်းများ လျင်မြန်သွက်လက်၍ စနစ်တကျရှိစေရေး၊ မျိုးစေ့ထုတ်လုပ်သူများနှင့် သုံးစွဲသူများကြား ယုံကြည်မှုရှိစေရေးနှင့် နှစ်ဦးနှစ်ဖက်နားလည်မှုဖြင့် အောင်မြင်မှုပိုမိုရရှိစေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဖိုရမ်၌ မျိုးစေ့ထုတ်လုပ်မှုနှင့် အရည်အသွေးအာမခံချက်ပေးနိုင်သည့်စနစ်များ အရှိန်အဟုန်မြှင့်တင်ရေးနည်းလမ်းများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများကို အကျိုးရှိစွာအသုံးပြုမည့်နည်းလမ်းများ၊ ဈေးကွက်နှင့် ဖြန့်ဖြူးရေးနည်းလမ်းများ၊ မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေနှင့် အခြားဖြေရှင်းပေးနိုင်မည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

# သက်တမ်းတိုစပါးမျိုးများစိုက်ပျိုးရေး ပညာပေးဆွေးနွေး

**စဉ့်ကိုင် ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဆီဆုံကျေးရွာအုပ်စု အိုးတိန်းတောင်ကျေးရွာတွင် ဒုဌဝတီမြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးစိုက်ပျိုးကြမည့် တောင်သူများအား အယ်လ်နီညိုရာသီဥတုဒဏ်ကြောင့် ရာသီဥတုပိုမိုပူပြင်းပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေများ အခက်အခဲများရှိလာနိုင်မည်ဖြစ်ကြောင်း သတိပေးနှိုးဆော်ထားသောကြောင့် နွေစပါးစိုက်တောင်သူများအနေဖြင့် သက်တမ်းရှည်စပါးမျိုးများ စိုက်ပျိုးပါက ရေလိုအပ်ချက်များပြီး ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးရွေးချယ်စိုက်ပျိုးကြရန် လိုအပ်သဖြင့် အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများရရှိရေး စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(တင်တင်ထွေး)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ့

# ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များအား ဂုဏ်ပြုကြိုဆိုသည့် နေ့လယ်စာစားပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ အစည်းအဝေးပြီးနောက် မွန်းတည့် ၁၂ နာရီတွင် လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်ကြီး၌ ပထမအကြိမ်နှင့် ဒုတိယအကြိမ်လွှတ်တော်ကိုယ်စားလှယ်များအား ဂုဏ်ပြုကြိုဆိုသည့် နေ့လယ်စာစားပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ ပထမအကြိမ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့သည် တက်ရောက်လာကြသူများနှင့် အတူ ဂုဏ်ပြုနေ့လယ်စာကို သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့က ဒုတိယအကြိမ် လွှတ်တော်ကိုယ်စားလှယ်များ အသုံးပြုရန် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ လမ်းညွှန်နှင့် လက်စွဲစာအုပ် ၁၃ မျိုးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်အမျိုးသားပါတီ၊ တအာင်း (ပလောင်)အမျိုးသားပါတီနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်များထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့က ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် သီဆိုဖျော်ဖြေကြသည့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းနှင့် ဆုငွေများ ပေးအပ်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် ဒုတိယသမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

**(သတင်းစဉ်)**

# သဘာဝဓာတ်ငွေ့တင်သွင်းရေးဆိုင်ရာ ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ စတင်ဆောင်ရွက်တော့မည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

နိုင်ငံတော်၏ တိုးတက်မြင့်မားလာသော စက်မှုနှင့် လျှပ်စစ်ကဏ္ဍတို့အတွက် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သဘာဝဓာတ်ငွေ့တင်သွင်းရေးဆိုင်ရာ ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်း အခမ်းအနား (၂/ ၂၀၁၆)တွင် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ၏ စက်သုံးဆီ လက်လီရောင်းဈေးနှုန်းများ ကျဆင်းရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူချက်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း (MPTA) နှင့် ပူးပေါင်းကာ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းအထိ ထပ်မံကျဆင်းစေရေး ထပ်မံတိုက်တွန်းနှိုးဆော်ထားကြောင်း၊ တရားမဝင် စက်သုံးဆီ ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို စနစ်တကျရှိစေရေးအတွက် စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များကို ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို မိမိတို့ကိုယ်တိုင် လုပ်ကိုင်ခြင်းအပြင် နိုင်ငံခြားကုမ္ပဏီများနှင့်လည်း အကျိုးတူပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းများအနက် အရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းကို ၂၀၀၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းမစတင်မီ EIA၊ SIAနှင့် HSE လုပ်ငန်းများကို ထိုင်းနိုင်ငံ International Environment Management ကုမ္ပဏီက ဆောင်ရွက်ခဲ့သည်။

စီမံကိန်း မစတင်မီအချိန်ကပင် ပိုက်လိုင်းဖြတ်သန်းမည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများသို့ ရှင်းလင်းပြောကြားခဲ့ပြီး ပိုက်လိုင်းဖြတ်သန်းရာတွင် ပါဝင်မည့် ဒေသနေ မြေပိုင်ရှင်များအား မြေယာသီးနှံလျော်ကြေးနှင့် လူမှုစီးပွားလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ကြိုတင်ရှင်းလင်းပြောကြားခဲ့ကြောင်း၊ မြေယာ လျော်ကြေးပေးဆောင်ရာတွင်လည်း ဒေသအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အမြင့်ဆုံးဈေးနှုန်း (ကာလပေါက်ဈေး) တို့ဖြင့် တွက်ချက်ပေးလျော်ခဲ့ကြောင်း။

သီးနှံလျော်ကြေး စာချုပ်အား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် အခွန်တံဆိပ်ခေါင်းကပ်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ လျော်ကြေးငွေပေးလျော်ချိန်တွင်လည်း ဒေသနေတောင်သူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြေစာရင်းဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ SEAP တို့မှကိုယ်စားလှယ်များ ရှေ့မှောက်တွင် အခမ်းအနားဖြင့် မြေပိုင်ရှင်ထံသို့ စနစ်တကျပေးလျော်ခဲ့ကြောင်း၊ ပိုက်လိုင်းတစ်လျှောက် မြေများကို အမြဲသုံးမြေအဖြစ် သိမ်းယူခဲ့သော်လည်း ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက ပြန်လည်အသုံးပြုခွင့်ပေးခဲ့ကြောင်း။

ယင်းသို့ စိုက်ပျိုးရာတွင် ပိုက်လိုင်းတစ်လျှောက် အန္တရာယ်မဖြစ်စေရေးအတွက် အသိပေး အမှတ်အသားများ စိုက်ထူထားခြင်းသာဖြစ်ပြီး မြေယာအား ကန့်သတ်ထားခြင်း မဟုတ်ကြောင်း၊ မြေသိမ်းဆည်းရာတွင် SEAP ကုမ္ပဏီမှ သိမ်းဆည်းခြင်းမဟုတ်ဘဲ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအမည်ဖြင့်သာ လွှဲပြောင်းထားခြင်းဖြစ်ကြောင်း၊ ပိုက်လိုင်းဖြတ်သန်းသွားသော ဒေသများရှိ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားနှင့် အခြားအထွေထွေ ကဏ္ဍများအတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ စာသင်ကျောင်း၊ ဆေးရုံဆေးခန်းနှင့် လမ်းတံတား ဆောက်လုပ်ပြုပြင်ပေးခြင်း၊ မီးဘေးရေဘေးကူညီခြင်း၊ လူနာတင်ယာဉ်နှင့် ဆက်သွယ်ရေးတာဝါတိုင်များ လှူဒါန်းခြင်းတို့အတွက် အမေရိကန်ဒေါ်လာ စုစုပေါင်း ၁၆၃ သိန်းနှင့် မြန်မာကျပ်ငွေ ၁၂၇ သန်းအကုန်အကျခံ၍ အသုံးပြုခဲ့ကြောင်း။

အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ပတ်သက်၍ စီမံကိန်းတွင် သင့်လျော်သော ပညာရှင်များရွေးချယ်ပြီး မြန်မာနိုင်ငံသားဝန်ထမ်း ၇၇၁ ဦး ခန့်အပ်ခဲ့ကြောင်း၊ ပိုက်လိုင်းလုံခြုံရေးလုပ်ငန်းများ ခန့်အပ်ရာတွင် အမြဲသိမ်းဆည်းသော ဒေသနေ မြေပိုင်ရှင်များ၏ မိသားစုများကို ဦးစားပေးခန့်အပ်ခဲ့ကြောင်း ဦးဖေဇင်ထွန်း၏ ပြောကြားချက်အရ သိရသည်။

**(သတင်းစဉ်)**

# မြေပြိုဆည်များကြောင့်ဖြစ်ပေါ် နိုင်သည့် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးမြေပြင်ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့နယ် ဟန်ကင်ကျေးရွာမှ ခုနစ်မိုင်အကွာခန့်ရှိ မြေပြိုဆည်အား ဆန်းစစ်လေ့လာရန်အတွက် မြေပြိုဆည်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မြေပြင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ဇန်နဝါရီ ၃၀ ရက်တွင် ကလေးမြို့မှ စတင်ထွက်ခွာ၍ ဖေဖော်ဝါရီ ၄ ရက်အထိ ကွင်းဆင်းဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့အား ချင်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့် ခေါင်းဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေတိုင်းဦးစီးဌာန၊ ဘူမိဗေဒဌာန(ကလေးတက္ကသိုလ်)၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန စုစုပေါင်း ဌာန ၁၂ ခုနှင့် ကျွမ်းကျင်ပညာရှင်များအဖွဲ့ (MGS၊ SUNTAC) နှင့် ဒေသဆိုင်ရာ လူမှုအဖွဲ့အစည်းများဖြစ်သည့် ကလေးလွင်ပြင်နှင့် ချင်းတွင်းလူငယ်ကွန်ရက်အဖွဲ့တို့မှ ကိုယ်စားလှယ်များ လိုက်ပါဆောင်ရွက်မည်ဖြစ်ပြီး စုစုပေါင်းအင်အား ၃၀ခန့်ဖြင့် သက်ဆိုင်ရာဌာနများအလိုက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ မြေပြိုဆည်၏ တည်နေရာနှင့် အရွယ်အစားဖော်ထုတ်ခြင်း၊ ဦးစားပေးဖြေရှင်းဆောင်ရွက်ရမည့် မြေပြိုဆည်များရွေးချယ်ခြင်း၊ ဆည်တစ်ခုချင်းအလိုက် ကျိုးပေါက်လာပါက သက်ရောက်နိုင်မည့် ဧရိယာ (Impact Area) တိုင်းတာခြင်း၊ အဆိုပါ ဧရိယာများအတွင်းရှိ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်အခြေအနေအား ဆန်းစစ်ခြင်းနှင့် သတင်းအချက်အလက်များ စုစည်းခြင်း၊ မြေပြိုဆည်တစ်ခုချင်း၏ ကျိုးပေါက်ပြိုပျက်နိုင်မှု အခြေအနေအား ဆန်းစစ်ခြင်းများဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိလာမည့် အချက်အလက်များအပေါ်အခြေခံ၍ မြေပြိုဆည်တစ်ခုချင်းအလိုက် ပြိုပျက်လာပါက ဖြစ်ပွားလာနိုင်သည့် ဘေးအန္တရာယ်များ လျော့နည်းသက်သာစေရန် ဆောင်ရွက်မည့် အစီအစဉ်များ (Mitigation Plan) ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ○ ရောဝတီအသင်းမှ

အမှားအယွင်းများခဲ့သောကြောင့် ပွဲအစတွင် နှစ်ဂိုးဆက်ပေးခဲ့ရသော်လည်း နိုင်ဂျီးရီးယား တိုက်စစ်မှူး ခရစ္စတိုဖာ၏ လေးပွဲဆက်ဂိုးသွင်းယူနိုင်မှုနှင့်အတူ အနိုင်ရခဲ့ခြင်းဖြစ်သည်။ လေးပွဲဆက်နိုင်ပွဲပျောက်ခဲ့သည့် ရန်ကုန်အသင်းမှာ ဖိအားများသွားပြီဖြစ်သည်။

ဧရာဝတီအသင်းမှာ နိုင်ငံခြားသားကစားသမားသုံးဦးကို အမာခံထားကာ မင်းမင်းသူ၊ ကျော်ဇေယျာဝင်း၊ သီဟဇော်၊ အောင်ကျော်နိုင်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ ရန်ကုန်အသင်းတွင် ဒဏ်ရာရနေသည့် ကျော်မင်းဦးနှင့် ကြည်လင်းတို့မှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ခင်မောင်လွင်၊ ကျော်ကိုကို၊ ရန်အောင်ကျော်၊ အက်ဒီဆင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ပုံမှန်ခြေတူသောကြောင့် ရုန်းကန်ခဲ့ရပြီး ဧရာဝတီခံစစ်ပိုင်းနှင့် အသင်းခေါင်းဆောင် မင်းမင်းသူတို့၏ အမှားမှ တစ်ဆင့် ရန်ကုန်အသင်း နှစ်ဂိုးဆက်ရရှိခဲ့သည်။ ဂိုးပေါက်ပျောက်နေသည့် တိုက်စစ်မှူး အက်ဒီဆင်က ငါးမိနစ်နှင့် ၁၅ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူခဲ့သည်။ ၃၉ မိနစ်တွင် ဧရာဝတီအသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့ပြီး ကျော်ဇေယျာဝင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် ဧရာဝတီအသင်းကချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၆၃ မိနစ်တွင် တိုက်စစ်မှူး ခရစ္စတိုဖာက ဒုတိယချေပဂိုး သွင်းယူခဲ့သည်။ သရေကျသွားပြီး နောက်ပိုင်းတွင် ဧရာဝတီအသင်း ကစားပုံပိုကောင်းလာပြီး အနိုင်ဂိုးကို ၇၇ မိနစ်တွင် ခရစ္စတိုဖာက သွင်းယူခဲ့သည်။ ဧရာဝတီအသင်းမှာ ပထမဆုံးနိုင်ပွဲကြောင့် တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်နိုင်ခဲ့သည်။

**ယနေ့ပွဲ**

| | | |
|---|---|---|
| (ဗထူးကွင်း) | ရတနာပုံ | - ရခိုင် |
| (အောင်ဆန်းကွင်း) | ဇွဲကပင် | - Southern |
| (သုဝဏ္ဏကွင်း) | ချင်းယူနိုက်တက် | - ဟံသာဝတီ |

**သတင်းနှင့်ဓာတ်ပုံ**
**ရှိုင်းထက်ဇော်**



# ကူးသန်းရောင်းဝယ်ရေး သဘောတူညီချက်များ ပြင်သစ်နှင့် အီရန်လက်မှတ်ရေးထိုး

**ပါရီ ဇန်နဝါရီ ၂၉**

ပြင်သစ်နိုင်ငံသို့ရောက်ရှိနေသော အီရန်သမ္မတ ဟက်ဆန်ရိုဟာနီသည် နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေး သဘောတူညီချက်အများအပြားကို ဇန်နဝါရီ ၂၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အီရန်သမ္မတတစ်ဦး ပြင်သစ်နိုင်ငံသို့ လာရောက်ခြင်းမှာ ၁၉၉၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။ အီရန်နှင့် ဥရောပနိုင်ငံတို့အကြား ပြန်လည်သင့်မြတ်လာသည့် လက္ခဏာတစ်ရပ်အဖြစ် ၎င်း၏ခရီးစဉ်ဖြစ်ပေါ်လာသည်။ အီရန်၏နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ယင်းနိုင်ငံအပေါ် ချမှတ်ခဲ့သော ဒဏ်ခတ်အရေးယူမှုများကို မကြာမီက အဆုံးသတ်ခဲ့သည်။

အီရန်နိုင်ငံသည် ဥရောပလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော အဲဘတ်စ်ကုမ္ပဏီထံမှ ခရီးသည်တင်လေယာဉ် ၁၄၄ စင်း ဝယ်ယူရန် ရည်မှန်းထားပုံကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

အီရန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံအကြား မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းတစ်ရပ်ကို ဖက်စပ်ထူထောင်ရန်လည်း ရည်မှန်းထားသည်။ ပြင်သစ်နိုင်ငံရှိ ပူဂျိုကားကုမ္ပဏီသည် အီရန်ရှိ ခိုဒရိုကားကုမ္ပဏီနှင့် ဖက်စပ်ဆောင်ရွက်မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံသို့ ရောက်ရှိနေသူ သမ္မတရိုဟာနီအား အီရန်အတိုက်အခံလှုပ်ရှားသူများက မြို့တော်ပါရီ၌ ကန့်ကွက်ဆန္ဒပြရန် စီစဉ်ထားသည်။

သမ္မတရိုဟာနီသည် သမ္မတ ဖရန်ဆွာဟော်လန်းနှင့် ဆီးရီးယားပြဿနာကို အလေးအနက်ပြုဆွေးနွေးမည်ဟုမျှော်လင့်ရသည်။

**ရိုက်တာ။**

## နိုင်ငံတော်လျှို့ဝှက်ချက်များ ခိုးယူမှုဖြင့် ကနေဒါနိုင်ငံသားတစ်ဦးအား တရုတ်နိုင်ငံ၌ စွဲချက်တင်

**တိုရွန်တို ဇန်နဝါရီ ၂၉**

၂၀၁၄ ခုနှစ်မှစ၍ ထိန်းသိမ်းခံထားရသော ကနေဒါနိုင်ငံသားတစ်ဦးကို တရုတ်အာဏာပိုင်များက နိုင်ငံတော်လျှို့ဝှက်ချက်များအားခိုးယူရန် သူလျှိုလုပ်မှုဖြင့် စွဲချက်တင်လိုက်ခြင်းနှင့် ပတ်သက်၍ ကနေဒါအစိုးရက အနီးကပ်စောင့်ကြည့်နေကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၂၈ ရက်တွင် ပြောကြားသည်။

ကနေဒါနိုင်ငံသား ကီဗင်ဂျရတ်သည် ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်းက မြောက်ကိုရီးယားနှင့် ထိစပ်နေသော တရုတ်နယ်စပ်အနီးတွင် ၎င်း၏ ဇနီးသည်နှင့်အတူ ဖမ်းဆီးခံခဲ့ရသည်။ ၎င်း၏ ဇနီးသည်ကိုလည်း လွန်ခဲ့သည့်နှစ်က ပြန်လွှတ်ပေးခြင်းမရှိမီ လပေါင်းများစွာ ထိန်းသိမ်းခဲ့သည်။

ကနေဒါနိုင်ငံသား ဂျရတ်ကို တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း တန်တုန်းမြို့တွင် စွဲချက်တင်ခဲ့သည်။ အဆိုပါမြို့တွင် ဂျရတ်သည် ၂၀၀၈ ခုနှစ်ကတည်းက ကော်ဖီဆိုင်တစ်ဆိုင် ဖွင့်လှစ်ခဲ့သူဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ ဂျရတ်သည် ကနေဒါနိုင်ငံမှ သူလျှိုလုပ်ငန်းအေဂျင်စီများနှင့် ချိတ်ဆက်ကာ တရုတ်နိုင်ငံတွင်းမှ လျှို့ဝှက်သတင်းများ စုဆောင်းပေးသည့် အထောက်အထားများကို ဖော်ထုတ်တွေ့ရှိရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကနေဒါနိုင်ငံသား ဂျရတ်သည် တရုတ်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံအကြား အထိအခိုက်မခံသည့် နယ်ခြားဒေသ၌ ခရစ်ယာန်ဘာသာရေးလှုပ်ရှားမှုများပြုခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားသည်။ ဘာသာရေးနှင့် သက်ဆိုင်သောလုပ်ဆောင်မှုများသည် ၎င်း၏အမှုနှင့် ပတ်သက်ခြင်းမရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ။**

## အာဖဂန်နစ္စတန်ရှိ နိုင်ငံတကာတပ်ဖွဲ့များအား ဦးဆောင်ရန် အမေရိကန်ဗိုလ်ချုပ်ကြီးကို ရွေးချယ်

**ဝါရှင်တန် ဇန်နဝါရီ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံတကာတပ်ဖွဲ့များ၏ တပ်မှူးသစ်အဖြစ် နေတိုးမဟာမိတ်ကြည်းတပ်ဖွဲ့များဌာနချုပ်၏ လက်ရှိအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီးဂျွန်မစ်နီကိုဆင်အား ရွေးချယ်လိုက်ကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်စစ်သွေးကြွများကို ချေမှုန်းတိုက်ခိုက်ရာတွင် တိုးတက်မှုမရှိသည့်အခြေအနေဖြစ်ပေါ်နေချိန်တွင် အမေရိကန်ကာကွယ်ရေးဌာန၏ ထုတ်ပြန်ကြေညာချက် ပေါ်ထွက်လာခဲ့သည်။

နီကိုဆင်သည် အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်ရေးဖြန့်ကြက်မှုအများအပြား ပြုလုပ်ခဲ့ဖူးသည့် ဝါရင့်တပ်မှူးကြီးတစ်ဦးဖြစ်သည်။ နီကိုဆင်သည် ဗိုလ်ချုပ်ကြီး ဂျွန်ကမ့်ဘဲ၏နေရာတွင် အစားထိုးမည်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးကမ့်ဘဲသည် လွန်ခဲ့သည့် ၁၈ လတာကာလအတွင်း အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့် နိုင်ငံတကာတပ်ဖွဲ့များကို ကြီးကြပ်ကွပ်ကဲခဲ့သူဖြစ်သည်။ ၎င်းသည် ရာထူးမှအနားယူမည်ဟု မျှော်လင့်ရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ စစ်ရေးရည်မှန်းချက် ပေါက်မြောက်ရေးအတွက် နီကိုဆင်စွမ်းဆောင်နိုင်မည်ဟု မျှော်လင့်ရကြောင်း အမေရိကန်ကာကွယ်ရေးဌာန ပြန်ကြားရေးအတွင်းဝန် ပီတာကွတ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**ရိုက်တာ။**

## ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ အဓိကအတိုက်အခံအဖွဲ့တက်ရောက်ရန် ပျက်ကွက်

**ဒမတ်စကတ် ဇန်နဝါရီ ၂၉**

ဆီးရီးယားအစိုးရနှင့် အစိုးရဆန့်ကျင်သည့် အဓိကအတိုက်အခံလက်နက်ကိုင်အဖွဲ့တို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိရန် ကုလသမဂ္ဂအဖွဲ့က ကြားဝင်ညှိနှိုင်းပေးမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဇန်နဝါရီ ၂၉ ရက်တွင် ကျင်းပရန်စီစဉ်ထားသော်လည်း အစိုးရ ဆန့်ကျင်လက်နက်ကိုင်အဓိကအဖွဲ့မှ ကိုယ်စားလှယ်များတက်ရောက်ခြင်း မရှိခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ဆော်ဒီအာရေဗျနိုင်ငံကို ခြေကုပ်ယူထားသော အစိုးရအတိုက်အခံအဖွဲ့ တက်ရောက်မှုပျက်ကွက်ခဲ့သော်လည်း အခြားသော အစိုးရဆန့်ကျင်အဖွဲ့မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့သည့်အတွက် ဆွေးနွေးပွဲကို ကုလသမဂ္ဂအဖွဲ့က စတင်ကျင်းပလျက်ရှိသည်။

ဆီးရီးယားသမ္မတ အာဆတ်ဦးဆောင်သည့် အစိုးရအဖွဲ့က ၎င်းတို့ထိန်းချုပ်ထားသော နယ်မြေများကို ပြန်လည်ရယူရန် တိုက်ခိုက်မှုများ အရှိန်မြှင့်နေသေးသရွေ့ ၎င်းတို့ကလည်း ငြိမ်းချမ်းရေးဆွေးနွေးမှုကို ပြုလုပ်မည်မဟုတ်ဟု အစိုးရဆန့်ကျင် အဓိကအဖွဲ့က ဆိုသည်။

အဓိကအတိုက်အခံအဖွဲ့မှ ကိုယ်စားလှယ်များတက်ရောက်ရန် ပျက်ကွက်ခဲ့သည့်အတွက် အတိုက်အခံအဖွဲ့များနှင့် အစိုးရအဖွဲ့တို့အကြား သီးခြားစီတွေ့ဆုံဆွေးနွေးရန် ကုလသမဂ္ဂအဖွဲ့အနေဖြင့် စီမံမှုများပြုလုပ်ဖွယ်ရှိသည်ဟု ရှုရှားထောက်ပံ့ထားသည့်အတိုက်အခံအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

အဆိုပါဆွေးနွေးပွဲကျင်းပနေချိန်တွင် ဆီးရီးယားနိုင်ငံအတွင်း အစိုးရအဖွဲ့နှင့် ဆန့်ကျင်ဘက်အဖွဲ့တို့အကြား အပြန်အလှန်တိုက်ခိုက်မှုများ ပြင်းထန်စွာဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

## ပေ ၄၀ ခန့်ရှိ ဝေလငါးကြီး မွမ်ဘိုင်းကမ်းခြေတွင် သောင်တင်သေဆုံး၊ ကရိန်းဖြင့်ဖယ်ရှားခဲ့ရ

**နယူးဒေလီ ဇန်နဝါရီ ၂၉**

ပေ ၄၀ ခန့်ရှည်လျားပြီး အလေးချိန်တန် ၂၀ ခန့်ရှိဝေလငါးကြီးတစ်ကောင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ဂျူဟူကမ်းခြေ၌ ဇန်နဝါရီ ၂၈ ရက်ညတွင် သောင်တင်သေဆုံးလျက်ရှိရာ ကရိန်းဖြင့် ဖယ်ရှားခဲ့ရသည်။



အဆိုပါ ဝေလငါးကြီး သောင်တင်သေဆုံးနေမှုကို ကမ်းခြေတွင် သွားလာလှုပ်ရှားနေသူများက မြင်တွေ့ခဲ့ပြီး သစ်တောဌာနသို့ အကြောင်းကြားခဲ့ပြီးနောက် ဝန်ချီကရိန်းဖြင့် ဖယ်ရှားခဲ့ရခြင်းဖြစ်သည်။

"ဝေလငါးကြီးမှာ ထိခိုက်ဒဏ်ရာရရှိတဲ့လက္ခဏာတော့ မတွေ့ရပါဘူး။ ဒါပေမယ့် ခွဲစိတ်စစ်ဆေးကြည့်ရပါဦးမယ်။ ကျွန်တော်တို့အနေနဲ့ ဝေလငါးကြီးရဲ့အရိုးစုကို မပျက်စီးအောင် ထိန်းသိမ်းသွားမှာပါ" ဟု မွမ်ဘိုင်းသစ်တောထိန်းသိမ်းစောင့်ရှောက်ရေးဌာနမှ မကာရန် ဘီ ဂေါ့ဒ်ကီ က ပြောကြားသည်။

အဆိုပါ ရောမဝေလငါးကြီးကို သစ်တောဌာနက ကရိန်းဖြင့် ဖယ်ရှားနေစဉ် လူများက စိတ်ဝင်တစားဖြင့် ဝိုင်းအုံကြည့်ရှုနေသည်ကို ဒေသခံရုပ်သံလိုင်းများက ရိုက်ကူးထုတ်လွှင့်ပြခဲ့သည်။

"ဒီငါးကြီးသေဆုံးရတာ အကြောင်းအမျိုးမျိုးရှိနိုင်ပါတယ်။ ရေထုညစ်ညမ်းမှုနဲ့ စက်ရုံတွေကစွန့်ထုတ်တဲ့ အညစ်အကြေးတွေကြောင့်လည်း သေဆုံးစေနိုင်သလို ပလတ်စတစ်ကို စားမိလို့လည်း သေနိုင်ပါတယ်။ ရောဂါတစ်ခုခုကြောင့် သေသွားခဲ့ရင်ငါးကြီးရဲ့ ခန္ဓာကိုယ်အပြင်ပိုင်းမှာ ဒဏ်ရာတွေ့ရမှာ မဟုတ်ပါဘူး" ဟု သန္တာကျောက်တန်း စောင့်ကြည့်လေ့လာရေးပညာရှင် အနီမက်ရှ်လီမာရီက ပြောကြားသည်။ **ဆင်ဟွာ။**

## ပြည်တွင်းရေးရာ

အိန္ဒိယနိုင်ငံ ဟိမဝန္တာမှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွာဘုရား၏ (အရိုး)ဓာတ်တော်အား ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ချမ်းသာကြီးတန်ဆောင်း၌ ကိန်းဝပ်စံပယ် အပူဇော်ခံလျက်ရှိရာ ဇန်နဝါရီ ၂၈ ရက် ညက ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူပြည်သူအပေါင်းတို့ စနစ်တကျ တန်းစီ၍ စည်ကားသိုက်မြိုက်စွာ လာရောက် ဖူးမြော်ကြည်ညိုသည်ကို တွေ့ရစဉ်။

မြင့်သန်းကြည်(ရွှေပြည်သာ)





# မြို့နယ်အချို့၌ လျှပ်စစ်ဓာတ်အားယာယီပြတ်တောက်မည်

နေပြည်တော် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်တို့အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် သဃ်န်းကျွန်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်အချို့၊ သုံးခွ၊ ခရမ်းမြို့နယ်များ၊ လှိုင်သာယာမြို့နယ်အတွင်းရှိ ရွှေလင်ဗန်းကျေးရွာ၊ အလယ်ရွာကျေးရွာ၊ အနောက်ပိုင်းတက္ကသိုလ်နှင့် စက်မှုဇုန်အချို့တို့တွင် ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီ မှ မွန်းလွဲ ၃ နာရီအတွင်း ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ သိရသည်။

(ကြေးမုံ)

# ကြေးမုံရွာတွင် ဆိုင်းဆရာကြီး စိန်ကြာပေါ်အထိမ်းအမှတ်ရုပ်တု လာရောက်လေ့လာနိုင်



မြင်းမူ ဇန်နဝါရီ ၂၉

လွတ်လပ်ပြီးစတစ်ခေတ် ဆိုင်းပညာလောကတွင် ထင်ရှားကျော်ကြားခဲ့သော ဆိုင်းဆရာများတွင် ဆိုင်းဆရာကြီးစိန်ကြာပေါသည်လည်း တစ်ယောက်အပါအဝင်ဖြစ်ခဲ့သည်။ စိန်ကြာပေါသည် ငယ်စဉ်ကတည်းက ဆိုင်းပညာများကို အခြေခံမှအစ ဆရာကြီးများထံတွင် ကျိုးနွံစွာ သင်ယူဆည်းပူးခဲ့သည်။ ထို့ကြောင့်လည်း ဆိုင်းပညာရည်ပြည့်ဝသော တပည့်ပေါင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့သော ရွှေတံဆိပ်ဆုရဆိုင်းပညာရှင်ကြီး တစ်ယောက်ဖြစ်ခဲ့သည်။

အနုပညာတာဝန်ကို အလင်္ကာကျော်စွာရွှေမန်းဦးတင်မောင်ကဲ့သို့ပင် သေသည်အထိထမ်းဆောင်ခဲ့သူဖြစ်သည်။ ဆိုင်းဆရာကြီးစိန်ကြာပေါသည် ကြေးမုံရွာအလှူပွဲတစ်ခုသို့လာရောက်ဖျော်ဖြေရင်း ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။အနုပညာတာဝန်ကို မသေဆုံးမီအချိန်ကလေးအထိ တင်ဆက်ဖျော်ဖြေနိုင်ခဲ့သူလည်းဖြစ်သည်။

ထို့ကြောင့် အမှတ်တရအနေဖြင့် ဤရွာမှာပင် အုတ်ဂူသွင်းကျောက်တိုင်စိုက်ကာရုပ်တုတို့ဖြင့် ယနေ့တိုင်ခန့်ညားစွာဖြင့် ထင်ထင်ရှားရှားတည်ရှိနေသည်ကို တွေ့ရှိရသည်။**(ဓါတ်ပုံ)**

ကြေးမုံရွာသူရွာသားများကလည်း ဆိုင်းဆရာကြီးစိန်ကြာပေါအား ဂုဏ်ပြုသောအားဖြင့် စနစ်တကျထိန်းသိမ်းထားသည်ကို တွေ့ရှိရသည်။ သို့ပါသောကြောင့် ဆိုင်းပညာနှင့် ပတ်သက်၍ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များကိုမှတ်တမ်းပြုစုလိုသူများ၊ ဆိုင်းပညာနှင့်ပတ်သက်၍ စာတမ်းပြုစုလိုသူများအတွက် အထောက်အပံ့ဖြစ်စေခြင်းငှာ ဖော်ပြလိုက်ရပါသည်။ သို့ဖြစ်ပါ၍ မုံရွာ-မန္တလေးကားလမ်းဘေးရှိ ကြေးမုံရွာအဝင်တွင် လာရောက်လေ့လာကြည့်ရှုနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(၆၂၄)

# ကောလာဟလသတင်းများ ဖြစ်ပေါ်နေခြင်းအား မီဒီယာများနှင့် တွေ့ဆုံရှင်းလင်း

ရွှေတောင် ဇန်နဝါရီ ၂၉

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ကလေးခိုးမှု ကောလာဟလသတင်းများ ပျံ့နှံ့နေမှုများနှင့် ပတ်သက်၍ ပြည်သူများ သိရှိနားလည်နိုင်ရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စဉ်မှန်များ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ ရက်က ရွှေတောင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ရွှေတောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းက လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြထားသောကလေးသူခိုးဖြစ်စဉ်များမှာ မဟုတ်မမှန် ကောလာဟလ သတင်းများသာဖြစ်ကြောင်း၊ မမှန်မကန် သတင်းများကို ပတ်ဝန်းကျင်များတွင် ရှင်းလင်းပြောပြသင့်ကြောင်းနှင့် ကောလာဟလသတင်းများကြောင့် လူ့အသက်ဆုံးရှုံးခဲ့ရသည်အထိ ရှိခဲ့ကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရွှေတောင်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးများ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၁၄၃)

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တည်ဆောက်ထားသော အဝေးပြေးယာဉ်ရပ်နားကွင်းများတွင် ယာဉ်များရပ်နားခြင်းမရှိဘဲ မြို့တွင်း ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်၌ ကားဂိတ်များဖွင့်ကာ ကားကြီးများ ညအိပ်ရပ်နားခြင်း၊ ခရီးသည်နှင့် ကုန်စည်များ အတင်အချပြုလုပ်ခြင်းနှင့် မြို့တွင်းခေါက်တို ပြေးဆွဲခြင်းတို့ကြောင့် မူဆယ်မြို့အတွင်း ကာလရှည် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားလျက်ရှိသည်ကို ဇန်နဝါရီ ၂၈ရက်က တွေ့ရစဉ်။ ဆရာမောင်(မူဆယ်)




# စာပေညီလာခံကိုယ်စားလှယ်ရွေးချယ်

သီပေါ ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် စာရေးဆရာအသင်း၏ မြို့နယ်မျက်နှာစုံညီအစည်းအဝေးနှင့် အသင်းအမှုဆောင်များ ဒုတိယအကြိမ် စာပေညီလာခံကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ပွဲကို သီပေါမြို့နယ် စာရေးဆရာ အသင်းရုံးခန်း၌ ဇန်နဝါရီ ၂၈ရက် နံနက် ၉ နာရီက ကျင်းပသည်။ အစည်းအဝေးသို့ သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဇော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဦးမျိုးသက်ပိုင်နှင့် စာရေးဆရာအသင်းဝင်များတက်ရောက်ကြပြီး အသင်း၏ အမှုဆောင်အစီရင်ခံစာဖတ်ကြားခြင်း၊ ဝေဖန်အတည်ပြုခြင်းတို့ကိုဆောင်ရွက်ကြသည်။

ထို့နောက် ဒုတိယအကြိမ်သက်တမ်းအတွက် အမှုဆောင်ကော်မတီနှင့် စာပေညီလာခံကိုယ်စားလှယ်အား အသင်းဝင်များက ဆန္ဒမဲပေးရွေးချယ်ကြရာ အသင်းဥက္ကဋ္ဌ ဦးလှမောင်လတ် (သီပေါကိုလတ်)၊ အတွင်းရေးမှူး ဦးမျိုးမြင့်(ကိုမျိုး၊ ရွှေနန်းတော်)၊ ဘဏ္ဍာရေးမှူး ဒေါ်နန်းခင်မြင့်ဌေး(ငုပန်းခိုင်၊ ပညာရေး) နှင့် စာပေညီလာခံကိုယ်စားလှယ်အဖြစ် အသင်းဥက္ကဋ္ဌ သီပေါကိုလတ်အား တညီတညွတ်တည်းရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရသည်။

ကိုနေ(သီပေါ)

# ရေကာတာအသစ်တည်ဆောက်မှုအတွက် တောင်သူများအား နစ်နာကြေးပေးအပ်

ညောင်တုန်း ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပါလှဲ့ကျေးရွာအုပ်စုတွင် ဆည်မြောင်းဦးစီးဌာန၏ ရေကာတာအသစ်တည်ဆောက်ပြုပြင်မှုတွင် တောင်သူများ၏ လယ်ယာမြေ၊ သီးနှံနှင့် နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေးငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ ရက် ညနေက ဆားမလောက်ကျေးရွာ ပန်းလှိုင်ရေတံခါး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးကျော်ဇေယျာတင့်(ဦးစီးအရာရှိ-မြို့ပြ)က ပါလှဲ့ကျေးရွာအုပ်စုအတွင်း ၂၀၀၇ ခုနှစ်က မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးသွားသော တာဝ၊ပါလှဲ့နှင့် ကုက္ကိုဝ ရေကာတာအား ဆည်မြောင်းဦးစီးဌာနမှ အသစ်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းတွင် ဒေါ်အသိန်းပါ တောင်သူ ၁၆ ဦးတို့၏ လယ်ယာမြေဧက ၁၂ ဒသမ ၅၄ ဧက၊ သီးနှံဧရိယာ ၃ ဒသမ ၈၀ ဧက၊ နေအိမ်အဆောက်အအုံ လေးလုံးတို့အတွက် နစ်နာကြေးငွေ ၂၂၁ သိန်းကျော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများကိုယ်စား ပါလှဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရွှေကျီးထံ ပေးအပ်သည်။

တာဝ၊ ပါလှဲ့ကျေးရွာ ရေကာတာ အသစ်ပြန်လည်ပြုပြင်တည်ဆောက်ခြင်းအားဖြင့် တောင်သူများ၏ စိုက်ပျိုးရေး ဧက ၉၅၇၁၈ ဧက နှင့် မွေးမြူရေးအတွက် ဧက ၁၃၆၅၇ ဧက စုစုပေါင်း ၁၀၉၃၇၅ ဧက အကျိုးပြုဖြစ်ထွန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

# မင်းတပ်မြို့နယ်ရှိ လေးကောင်းအုပ်စု မကြန့်ကျေးရွာတွင် ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်

မင်းတပ် ဇန်နဝါရီ ၂၉

ကျေးလက်နေပြည်သူများ လူမှုဘဝဖူလုံစေပြီး မိမိကိုယ်တိုင် အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်ခြင်းဖြင့် ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဆောင်ရွက်သည့် ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို မင်းတပ်မြို့နယ် လေးကောင်းအုပ်စု မကြန့်ကျေးရွာတွင် ဇန်နဝါရီ ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

ယင်းသင်တန်းဖြစ်မြောက်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မင်းတပ်မြို့ရှိ ဆိုင်ကယ်ဝပ်ရှော့ဆရာတစ်ဦးအား ငှားရမ်းထားကြောင်းနှင့် အဆိုပါသင်တန်းတွင် သင်တန်းသား ၃၃ဦးကို ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်နှင့် အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီက ကြီးမှူးကျင်းပသော ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီး ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အမျိုးသားပြိုင်ပွဲ၌ (၅၅)ကီလို၊ (၆၀)(၆၅) (၇၀) နှင့် (၇၅)ကီလို အထက်တန်းဟူ၍ ခွဲခြားထားပြီး အတန်းအသီးသီးတွင် ပထမရရှိသူများ Over All ပြန်လည်ယှဉ်ပြိုင်ပြီး ပြည်ထောင်စုမောင်ဆု ချီးမြှင့်မည်ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲတွင် ၅ ပေ ၃ လက်မအောက်နှင့် အထက်တန်းကို ဂျူနီယာနှင့် စီနီယာတန်းဟူ၍ ခွဲခြားထားပြီး သက်ကြီးတန်း အိမ်ထောင်ရှင်ပြိုင်ပွဲကိုလည်း ကျင်းပမည်ဖြစ်ကာ ပြည်ထောင်စုမယ်ဆု ချီးမြှင့်မည်ဖြစ်သည်။ ဇန်နဝါရီ ၃၀ ရက်တွင် စာရင်းနောက်ဆုံးပေးသွင်းရမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်ဆန်းအားကစားပြိုင်ကွင်း အထူးတန်းခန်းမ၌ နံနက် ၁၀ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို မေးမြန်းစုံစမ်းလိုပါက ဒေါ်မြမင်းမင်းမူ ဖုန်း-၀၉-၄၂၀၁၁၂၄၀၈ နှင့် ဦးကျော်ညီညီလွင် ဖုန်း-၀၉-၃၀၆၀၄၂၅၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ဘယ်ဈေးကွက်ထဲက ဘယ်လိုလူလဲ

ခင်မောင်ညို (ဘောဂဗေဒ)

ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စတော့ရှယ်ယာဈေးကွက်တွေ အပြိုင်အဆိုင်ပေါ်ပေါက်လာခဲ့တယ်။ ဒါပေမယ့် အဲဒီစတော့ရှယ်ယာဈေးကွက်တွေကနေ ဖွံ့ဖြိုးဆဲနိုင်ငံကလူတွေ ဘယ်လောက်အကျိုးရှိခဲ့ကြသလဲဆိုတဲ့ မေးခွန်းတစ်ခုကို မကြာခင်က ကျွန်တော်ဖတ်ခဲ့ရတယ်။

ဒီလိုပဲ ဖွံ့ဖြိုးဆဲနိုင်ငံတွေက ဈေးကွက်မှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေက ဈေးကွက်ထက် အကျိုးအမြတ်တွေ များများပိုရနိုင်တာနဲ့ နိုင်ငံကြီးတွေက ရင်းနှီးမြှုပ်နှံတဲ့သူတွေက သွားရည်ကျစရာဖြစ်တယ်။ ဒါပေမယ့် နိုင်ငံရေးအရ ထိခိုက်နိုင်စရာ၊ ငွေလဲနှုန်းအရထိခိုက်စရာ၊ စီးပွားရေးလောကရဲ့ အရှုံးအမြတ် ချက်ချင်းပြောင်းလဲသွားနိုင်တဲ့ သဘောတွေကိုလည်း အဲဒီရင်းနှီးမြှုပ်နှံတဲ့သူတွေကတစ်ဆင့် တွက်ကြပြန်တယ်။

အာရှဒေသရဲ့ နောက်ဆုံးဈေးကွက်အသစ်လို့ အပြောများကြတဲ့ မြန်မာနိုင်ငံကို နိုင်ငံတကာက စီးပွားရေးသမားတွေ၊ အသေအချာ စိတ်ဝင်စားခဲ့ကြတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း သိသိသာသာတိုးလာခဲ့တယ်။ ဒါပေမယ့် တစ်ဖက်မှာ ရင်းနှီးမြှုပ်နှံမှုမူဝါဒနဲ့ ပတ်ဝန်းကျင်အပြောင်းအလဲဖြစ်နိုင်တယ်ဆိုတာကိုလည်း ချင့်ချိန်နေကြတာတွေ့ရပါတယ်။

ဒီလိုဆိုရင် မြန်မာဈေးကွက်ဟာ ဘယ်လိုဈေးကွက်လဲ။ ကိုယ်ကရော ဘယ်လိုရင်းနှီးမြှုပ်နှံသူလဲ။ အခုပေါ်ပေါက်လာတော့မယ့် စတော့ရှယ်ယာဈေးကွက်ထဲကို ဘယ်လိုရင်းနှီးမြှုပ်နှံတဲ့သူပုံစံနဲ့ ဝင်မလဲ။

**နွားသိုးဈေးကွက်လား**

စီးပွားရေးအဆောက်အအုံကြီးတစ်ခုလုံး အခြေအနေကောင်းနေတယ်။ စုစုပေါင်းပြည်တွင်းထုတ်ကုန်ကလည်း တိုးတက်နေတယ်။ လူတွေ အလုပ်အကိုင်ရကြတယ်။ စတော့ရှယ်ယာဈေးတွေကလည်း တက်နေတယ်။ ဘယ်ကုမ္ပဏီရဲ့ စတော့ရှယ်ယာကို ဝယ်မယ်ဆိုပြီး ရွေးချယ်ရတာသိပ်မခက်ခဲဘူး။ ကုမ္ပဏီတွေအားလုံးက အခြေအနေကောင်းနေတာကိုး။

ဒါပေမယ့် အခုလို နွားသိုးဈေးကွက်ဟာလည်း ကြည့်ရှည်မခံဘူး။

**စတော့ရှယ်ယာဈေးနှုန်းတွေဟာ ဖြစ်သင့်ဖြစ်ထိုက်တာထက် အဆမတန်များနေတတ်တဲ့အန္တရာယ် ရှိတယ်။ အဆမတန်များနေရင် အချိန်မရွေး ပြုတ်ကျနိုင်တယ်။**

စတော့ရှယ်ယာဈေးနှုန်းတွေဟာ ဖြစ်သင့်ဖြစ်ထိုက်တာထက် အဆမတန်များနေတတ်တဲ့အန္တရာယ် ရှိတယ်။ အဆမတန်များနေရင် အချိန်မရွေး ပြုတ်ကျနိုင်တယ်။

လူတစ်ယောက်က သိပ်ပြီးအကောင်းမြင်လွန်းနေရင်၊ စတော့ရှယ်ယာဈေးတွေ တက်တော့မယ်လို့ ထင်နေရင် သူ့ကိုလည်း နွားသိုးနဲ့ နှိုင်းလေ့ရှိပါတယ်။ မြန်မာစကားမှာ နွားသိုးကြိုးပြတ်ဆိုတဲ့ စကားတစ်ခုလည်းရှိတယ်။ သူ့ရဲ့ ရှုမြင်သုံးသပ်ပုံကိုလည်း နွားသိုးဆန်တယ်လို့ ပြောလို့ ရပါတယ်။

**ဝက်ဝံဈေးကွက်**

စီးပွားရေးအခြေအနေက ဆုတ်ယုတ်ကျဆင်းနေတယ်။ စတော့ရှယ်ယာဈေးတွေလည်းကျတယ်။ ဘယ်ကုမ္ပဏီရဲ့ စတော့ရှယ်ယာဝယ်ရင်အကျိုးရှိမလဲဆိုတာ စဉ်းစားရ၊ ရွေးချယ်ရတာခက်တယ်။ ဒါဆိုဘာလုပ်မလဲ။ တစ်နည်းကတော့ ဘေးထွက်ထိုင်ပြီး ဝက်ဝံဈေးကွက်ရပ်သွားခါနီးအထိ စောင့်မယ်။ တစ်နည်းအားဖြင့် နွားသိုးဈေးကွက်စပြီလို့ ယူဆတဲ့အချိန်ထိစောင့်မယ်။ စတော့ရှယ်ယာဈေးနှုန်းတွေကျတော့မယ်လို့ ထင်နေတဲ့သူတွေ၊ အဆိုးမြင်တဲ့သူတွေကိုလည်း ဝက်ဝံလို့ တင်စားလေ့ရှိပြီး သူတို့ရဲ့ ဈေးကွက်အမြင်ကို ဝက်ဝံဆန်တယ်လို့ ပြောလေ့ရှိပါတယ်။

**ကြက်တွေ-ဝက်တွေ**

ကြက်တွေက သိပ်ကြောက်တတ်ကြတယ်။ တစ်စုံတစ်ခုဆုံးရှုံးသွားမှာကို သိပ်စိုးရိမ်တတ်ကြတယ်။ တစ်ခုခုအကျိုးအမြတ်ရမှာထက် ဆုံးရှုံးမှာကို စိုးရိမ်တဲ့စိတ်က လွှမ်းမိုးထားတယ်။ စွန့်စားရတာမျိုးမလုပ်ဘူး။ အေးအေးဆေးဆေး ပုံမှန်ရတာလေးလောက်နဲ့ ကျေနပ်တတ်ကြတယ်။ အိပ်မပျော်စရာရင်းနှီးမြှုပ်နှံမှုတွေကို မလုပ်သင့်တာကောင်းမွန်ပေမယ့် မစွန့်စားရင်လည်း ဘာအကျိုးအမြတ်မှ ရမှာမဟုတ်ဘူး။

ဝက်တွေက အချိန်တိုအတွင်း ချမ်းသာချင်တယ်။ နာမည်ကြီးတာတွေကို သေသေချာချာမစုံစမ်းဘဲ လိုက်ဝယ်တယ်။ စိတ်မရှည်ဘူး။ ဘောဘကြီးတယ်။ စိတ်လှုပ်ရှားလွယ်တယ်။ အရမ်းစွန့်စားတယ်။ သူတို့ရောင်းတာဝယ်တာကို အကျိုးဆောင်တွေ၊ ပွဲစားတွေကသိပ်ကြိုက်ပေါ့။ ပြီးတော့ သူတို့ရှုံးလေ၊ ဝက်ဝံတွေ၊ နွားသိုးတွေ အကျိုးရှိလေပဲ။

**ကိုယ်ဘယ်သူလဲ**

တကယ်တော့ ကိုယ်နားမလည်တဲ့အလုပ်၊ ကိုယ်အဆင်သင့်မဖြစ်သေးတဲ့ အလုပ်ဆိုမလုပ်သင့်ဘူး။ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမြှုပ်နှံပုံ မတူကြဘူး။ နွားသိုးတို့၊ ဝက်တို့က ဈေးကွက်အလှည့်အပြောင်းမှာ တစ်လှည့်စီ စားရတယ်။ ကြက်ကနည်းနည်းတော့ စားရတယ်။ "နွားသိုးတို့၊ ဝက်ဝံတို့ စားဖို့အရေး ဝက်က အသတ်ခံရတယ်"ဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။ ။

# တီဘီရောဂါ ပညာပေးနှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် တီဘီရောဂါသည် တစ်နှစ်လျှင် လူဦးရေကိုးသန်းခန့်ဖြစ်ပွားနေပြီး ၁ ဒသမ ၅ သန်းခန့် သေဆုံးနေပါသည်။ စက္ကန့် ၂၀ လျှင် တစ်ဦးနှုန်းဖြင့် သေဆုံးလျက်ရှိပါသည်။ တီဘီရောဂါရှိသူ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ သလိပ်၊ တံတွေးမှတစ်ဆင့်ရောဂါများ လေထဲတွင် ပျံ့နှံ့ပြီး ရှူမိသူများအား ကူးစက်နိုင်ပါသည်။ အသက်အရွယ်မရွေး လူတိုင်းတွင် ဖြစ်ပွားနိုင်ပါသည်။ အဆုတ်တွင် အများဆုံးဖြစ်ပွားပြီး ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်ပွားနိုင်ပါသည်။ ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် အာဟာရချို့တဲ့သူများတွင် အဖြစ်များပါသည်။

တီဘီရောဂါလက္ခဏာများမှာ နှစ်ပတ်ကျော် ချောင်းဆိုးခြင်း၊ ချောင်းဆိုးလျှင် သွေးပါခြင်း၊ သလိပ်ပါခြင်း၊ အစားအသောက်ပျက်ခြင်း၊ တဖြည်းဖြည်းပိန်လာခြင်း၊ ဖျားပြီး ညအခါ ချွေးအလွန်ထွက်ခြင်းနှင့် ရင်ဘတ်အောင့်ခြင်းတို့ ဖြစ်ပါသည်။

တီဘီရောဂါသည် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်နိုင်သဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) မိမိကိုယ်တိုင် နှစ်ပတ်ကျော်ချောင်းဆိုးနေပါက နီးစပ်ရာကျန်းမာရေးဌာန၊ ပြည်သူ့ဆေးရုံ၊ ဆေးပေးခန်းများတွင် သလိပ်စစ်ဆေးပါ။

(၂) မိမိပတ်ဝန်းကျင်မှ ချောင်းဆိုးနေသူများကိုလည်း သလိပ်စစ်ဆေးဖြစ်အောင် စည်းရုံးတိုက်တွန်းကူညီဆောင်ရွက်ပေးကြပါ။

(၃) တီဘီရောဂါဖြစ်လျှင် ကြောက်စရာမလိုပါ။ ဆေးကုသမှုကာလပြီးဆုံးသည်အထိ နေ့စဉ်မှန်မှန် စနစ်တကျဆေးသောက်ပါက အမှန်တကယ် ရောဂါပျောက်ကင်းမည်ဖြစ်ပါသည်။

(၄) ကျန်းမာရေးဌာနတိုင်းတွင် သလိပ်စစ်ဆေးနိုင်ပြီး တီဘီရောဂါပျောက်ကင်းသည်အထိ အခမဲ့ကုသပေးလျက်ရှိပါသည်။

(၅) တီဘီရောဂါကာကွယ်ရန် ရင်သွေးငယ်များအား ဘီစီဂျီကာကွယ်ဆေးကို မပျက်မကွက် ထိုးပေးပါ။ အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။ သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။ ချောင်းဆိုး၊ နှာချေလျှင် နှာခေါင်းနှင့်ပါးစပ်ကို လုံအောင်ပိတ်ပါ။ သလိပ်နှင့်တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှ ရှောင်ကြည်ပါ။ အရက်၊ ဆေးလိပ်သောက်ခြင်း(လုံးဝ) ရှောင်ကြည်ပါ။

(၆) တီဘီရောဂါဖြစ်ပွားသူများ ကုသမှုကာလပြီးဆုံးသည်အထိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဘုတလင်မြို့နယ် ညောင်ကန်နှင့် အုတ်အိုင်ကျေးရွာအနီး ကြေးခေတ်ယဉ်ကျေးမှုကို ပြင်သစ်ပညာရှင်များနှင့်အဖွဲ့က နေရာခြောက်ခု၌ တူးဖော်သုတေသနပြုလျက်ရှိ

**မုံရွာ ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာနှင့် အုတ်အိုင်ကျေးရွာအနီး ကြေးခေတ်ယဉ်ကျေးမှုကို ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှစ၍ နေရာခြောက်နေရာတွင် တူးဖော်သုတေသနပြုလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ကြေးခေတ်ယဉ်ကျေးမှုတူးဖော်ရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးဌာနခွဲတို့မှ ဝန်ထမ်းများ၊ ပညာရေးဝန်ကြီးဌာန ရှေးဟောင်းသုတေသနပညာဌာနမှ ဆရာဆရာမများနှင့် ပြင်သစ်နိုင်ငံ ရှေးဟောင်းသုတေသနပညာရှင် Dr.Thomas Oliver Pryce ဦးဆောင်သော ပညာရှင်ရှစ်ဦးတို့က ပူးပေါင်းတူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ညောင်ကန်ကျေးရွာနှင့် အုတ်အိုင်ကျေးရွာဒေသအနီး ကြေးခေတ်ယဉ်ကျေးမှု သုတေသနပြုရာတွင် ညောင်ကန်တူးဖော်မှု သုံးနေရာနှင့် အုတ်အိုင်တူးဖော်မှု သုံးနေရာ စုစုပေါင်းခြောက်နေရာကို တူးဖော်သုတေသနပြုလျက်ရှိသည်။ ကြေးခေတ်ယဉ်ကျေးမှုအမွေအနှစ်များမှာ လယ်မြေယာမြေများအောက်တွင်ရှိနေသဖြင့် ဒေသတွင်း ထွန်ယက်စိုက်ပျိုးမှုများ၊ မြေယာအနေအထားများကို ထိန်းသိမ်းထားရှိရန် လိုအပ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီးဌာနခွဲတာဝန်ရှိသူထံမှ သိရသည်။

ညောင်ကန်တူးဖော်မှုတွင် လူအရိုးများနှင့်အတူ မြှုပ်နှံထားသော အိုးခွက်များ၊ ပုတီးစေ့များ၊ ကျောက်ကွင်းများ၊ ကျောက်ကွင်းအပိုင်းပြားများနှင့် ကျောက်လက်နက်များ တွေ့ရှိရကြောင်း သိရသည်။ အဆိုပါညောင်ကန်ကျေးရွာနှင့် အုတ်အိုင်ကျေးရွာဒေသရှိ ကြေးခေတ်ယဉ်ကျေးမှု သုတေသန တူးဖော်ရေးလုပ်ငန်းများကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၁၉၉၈ ခုနှစ်မှစတင်၍ တူးဖော်ခဲ့ပြီး မြန်မာနိုင်ငံသမိုင်းကြေးခေတ်ယဉ်ကျေးမှု အထောက်အထားများကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အရှေ့တောင်အာရှရှိ အိမ်နီးချင်းနိုင်ငံများ ကြေးခေတ်ယဉ်ကျေးမှုဓလေ့နှင့် ကွဲပြားခြားနားသည့် မြန်မာနိုင်ငံ၏ ကြေးခေတ်ယဉ်ကျေးမှုဓလေ့သည် မြန်မာ့သမိုင်းတွင် ရှိခဲ့သည့် ကျောက်ခေတ်ယဉ်ကျေးမှုကဲ့သို့ စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲလာသော အစဉ်အလာအတိုင်း ကူးပြောင်းခဲ့သည်ဟု ယူဆနိုင်သလို ယခုလက်ရှိတူးဖော်တွေ့ရှိသော အထောက်အထားများကို တူးဖော်ရေးအဖွဲ့မှ သတ္တဗေဒ၊ မနုဿဗေဒ စသည့် ပညာရှင်များက ရှုထောင့်အသီးသီးမှ လေ့လာသုတေသနပြုကြမည်ဖြစ်ပြီး ညောင်ကန်ကြေးခေတ်ယဉ်ကျေးမှုသက်တမ်းကိုလည်း သိရှိနိုင်ရန် သိပ္ပံနည်းပညာများဖြင့် ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ သတင်းများအရ ညောင်ကန်နှင့် အုတ်အိုင်ဒေသရှိ ကြေးခေတ်ယဉ်ကျေးမှုဒေသကြီးသည် အရှေ့တောင်အာရှတွင် အကြီးဆုံးသော ကြေးခေတ်ယဉ်ကျေးမှုနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

ဝဝဝ

# အဝေးသင် သင်ကြားရေးနှင့် သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၂၉**

အင်ဒိုနီးရှားနိုင်ငံ Surabaya မြို့တွင် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိကျင်းပမည့် အာဆီယံ အဝေးသင်တက္ကသိုလ်ငါးခု (Five Open University-OU5)၏ အဝေးသင်သင်ကြားရေးနှင့် သုတေသနဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံကိုယ်စားပြု အဝေးသင်တက္ကသိုလ်ပါမောက္ခ ဒေါက်တာသဇင်လွင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့်အာဆီယံ အဝေးသင်တက္ကသိုလ်ငါးခု (Five Open University-OU5)တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်းတို့ဖြင့် ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း ပူးပေါင်းပါဝင်နိုင်ရန် ယခုကဲ့သို့ အစည်းအဝေးတက်ရောက်ခြင်းဖြစ်သည်။

ယင်းသို့တက်ရောက်ခြင်းဖြင့် နိုင်ငံတကာဥပဒေ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းရှုထောင့်အမြင်နှင့် အဝေးသင်တက္ကသိုလ်များ၏ သင်ကြားရေးစနစ်များဆိုင်ရာ နိုင်ငံတကာဗဟုသုတများကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

**(စောသိန်းဝင်း)**

စာပေမြင့်မှ လူမျိုးတင့်မည်

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သတင်းမီဒီယာများအားတွေ့ဆုံ





**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် မီဒီယာခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားသည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အတွင်းရေးမှူးဦးစောလှထွန်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် ၄၄ ခုတို့မှ အယ်ဒီတာနှင့် သတင်းထောက်စုစုပေါင်း ၁၁၉ ဦး တက်ရောက်ကြသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ **လွှတ်တော်သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်း**ကို ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၈)ဦးက အကြံပြုဆွေးနွေးကြသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်**က ဒီမိုကရေစီစနစ်သည် အများသဘောတူတိုင်းမှန်သည်ဟု တစ်ထစ်ချယုံကြည်၍ မရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ငါးနှစ်တာ သက်တမ်းကာလအတွင်း ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အထူးကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ လွှတ်တော်အတွင်း အပြိုင်အဆိုင် ဆွေးနွေးငြင်းခုံကြသော်လည်း ဆွေးနွေးမှုပြီးမြောက်ပါက ချစ်ခင်စည်းလုံးမှု မပျက်သည့်အပြင် အမျက်ထားသိုခြင်းမရှိသည်ကို ချီးကျူးပါကြောင်း၊ လွှတ်တော်၏တာဝန်ကို ကော်မတီအသီးသီးဖွဲ့စည်းဆောင်ရွက်ခြင်းသည် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှုစနစ်ထဲတွင် ပါဝင်ပါကြောင်း၊ ဥပဒေပြုရေးကဏ္ဍတွင် လွှတ်တော်နှစ်ရပ် အပြန်အလှန်ထိန်းကျောင်းမှုရှိသည့်အတွက် သဘောကွဲလွဲမှုများရှိသော်လည်း အကောင်းဆုံးအဖြေထွက်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။



**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကျင်းပစဉ်။**
(သတင်းစဉ်)

ဆက်လက်၍ **ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒာကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ဒင်၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်**တို့က အကြံပြု ပြောကြားကြသည်။

ယင်းနောက် **ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်း**က လွှတ်တော်လုပ်ငန်းများ အပါအဝင် မည်သည့်အဖွဲ့အစည်း၏ လုပ်ငန်းမဆို လုပ်ငန်းအောင်မြင်တိုးတက်စေရေးအတွက် လိုက်နာရမည့် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ မှန်ကန်ပြည့်စုံအားကောင်းရန်နှင့် အချိန်မီဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ အကောင်အထည်ဖော်ရမည့် ပုဂ္ဂိုလ်များအနေဖြင့် ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာရန်နှင့် လုံ့လဝီရိယရှိရန်လည်း လိုအပ်ပါကြောင်း၊ ပထမအကြိမ်လွှတ်တော်များအနေဖြင့်လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများ မှန်ကန်ပြည့်စုံစေရန် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ လွှတ်တော်အသစ်များမှ တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့် လျော်ညီသည့် ဥပဒေများကို ဆက်လက်ပြဋ္ဌာန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ် လွှတ်တော်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြရာတွင် အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ကြသော်လည်း လိုအပ်ချက်နှင့် အားနည်းချက်များ ရှိနိုင်ပါကြောင်း၊ လွှတ်တော်သက်တမ်းကာလအတွင်း အမှန်နှင့်အမှားသင်ခန်းစာများလည်း ရရှိနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# အချက်ပြမီးပွိုင့်နှစ်ခု ထပ်တိုးတပ်ဆင်

**မြင်းခြံ ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့သည် ခရိုင်ရုံးစိုက်ရာမြို့ကြီးဖြစ်သည်။ ထို့အပြင် မြင်းခြံမြို့သည် ဧရာဝတီမြစ်ကမ်းအနီးတွင်ရှိသဖြင့် ရေလမ်း၊ ကုန်းလမ်းများဖြင့်လည်း အလွယ်တကူ လာရောက်နိုင်ကြသည်။ ထို့ကြောင့် ဒေသအသီးသီးမှ ကုန်သည်၊ ပွဲစား၊ တောင်သူလယ်သမားများ၊ ဈေးရောင်းသူ၊ ဈေးဝယ်သူများဖြင့် စည်ကားပြီး လာရောက်ကြသူများနှင့် ဒေသခံပြည်သူများမှာ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် သွားလာကြသည်။

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် သွားလာရာ၌ မြို့တွင်း တွင် ယခင်က အချက်ပြမီးပွိုင့်တစ်ခုသာ တပ်ဆင်ထားရှိခဲ့သည်။ ယခုအခါ ခရိုင်မြို့ကြီးနှင့်အညီ အချက်ပြမီးပွိုင့်နှစ်ခုကို လူစည်ကားရာ သွားလာမှုအများဆုံးနေရာ၊ လမ်းဆုံဖြစ်သောနေရာတွင် ထပ်တိုးတပ်ဆင်ခဲ့သည်။ ယခုကဲ့သို့ အချက်ပြမီးပွိုင့်များ တပ်ဆင်ပေးသဖြင့် ယာဉ်ကြောင့်ဖြစ်သောအန္တရာယ်များ လျော့နည်းခဲ့သည်။ ယခုလို အချက်ပြမီးပွိုင့်များ တပ်ဆင်မှုကို ယာဉ်မောင်းသူများက ကြိုက်သူရှိသလို မကြိုက်သူများလည်း ရှိကြသည်။ ကြိုက်ကြသူများမှာ အန္တရာယ်ကင်းသဖြင့် ကြိုက်ကြကြောင်း၊ မကြိုက်သူများမှာ မီးနီနေသည့် အချိန်အနည်းငယ်ကို စောင့်နေရခြင်း၊ အချက်ပြမီးပွိုင့်၏ သဘောသဘာဝကို မသိရှိခြင်းတို့ကြောင့် ဖြစ်သည်။



ထိုသို့ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် လုပ်ဆောင်နေမှုများကို မြို့နယ်ယာဉ်ထိန်း ရဲတပ်ဖွဲ့မှူးကလည်း မိမိတို့ယာဉ်ထိန်းအဖွဲ့အနေဖြင့် ယာဉ်မောင်းသူများအား အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ဟောပြောပွဲများ ဟောပြောခြင်းတို့ကို လုပ်ဆောင်ပေးနေကြောင်း ပြောကြားခဲ့သည်။

ယခုကဲ့သို့ အချက်ပြမီးပွိုင့်များ တိုးချဲ့တပ်ဆင်ခြင်း၊ ယာဉ်ထိန်းအဖွဲ့မှ ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ပြည်သူများ သိရှိနားလည်လိုက်နာပါက ယာဉ်ကြောင့်ဖြစ်သော အန္တရာယ်များ လျော့နည်းသွားမည် ဖြစ်သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**ဘားအံ ဇန်နဝါရီ ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးကျော်သူညွှန့်နှင့် ဝန်ထမ်းများသည် မိုးပွင့်အထူးအပိုင်း(၂)စီမံချက်ဖြင့် ကျေးရွာများသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်က ဘားအံမြို့နယ် ကျုံမသွယ်ကျေးရွာအုပ်စုမှ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူပေါင်း ၈၆ ဦး၊ ဇန်နဝါရီ ၂၅ ရက်က ဘားအံမြို့နယ် မိဖိုင်းကျေးရွာအုပ်စုတွင် ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူပေါင်း ၈၁ ဦး စုစုပေါင်း ၁၆၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မောင်စော(ပြန်/ဆက်)**

# ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၂၉ ရက်ထုတ် ကြေးမုံသတင်းစာ ရှေ့ဖုံးတွင် ဖော်ပြခဲ့သော သမ္မတမိန့်ခွန်းပြောကြား သတင်း၌ တက်ရောက်သူများစာပိုဒ်မှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြငြိမ်း ဟုဖော်ပြခဲ့မှုအား ဦးမြသိန်းဟု ပြင်ဆင်ဖတ်ရှုပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**စာတည်းမှူးချုပ်(သတင်းစဉ်)**

❒ **ရွှေဖုံးမှ**

မည်မျှဖွံ့ဖြိုးလာသနည်းဆိုသည့်အမေးကို ဦးစွာစဉ်းစားကြည့်မိရာ ဆန်ရေစပါးပေါကြွယ်ဝပြီး အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသည့် ဧရာဝတီသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့နှင့်အပြိုင် မြင့်မားလျက်ရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးရေးအတွက်ဆိုရာမူ လျှပ်စစ်မီးကဏ္ဍသည် အလွန်အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပြီး လျှပ်စစ်မီးလုံလောက်စွာပေးဝေနိုင်မှသာ အခြားသော လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ သတင်းအချက်အလက်နည်းပညာနှင့် လူမှုဘဝမြင့်မားမှုများအတွက် အထောက်အကူဖြစ်နိုင်လိမ့်မည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုအားဖြင့် မြို့ပေါင်း ၃၃ မြို့နှင့် ကျေးရွာပေါင်း ၇၃၉ ရွာကို လျှပ်စစ်မီးပေးနိုင်ခဲ့ပြီး ယင်းမြို့ရွာများတွင် နေထိုင်သည့် လူဦးရေ နှစ်သိန်းကျော်ခန့်သည် လျှပ်စစ်မီး၏ အကူအညီဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့် ကိစ္စအဝဝတို့ကို ချောမွေ့စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

**မူလအခြေအနေနှင့် နှိုင်းယှဉ်ကြည့်သည့်အခါ ၂၀၁၁ ခုနှစ် မတိုင်မီက ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့ပေါင်း ၂၇ မြို့နှင့် ကျေးရွာပေါင်း ၁၈၀ ကိုသာ လျှပ်စစ်မီးပေးဝေနိုင်ခဲ့သဖြင့် ငါးနှစ်တာကာလအတွင်း မြို့ခြောက်မြို့နှင့် ကျေးရွာ ၅၅၉ ရွာကို တိုးမြှင့်ကာ လျှပ်စစ်မီးပေးအပ်နိုင်ခဲ့ခြင်းကြောင့် ဒေသဖွံ့ဖြိုးမှုပိုမိုမြန်ဆန်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ခန့်မှန်းရသည်။**

"နိုင်ငံတော် ဓာတ်အားစနစ်တင်သာမကပါဘူး။ မြို့ပြရော ကျေးလက်နေလူတန်းစားတွေအားလုံး အဆင်ပြေစေဖို့အတွက် အခြားနည်းလမ်းပေါင်းစုံကနေလည်း လျှပ်စစ်ဓာတ်အားထုတ်ယူပြီး ဒေသခံတွေ လျှပ်စစ်အလင်းရောင်ရရှိစေဖို့ ကြိုးပမ်းထားတာရှိပါတယ်။ ဓာတ်အားခွဲစက်ရုံခွဲတွေ၊ ပင်မ မဟာဓာတ်အားလိုင်းတွေ တိုးလာတာနဲ့အမျှ တစ်မြို့ပြီးတစ်မြို့၊ တစ်ရွာပြီးတစ်ရွာ လင်းချင်းလာလိုက်တာ အခုဆိုရင် ဧရာဝတီတိုင်းဒေသကြီးမှာ မြို့နယ် ၂၆ မြို့၊ မြို့နယ်ခွဲ ၁၃ မြို့ စုစုပေါင်း ၃၉ မြို့ရှိတဲ့အနက် မြို့နယ်ခွဲအနည်းငယ်သာ မီးရဖို့လိုပါတော့တယ်"ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံတော်ဓာတ်အားလိုင်းအပြင် ထိုကဲ့သို့ မပေးနိုင်သေးသည့် ကျေးရွာများအတွက် အခြားနည်းလမ်းများဖြင့် လျှပ်စစ်မီးရယူသုံးစွဲလျက်ရှိကြသည်ကိုလည်း မြင်တွေ့ရသည်။ ဒီဇယ်မီးစက်ဖြင့် မီးလင်းသည့်ကျေးရွာ ၄၄၄၈ ရွာ၊ ဇီဝလောင်စာဖြင့် မီးလင်းသည့် ကျေးရွာ ၁၇ ရွာ၊ စပါးခွံလောင်စာစနစ်ဖြင့် မီးလင်းသည့် ကျေးရွာ ၅၁၁ ရွာ၊ နေရောင်ခြည်စနစ်ဖြင့် မီးလင်းသည့်ကျေးရွာ ၉၄၆ ရွာ၊ အသေးစားရေအားနှင့် လေအားစနစ်ဖြင့် မီးလင်းသည့်ကျေးရွာ ၁၆ ရွာရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

**ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးတွင် ကျေးရွာပေါင်း ၇၃၉ ရွာတွင် လျှပ်စစ်မီးရရှိခဲ့ပြီး ၅၉၃၈ ရွာသည် အခြားနည်းလမ်းများဖြင့် လျှပ်စစ်မီးကို ရရှိလာနိုင်သော်လည်း မီးလင်းရန် ကျေးရွာပေါင်း ၅၂၄၀ အထိ ကျန်နေသေးသည်ကို တွေ့ရသည်။**

ကျန်ရှိနေသေးသည့် ကျေးရွာများနှင့် မြို့နယ်ခွဲများတွင် လျှပ်စစ်မီးရရှိစေရေးအတွက် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းအပါအဝင် ဓာတ်အားခွဲရုံများနှင့် ဆက်စပ်ဓာတ်အားလိုင်းဖြစ်သည့် ၆၆ ကေဗွီ ပုသိမ်-ငရုတ်ကောင်း-ငပြေမ ဓာတ်အားလိုင်းတို့ကို တည်ဆောက်ခဲ့ရာ ယခုငါးနှစ်အတွင်း မြို့များသာမက ကျေးရွာများအထိပါ လျှပ်စစ်မီးပေးအပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငါးနှစ်အတွင်း လျှပ်စစ်မီးရရှိနိုင်ရေးအတွက် စီမံကိန်းငါးခုကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ပထမဆုံးအနေဖြင့် ၂၃၀ ကေဗွီ အသုတ်-ပုသိမ် မဟာဓာတ်အားလိုင်း အရှည်မိုင် ၃၀ ဒသမ ၂၅ ကို ၂၀၁၃ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေဖြင့် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ဓာတ်အားစတင်ပို့လွှတ်နိုင်ခဲ့ပြီဖြစ်သည်။

ထို့အပြင် ရရှိလာသည့် ဓာတ်အားများကို စနစ်တကျမျှဝေသုံးစွဲနိုင်ရေးအတွက် အသုတ်ဓာတ်အားခွဲရုံတွင် Switch Bay တိုးချဲ့တည်ဆောက်ခြင်းနှင့် ပုသိမ်ပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းများကို ဒုတိယမြောက်စီမံကိန်းအဖြစ် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် အကောင်အထည်ဖော်ခဲ့ခြင်းကြောင့် ဓာတ်အားများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖြန့်ဖြူးနိုင်ခဲ့သည်။

ထိုကဲ့သို့ တိုးချဲ့တည်ဆောက်ထားသည့် ဓာတ်အားခွဲရုံများမှ ဓာတ်အားများကို ထပ်ဆင့်ထုတ်လွှင့်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ် မတ်လတွင် ၆၆ ကေဗွီ ပုသိမ်-ငရုတ်ကောင်း-ငပြေမ ဓာတ်အားလိုင်း မိုင်ပေါင်း ၇၆ ဒသမ ၅ မိုင်နှင့် ဆက်စပ်ဓာတ်အားခွဲရုံများဖြစ်သည့် ၆၆ ကေဗွီနှင့် ၅ အမ်ဗွီအေ ငရုတ်ကောင်းဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီနှင့် ၂၀+၅ အမ်ဗွီအေ ငပြေမဓာတ်အားခွဲရုံတို့ကို တည်ဆောက်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ထို့ပြင် လျှပ်စစ်ဓာတ်အား မရရှိသေးသည့် မြို့နယ်များအတွက် ပိုမိုပေးအပ်နိုင်ရန် ရည်ရွယ်ကာ ပုသိမ် (ကန်ကြီးထောင့်) ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံနှင့် ဆက်စပ်ဓာတ်အားလိုင်းများကို တည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်၍ ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက်ခြမ်းဒေသရှိ မြို့နယ်များနှင့် ကျေးလက်အထိ ၂၄ နာရီပတ်လုံး လျှပ်စစ်မီးပေးဝေဖြန့်ဖြူးနိုင်တော့မည်ဖြစ်သည်။

ပုသိမ်(ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ပုသိမ်-ငရုတ်ကောင်း-ငပြေမ ဓာတ်အားလိုင်းများ ချိတ်ဆက်သွယ်တန်းကာ တပ်ဆင်ခြင်းဖြင့် ငရုတ်ကောင်းနှင့် ငပြေမ ဓာတ်အားခွဲရုံများမှတစ်ဆင့် ပြည်တွင်းပြည်ပခရီးသွားများ အပန်းဖြေလာရောက်ကြရာ အထင်ကရနေရာများဖြစ်ပြီး ယနေ့တိုင် နိုင်ငံတော်ဓာတ်အားလိုင်း မရရှိသေးခြင်းကြောင့် အခက်ကြုံနေရသည့် ရွှေသောင်ယံ၊ ငွေဆောင်၊ ချောင်းသာ၊ ငရုတ်ကောင်း၊ ငပြေမ၊ ထီးချိုင့်၊ ပုတော၊ အုတ်ရှစ်ကွင်းနှင့် ကျုံကူးအတွင်းရှိ ကျေးရွာပေါင်း ၁၉၂ ရွာ အိမ်ခြေပေါင်း ၄၀၇၆၀ တို့ကို လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။

"အပန်းဖြေကမ်းခြေ ချောင်းသာနဲ့ ငွေဆောင်တို့မှာ



၂၃၀ ကေဗွီ အသုတ်-ပုသိမ် မဟာဓာတ်အားလိုင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးဖို့ စီမံကိန်းက အရင်တုန်းကလည်း လုပ်ဖို့အစီအစဉ်တွေ ချမှတ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ဓာတ်အားလိုင်းတွေ ချိတ်ဆက်ရာမှာ ကုန်ကျစရိတ်က အလွန်မြင့်မားခဲ့တဲ့အတွက် စီးပွားရေးလုပ်ကိုင်သူတွေက ကိုယ်ပိုင်မီးစက်တွေနဲ့ ဓာတ်အားရယူပြီး ဖွင့်လှစ်ခဲ့ရတာဖြစ်ပါတယ်။ **မကြာခင်မှာ ဒီအခက်အခဲတွေ ကျော်လွှန်ပြီး အပန်းဖြေကမ်းခြေတစ်ဝိုက်နဲ့ ငရုတ်ကောင်းကျွန်းလိုစက်မှုဇုန်တွေ တည်ထောင်လို့ ကောင်းမွန်တဲ့နေရာတွေဟာ ပိုမိုစည်ကားလာမှာဖြစ်သလို ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးပွားလာနိုင်တယ်"** ဟု ချောင်းသာကမ်းခြေတွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောကြားသည်။

ဓာတ်အားလိုင်းကြီးများတည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် မြေပြင်ကွင်းဆင်း၍ တာဝါတိုင်ဒီဇိုင်းပြုလုပ်ခြင်း၊ တာဝါတိုင်များ ဆောက်လုပ်ပြီးစီးပါက ဓာတ်အားလိုင်းတည်ဆောက်ခြင်း၏ အခက်အခဲဆုံးပိုင်းဖြစ်သည့် တန်ပေါင်းရာနှင့်ချီသော ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းများအား ဆောင်ရွက်ပြီး ဓာတ်အားခွဲရုံနှင့် ချိတ်ဆက်ကာ ဓာတ်အားပို့လွှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရသဖြင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းမှာ အမြင်ရှင်းသလောက် နည်းပညာအရခက်ခဲသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး သက်စွန့်ဆံဖျား ဆောင်ရွက်ရသည်။

၆၆ ကေဗွီ ၁၀ အမ်ဗွီအေ ပုသိမ်(မြက်တို) ဓာတ်အားခွဲရုံကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အချက်အလက်များအရ သိရသည်။

"ဧရာဝတီတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းမှာ အခုထက်ပိုပြီး လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့အတွက် လှိုင်သာယာ-ကျိုက်လတ် ၂၃၀ ကေဗွီဓာတ်အားလိုင်း ၅၂ မိုင်နဲ့ ၂၃၀ ကေဗွီ ကျိုက်လတ်ဓာတ်အားခွဲရုံတွေ ဆက်လက်တည်ဆောက်နေတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် မတ်လမှာစတင်ခဲ့ပြီး တာဝါအခြေခံအဆောက်အအုံတွေ တည်ဆောက်မှု ၆၇ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ လာမယ့်ဘဏ္ဍာနှစ်မှာ အပြီးသတ်ဖို့ရှိပါတယ်။ ဒါ့အပြင် ၂၃၀ ကေဗွီ ကျိုက်လတ်ပင်မဓာတ်အားခွဲရုံကိုလည်း တစ်ပါတည်း တည်ဆောက်နေတဲ့အတွက် လာမယ့်ဘဏ္ဍာနှစ်မှာ ဓာတ်အားဖြန့်ဖြူးမှုကို တစ်ပါတည်း ဆောင်ရွက်နိုင်ပါပြီ"ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထိုစီမံကိန်းပြီးစီးသွားပါက ဧရာဝတီတိုင်းဒေသကြီး အရှေ့ဘက်ခြမ်းရှိ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ မော်လမြိုင်ကျွန်းဒေသတွင်းရှိ ကျေးရွာပေါင်း ၂၈၆ ရွာကို လျှပ်စစ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။


ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော လေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုဖြစ်မြောက်နိုင်စွမ်းကို စမ်းသပ်လုပ်ဆောင်နေပြီး စီမံကိန်းလျာထားမှုအနေဖြင့် ချောင်းသာ၊ ရေနောက်အိုင်၊ ထန်းပင်ကွင်းနှင့် ကန်ကြီးထောင့်တို့တွင် ဆောင်ရွက်သွားရန် စီစဉ်ထားသည်။

**"ချောင်းသာမှာ လေအားကနေတစ်ဆင့် ၃၀ မဂ္ဂါဝပ်အထိ စမ်းသပ်ထုတ်ဖို့ China Three Gorges Corporation က ပြင်ဆင်နေပါတယ်။ အဲဒါက အောင်မြင်သွားပြီဆိုတာနဲ့ ရေနောက်အိုင် လေအားလျှပ်စစ်ထုတ်လုပ်ရေးကနေ ၁၁၂ မဂ္ဂါဝပ်၊ ထန်းပင်ကွင်းကနေ ၇၀ မဂ္ဂါဝပ်နဲ့ ကန်ကြီးထောင့်ကနေ ၈၀ မဂ္ဂါဝပ် ဓာတ်အားတွေ ထုတ်လုပ်သွားဖို့ရှိတယ်"**ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမျိုးသားလျှပ်စစ်စီမံချက်အရ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်စီမံကိန်းကာလတွင် အိမ်ထောင်စုပေါင်း ၁ ဒသမ ၇ သန်းကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရန် လျာထားလျက်ရှိပြီး ပြီးခဲ့သည့်ငါးနှစ်တာအတွင်းတွင်မူ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လျှပ်စစ်ဓာတ်အား ၁၈၂၂ မဂ္ဂါဝပ် တိုးထုတ်ခဲ့သည့်အပြင် မြို့ပေါင်း ၄၂၂ မြို့နှင့် ကျေးရွာပေါင်း သုံးသောင်းနီးပါးတို့မှာ မဟာဓာတ်အားလိုင်းကြီးမှ ပေးအပ်သည့် လျှပ်စစ်မီးကို မျှဝေနိုင်ခဲ့ပြီဖြစ်သည်။

ပညာသင်ကြားသူများအဖို့ လျှပ်စစ်မီးကြောင့် ညအချိန် စာသင်အံကျက်မှတ်နိုင်ကြပြီ၊ တောင်သူဦးကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းများသည်လည်း လျှပ်စစ်စွမ်းအားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များ အချိန်တိုးမြှင့်နိုင်ကြပြီ၊ ကျန်းမာရေးဌာနများ လျှပ်စစ်စွမ်းအားဖြင့် လူ့အသက်ပေါင်းများစွာကို အချိန်မီခွဲစိတ်ကုသနိုင်ဖို့ အရေး အရည်အသွေးမြှင့်နိုင်ကြပြီ၊ နီယွန်မီးရောင် ထိန်ညီးစွာဖြင့် ဘာသာရေးအခမ်းအနားများ၊ ဒေသလူမှုရေးလုပ်ငန်းများကို အရှိန်မြှင့်နိုင်ကြပြီဆိုပါက ယင်းဒေသသည် ဖွံ့ဖြိုးတိုးတက်သည့်ဒေသပင်ဖြစ်သည်။

လှိုင်းကြက်ခွပ်ကလေးများက ကမ်းနားလမ်းမကြီးတစ်လျှောက် နီယွန်မီး၏ အလင်းရောင်အောက်တွင် ငွေရောင်တစ်လက်လက် တောက်ပနေသည်။ ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံးသည်လည်း အနီးဆုံးသော အနာဂတ်မနက်ဖြန်တွင် တစ်လက်လက်တောက်ပနေမည်သာ။ ။



၆၆ ကေဗွီ ပုသိမ်-ငရုတ်ကောင်း-ငပြေမ ဓာတ်အားလိုင်းတိုင်ဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆွေးနွေး

**ပဲခူး ဇန်နဝါရီ ၂၉**

ပဲခူးမြို့ ဥဿာမြို့သစ် ရွှေတောခန်းမ၌ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် မြန်မာအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများအကြောင်း ဆွေးနွေးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ထို့နောက် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ကိုစောမြတ်မင်းက ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် ဆန်းစစ်ချက်အကြောင်းကိုလည်းကောင်း၊ UN-HABI TAT မှ ပဲခူးမြို့နယ်တာဝန်ခံ ဒေါ်ရတနာကျော်က ငလျင်ဆန်းစစ်ချက်များနှင့်ပတ်သက်၍ ရလဒ်များအားလည်းကောင်း၊ မြန်မာနိုင်ငံ ငလျင်ကော်မတီအတွင်းရေးမှူး ဦးစောထွေးဇော်က မြန်မာအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများအကြောင်းကိုလည်းကောင်း အသီးသီး ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြကြောင်း သိရသည်။

(၅၈၈)

(၆၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း၊ ရေးဖြေအောင်စာရင်းကို သာသနာရေးဝန်ကြီးဌာနမှ ဇန်နဝါရီ ၂၈ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

# (၆၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း၊ ရေးဖြေအောင်စာရင်း

**အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်းငါးကျမ်း သဘောရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ (၂)ပါး**

၁။ ပလ္လင်အမှတ်(၁၇၉) အရှင်ခေမာဝံသ၊ အသက်(၄၉)နှစ်၊ သိက္ခာ(၂၉)ဝါ၊ မိုင်းသောက်တောရစာသင်တိုက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂။ ပလ္လင်အမှတ်(၁၈၇) အရှင်သေဋ္ဌညာဏလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင် ဝိနယကောဝိဒ (၁၀)ပါး**

၁။ ပလ္လင်အမှတ်(၂၁၇) အရှင်ဥတ္တမ(ခတ်ချို)၊ အသက်(၃၉)နှစ်၊သိက္ခာ (၁၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၂၁၈) အရှင်ဝိရောစန၊ အသက် (၃၈)နှစ်၊ သိက္ခာ (၁၈)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ်(၂၂၂) အရှင်ဝဇိရပါဏိဘိဝံသ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်၊ ရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၂၂၅) အရှင်စန္ဒသီရိ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ် ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၂၂၆) အရှင်ပညိန္ဒ(မုံရွာ)၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ် ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ်(၂၂၈) အရှင်ခေမာသိရီလင်္ကာရ၊ အသက် (၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ်(၂၃၄) အရှင်ဝိစက္ခဏာလင်္ကာရ၊အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ်(၂၃၇) အရှင်ပညာစာရာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ၊ တိပိဋကကမ္ဘောဇကျောင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၉။ ပလ္လင်အမှတ်(၂၄၂) အရှင်ဝိသုဒ္ဓ၊ အသက်(၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**။

၁၀။ ပလ္လင်အမှတ်(၂၄၇) အရှင်သူရိယာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ (၇)ဝါ၊ တိပိဋကစုစန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**။

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ (၁၀)ပါး**

၁။ ပလ္လင်အမှတ်(၂၅၀) အရှင်ဝေပုလ္လ၊ အသက်(၄၂)နှစ်၊ သိက္ခာ (၂၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၂၅၁) အရှင်ဝဏ္ဏိတသ၊ အသက်(၄၁)နှစ်၊ သိက္ခာ(၂၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ်(၂၆၇) အရှင်ခေမာနန္ဒ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၂၆၈) အရှင်ပညာနန္ဒ၊ အသက် (၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၂၇၄) အရှင်ကုဏ္ဍလာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ်(၂၇၆) အရှင်စန္ဒောဘာသ၊အသက်(၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ်(၂၉၆) အရှင်ဝိဇ္ဇာနန္ဒာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ်(၃၁၅) အရှင်ဇနိတာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ်(၃၂၀) အရှင်ကုမာရသက္က၊ အသက် (၂၈)နှစ်၊ သိက္ခာ(၅)ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ်(၃၂၃) အရှင်စန္ဒသာရာလင်္ကာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ မြစ်ကွေ့ပရိယတ္တိစာသင်တိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

**အဘိဓမ္မပိဋက၊ အဘိဓမ္မာ(ဒုတိယပိုင်း) နှစ်ကျမ်းအာဂုံပြန်အောင်စာရင်း တိပိဋကဓရ (၁)ပါး**

၁။ ပလ္လင်အမှတ်(၁) အရှင်ပညာဝံသာဘိဝံသ၊ အသက် (၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**အဘိဓမ္မပိဋက၊ အဘိဓမ္မာ(ပထမပိုင်း) ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက (၁)ပါး**

၁။ ပလ္လင်အမှတ်(၂) အရှင်အဂ္ဂဝံသ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ၊ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက (၂)ပါး**

၁။ ပလ္လင်အမှတ်(၄) အရှင်ဝါယာမိန္ဒာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ (၁၃)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၇) အရှင်သုဇနာလင်္ကာရ၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ် ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်း(ဒုတိယပိုင်း) သုံးကျမ်းအာဂုံအောင် ဝိနယဓရ (၁၆)ပါး**

၁။ ပလ္လင်အမှတ်(၁၃) အရှင်သြဘာသ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ်(၁၈) အရှင်ခေမာစာရ(မကွေး)၊ အသက်(၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ် ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ်(၂၁) အရှင်ပညာဇောတ၊ အသက် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ၊ ပိဋကသုံးပုံနိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ်(၂၈) အရှင်နေမိန္ဒာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၉)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ်(၃၀) အရှင်လူခဝံသာလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ်(၃၃) အရှင်ခေမိဿရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၇)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနှံ့သာစံပြ ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ်(၃၇) အရှင်ပဏ္ဍိတဝံသ၊ အသက် (၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ်(၄၈) အရှင်ပဏ္ဍိတ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ်(၄၉) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ်(၅၁) အရှင်ဝရသာမိလင်္ကာရ၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ် ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ်(၅၄) အရှင်ဇာဂရာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ပလ္လင်အမှတ် (၅၆) အရှင်ပညာဝံသ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၀)ဝါ၊ ကျိုက္ကစံရွှေကျင်တိုက်သစ်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ် (၅၇) အရှင်ခေမာစာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ပလ္လင်အမှတ် (၆၆) အရှင်ဓမ္မပါလ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ပလ္လင်အမှတ် (၆၇) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ပလ္လင်အမှတ် (၆၈) အရှင်ဥဇ္ဇောတာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၇)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင် တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်း(ပထမပိုင်း) နှစ်ကျမ်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ (၃၇)ပါး**

၁။ ပလ္လင်အမှတ် (၇၇) အရှင်သောဘန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၇၉) အရှင်အဂ္ဂဝံသာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ (၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ် ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး**(အထူးအောင်)**။

၃။ ပလ္လင်အမှတ် (၈၁) အရှင်ဉာဏဓဇ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၈၂) အရှင်သီလာဝုဓာလင်္ကာရ၊အသက် (၂၉) နှစ်၊သိက္ခာ (၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်း မြေ၊ မင်းကွန်း၊စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ် (၈၃) အရှင်ပဏ္ဍိတ၊ အသက် (၂၇) နှစ်၊သိက္ခာ (၈) ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ် (၈၄) အရှင်တေဇနိယ၊ အသက် (၃၀) နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၈၅) အရှင်ဓမ္မတေဇ၊အသက် (၂၇) နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ် (၉၁) အရှင်နန္ဒက၊ အသက် (၂၆) နှစ်၊သိက္ခာ (၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ် (၉၂) အရှင်သူရိယ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကစုဆန်းလီစာသင်တိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး**(အထူးအောင်)**။

၁၀။ ပလ္လင်အမှတ် (၉၇) အရှင်ကေသရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၁၀၀) အရှင်ပုညာနန္ဒ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ပလ္လင်အမှတ် (၁၀၉) အရှင်အဂ္ဂဓမ္မ၊အသက် (၂၉) နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ်(၁၁၂) အရှင်တိလောက၊ အသက် (၂၇)နှစ်၊ သိက္ခာ(၈)ဝါ၊ ဓမ္မာရာမတောရကျောင်းတိုက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်။

၁၄။ ပလ္လင်အမှတ်(၁၁၄) အရှင်ရေဝတ၊ အသက် (၂၇) နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၅။ ပလ္လင်အမှတ်(၁၁၅) အရှင်ကုန္ဒာစာရ၊အသက် (၂၆) နှစ်၊ သိက္ခာ (၆)ဝါ၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ပလ္လင်အမှတ်(၁၁၆) အရှင်ခေမိန္ဒ၊အသက် (၂၅) နှစ်၊သိက္ခာ (၆)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ်(၁၁၇) အရှင်ကုမာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၆)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၈။ ပလ္လင်အမှတ်(၁၁၈) အရှင်သူရိယ၊ အသက် (၂၇)နှစ်၊သိက္ခာ (၆)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ် (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**စာမျက်နှာ ၁၁ သို့**

○ စာမျက်နှာ ၁၀ မှ

၁၉။ ပလ္လင်အမှတ်(၁၂၀) အရှင်ပညာလောက၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ်(၁၂၂) အရှင်နေမိန္ဒာလင်္ကာရ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၆)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၁။ ပလ္လင်အမှတ်(၁၂၄) အရှင်ကုန္ဒာစာရ၊ အသက် (၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၂။ ပလ္လင်အမှတ်(၁၂၉) အရှင်သုဇနက၊ အသက် (၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**။

၂၃။ ပလ္လင်အမှတ်(၁၃၀) အရှင်ခေမိဿရ၊ အသက် (၂၃)နှစ်၊သိက္ခာ (၄)ဝါ၊ တိပိဋကမဓ္ဓပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၄။ ပလ္လင်အမှတ်(၁၃၁) အရှင်ဓမ္မသိရီ၊ အသက် (၂၅)နှစ်၊ သိက္ခာ (၃)ဝါ၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၅။ ပလ္လင်အမှတ်(၁၄၆) အရှင်ဇောတိက၊ အသက် (၂၉)နှစ်၊ သိက္ခာ (၉)ဝါ၊ တိပိဋကမဓ္ဓပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ်(၁၄၈) အရှင်အာလောက၊ အသက် (၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ ပေါင်လောင်လေးကျောင်းတိုက်၊ ပေါင်လောင်လေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

၂၇။ ပလ္လင်အမှတ် (၁၅၀) အရှင်ပညာသီဟ၊အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ် (၁၅၁) အရှင်ဓမ္မသေန၊ အသက် (၂၈)နှစ်၊ သိက္ခာ (၈)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။

၂၉။ ပလ္လင်အမှတ် (၁၅၃) အရှင်ဝါယာမ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ၊ တိပိဋကမဓ္ဓပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃၀။ ပလ္လင်အမှတ် (၁၅၉) အရှင်ကေသရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃၁။ ပလ္လင်အမှတ် (၁၆၃) အရှင်ပညာသီရိလင်္ကာရ၊ အသက် (၂၈)နှစ်၊ သိက္ခာ (၆)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**။

၃၂။ ပလ္လင်အမှတ် (၁၆၄) အရှင်ဝံသပါလ၊အသက် (၂၆)နှစ်၊ သိက္ခာ (၅)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ် (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၃။ ပလ္လင်အမှတ် (၁၆၅) အရှင်ဝါသေဋ္ဌာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၅)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၄။ ပလ္လင်အမှတ် (၁၆၆) အရှင်ဝါသဝ၊ အသက် (၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၅။ ပလ္လင်အမှတ် (၁၆၇) အရှင်အာလောက၊ အသက် (၂၅)နှစ်၊ သိက္ခာ (၄)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၆။ ပလ္လင်အမှတ် (၁၆၈) အရှင်သုဝဏ္ဏာလင်္ကာရ၊ အသက် (၂၄) နှစ်၊ သိက္ခာ (၃)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ် (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃၇။ ပလ္လင်အမှတ် (၁၆၉) အရှင်ဝိလာသ၊ အသက် (၂၂)နှစ်၊ သိက္ခာ (၂)ဝါ၊ ပိဋကသုံးပုံနိကာယ် စာသင်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

# မကြာမီကာလတွင် ကလေးမြို့ဒေသတစ်ခွင် ၂၄ နာရီ မီးလင်းတော့မည်



၂၃၀ ကေဗွီ ဓာတ်အားလိုင်း စီမံကိန်း အကောင်အထည်ဖော်ထားမှုကို တွေ့ရစဉ်။

**ကလေး ဇန်နဝါရီ ၂၉**

သဘာဝဘေးဒဏ်ဟူသည် ကြိုတင်မျှော်မှန်း၍ရနိုင်သော အရာမဟုတ်ခြင်းကြောင့် သဘာဝဘေးဒဏ်ကျရောက်ပြီဆိုသည်နှင့် လူတို့အချိန်ယူ တည်ဆောက်ခဲ့ရသမျှသော အခြေအနေအားလုံးကို အချိန်တိုအတွင်း ပျက်စီးစေနိုင်သည်။ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် ကလေးမြို့ပေါ် ရပ်ကွက်များသို့ ရေများဝင်ရောက်ခဲ့ရာ ကလေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးအတွင်းသို့ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက်က ရေများဝင်ရောက်ခဲ့သဖြင့် ဒီဇယ်ဓာတ်အားပေးစက်များနှင့် ထရန်စဖော်မာများ ရေနစ်မြုပ်ခဲ့၍ ကလေးမြို့တစ်ခွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသည်။ သို့ဖြစ်ခြင်းကြောင့် လျှပ်စစ်ဓာတ်အား အချိန်တိုအတွင်း ပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများသာမက ဒေသခံများ ရေမကြီးခင်ကာလ အခြေအနေများထက် လျှပ်စစ်ဓာတ်အား ပိုမိုလုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် ဓာတ်အားလိုင်းသစ်စီမံကိန်းများကိုလည်း ယခင်ကာလများကတည်းက စီမံကိန်းများ ချမှတ်လုပ်ဆောင်ခဲ့ရာ မကြာမီကာလအတွင်း ကလေးမြို့ဒေသတစ်ခွင်၌ ၂၄ နာရီ မီးလင်းနိုင်တော့မည်ဖြစ်ကြောင်း ကလေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

ယခင်ကာလများက အချိန်ပိုင်းခွဲတမ်းစနစ်ဖြင့် လျှပ်စစ်မီးသုံးစွဲခဲ့ရသော ကလေးမြို့နယ်တွင် ၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက်မှစတင်၍ ရေများဝင်ရောက်လွှမ်းမိုးခဲ့ပြီး ဩဂုတ်လ လဆန်းပိုင်းမှသာ ရေများပြန်လည်ကျဆင်းခဲ့သဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနအနေဖြင့် နေရာအပြည့်တင်ကျန်ရစ်ခဲ့သော နုန်းများ၊ ရွှံ့များကြားမှ ဓာတ်အားပေးစက်များ၊ အဆောက်အအုံများအား ဆေးကြောပြုပြင်မှုများ ပြုလုပ်ခဲ့ရကြောင်း၊ တစ်ချိန်တည်းမှာပင် ရေနစ်မြုပ်ခဲ့ရသည့် ဓာတ်အားပေးစက်များအား သက်ဆိုင်ရာကုမ္ပဏီများမှ လာရောက်စစ်ဆေးပြုပြင်မှုများ ပြုလုပ်ခဲ့သလို ဓာတ်အားဖြန့်ဖြူးပေးနေသည့် ထရန်စဖော်မာများအား နေပြည်တော် (ရုံးချုပ်) Test Lab အဖွဲ့မှ ပြုပြင်စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အတူ မြို့ပေါ် ရေနစ်မြုပ်ခဲ့သည့် ရပ်ကွက်များရှိ ဓာတ်အားလိုင်းများအား ပြုပြင်စစ်ဆေးခြင်း၊ မြို့ပေါ် ၁၁ ကေဗွီဓာတ်အားလိုင်း၊ နည်းပညာတက္ကသိုလ်သို့ သွယ်တန်းထားသည့် ၁၁ ကေဗွီလိုင်းများရှိ ယိုင်နဲ့ ပြိုလဲတိုင်များအား ပြုပြင်အစားထိုးခြင်း၊ ကျီကုန်းတပ်နယ် ၁၁ ကေဗွီလိုင်း၊ ကွန်ပျူတာတက္ကသိုလ်သို့သွားသည့် ၁၁ ကေဗွီ လိုင်းများ စစ်ဆေးခြင်းတို့ကို စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့သလို မြို့ပေါ် ရေနစ်မြုပ်ခဲ့သည့် ရပ်ကွက်များတွင်လည်း မီးတစ်ပွင့် ပလပ်တစ်ခုစနစ် တပ်ဆင်ပေးခြင်းလုပ်ငန်းများကိုအုပ်စုခွဲ၍ တစ်ပြိုင်တည်း ဆောက်ရွက်ခဲ့ခြင်း၊ လျှပ်စစ်ဓာတ်အား အချိန်တိုအတွင်း ပြန်လည် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၄၀၀ ဗို့ဓာတ်အား လိုင်းပျက်စီးမှု ပြင်ဆင်ရေးလုပ်ငန်းများအား အစဉ်မပြတ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေမကြီးခင်ကာလများက ဇီးချောင်းရေအားလျှပ်စစ် ၆၃၀ ကီလိုဝပ်စက်နှစ်လုံးနှင့်လည်းကောင်း၊ ဒီဇယ်ဓာတ်အားဧရိယာအဖြစ် ၁၂၅၀ ကေဗွီ၊ ၅၀၀ ကေဗွီ၊ ၃၀၀ ကေဗွီစက်များဖြင့် နှစ်ပိုင်းခွဲ၍ ဖြန့်ဝေပေးခဲ့သော်လည်း ရေလွှမ်းမိုးမှုဖြစ်စဉ်အပြီး ရေအားလျှပ်စစ်ဖြင့် ဓာတ်အားဖြန့်ဝေမှုအပိုင်းမှာ လည်ပတ်နိုင်ခြင်း မရှိတော့သည့်အတွက် ဒီဇယ်ဓာတ်အားပေးစက်များကိုသာ အစားထိုး၍ ဓာတ်အားဖြန့်ဖြူးခဲ့ရသည်။

သို့သော် ယင်းသို့ဓာတ်အားဖြန့်ဖြူးနေမှုသည် ဓာတ်အားရေရှည်ဖြန့်ဖြူးရေးအတွက် အဆင်မပြေခြင်းကြောင့် ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေးဓာတ်အားလိုင်း (230/66/11 KV/2×50 MVA)ကို ယခုနှစ် ဖေဖော်ဝါရီ ဒုတိယသီတင်းပတ်အပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၆၆ ကေဗွီ ကလေး (GTU)- ကလေး(မြို့တွင်းခွဲရုံ)လိုင်း (66/11 KV/20 MVA) ကိုလည်း ဇန်နဝါရီလကုန်အပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ ဂန့်ဂေါကနေ ကလေးကို မျှသုံးတဲ့ ဓာတ်အားလိုင်းကို ဆွဲနေပါတယ်။ ဒီစီမံကိန်းကို အကောင်အထည်ဖော် လုပ်ဆောင်နေတာ ၁၂ ဖွဲ့လောက်ရှိပြီး အင်အားကတော့ ၇၀၀ လောက်ရှိပါတယ်။ စီမံကိန်းညွှန်ကြားရေးမှူးဦးဆောင်ပြီး လုပ်နေတာပါ။ GTU နောက်ဆုံး ၂၃၀ ခွဲရုံကနေ မြို့ထဲခွဲရုံအထိ ၆၆ ကေဗွီ ဓာတ်အားလိုင်းကို ဇန်နဝါရီလကုန်အပြီးလုပ်မှာပါ။ ၂၃၀ လိုင်းဆွဲခြင်းလုပ်ငန်းက ဖေဖော်ဝါရီ ဒုတိယပတ်လောက်ဆို ပြီးမှာပါ။ ဓာတ်အားလိုင်းဖွင့်ပွဲကိုတော့ ဖေဖော်ဝါရီ ၁၈ လောက် လုပ်မှာပါ" ဟု ဓာတ်အားလိုင်းသစ်စီမံကိန်းနှင့် ပတ်သက်၍ ကလေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူ ဦးနေထွန်းဝင်းက ရှင်းပြသည်။

ကလေးမြို့ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးအတွက် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေးဓာတ်အားလိုင်းမှာ လိုင်းမိုင်ပေါင်း ၆၉ ဒသမ ၅၄ မိုင်ရှိပြီး တာဝါတိုင်ပေါင်း ၂၈၃ တိုင်ရှိကြောင်း၊ ၆၆ ကေဗွီ ကလေး (GTU)-ကလေး (မြို့တွင်းခွဲရုံ) စီမံကိန်းမှာ လိုင်းမိုင်ပေါင်း ၅ ဒသမ ၉၃ မိုင်ရှိပြီး တာဝါတိုင်ပေါင်း ၁၁၆ တိုင်ရှိကြောင်း သိရသည်။

လက်ရှိကာလတွင် ကလေးမြို့ပေါ်တွင် ၂၄ နာရီ မီးပေးနိုင်ရန်အတွက် ပထမအဆင့်အနေဖြင့် တာဝါတိုင် ၂၅၀ ကို အသစ်လဲလှယ်ပေးနေကြောင်း၊ တိုင် ၂၂၀ ခန့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ပြင် စံမမီသည့် ကြိုးများကို လဲလှယ်ရန်အတွက် ရုံးချုပ်ကိုဆက်လက်တင်ပြထားကြောင်း၊ လက်ရှိအသုံးပြုနေသော ကြိုးဆိုဒ်များမှာ ၂၄ နာရီ မီးပေးသည့်အခါတွင် ပြတ်တောက်နိုင်ကြောင်း၊ ထို့ကြောင့် လဲလှယ်ရမည်ဖြစ်ကြောင်း၊ ဓာတ်အားလိုင်းသစ် ဖွင့်ပြီးပါက မြို့ပေါ်သို့ ၂၄ နာရီ မီးပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ စတင်ဓာတ်အားပေးရင်းဖြင့် လိုအပ်သည်များကို ဆက်လက်ပြုပြင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးနေထွန်းဝင်းက ဆက်လက်ပြောသည်။

ကလေးမြို့ ရေမကြီးခင်ကာလများက ဇီးချောင်းရေအားလျှပ်စစ် ၆၃၀ ကီလိုဝပ်စက်နှစ်လုံးဖြင့် မီးပေးသလို ဒီဇယ်ဓာတ်အားပေးစက်သုံးလုံးဖြင့်လည်း နှစ်ပိုင်းခွဲ၍ မီးပေးခဲ့ကြောင်း သိရသည်။

"ရေမကြီးခင်ကာလကတော့ ရေအားလျှပ်စစ်အပြင် ဒီဇယ်ဓာတ်အားစနစ်နဲ့ မီးပေးခဲ့ပါတယ်။ ဒါပေမယ့် ရေကြီးပြီးတဲ့အခါကျတော့ ရေအားလျှပ်စစ်က မရတော့ဘူးလေ။ အဲဒါကြောင့် မြို့ပေါ်ကို ဒီဇယ်စက်ကိုးလုံးနဲ့ မီးပေးရတယ်။ ဒါပေမယ့် ဇန်နဝါရီ ၈ ရက်မှာ ဇီးချောင်းဓာတ်အားကို စပြီးစမ်းသပ်မောင်းနှင်ကြည့်တယ်။ ၉ ရက်နေ့မှာတော့ လိုအပ်ချက်တွေကို ပြုပြင်ဖြည့်တင်းတယ်။ ၁၀ ရက်နေ့မှာတော့ ကီလိုဝပ် ၃၀၀ လောက် စတင်ထုတ်လွှတ်နိုင်ပြီ။ အဲဒီကနေ ပြည်သူ့ဆေးရုံ၊ တပ်မတော်ဆေးရုံနဲ့ အခြားအရေးကြီးတဲ့ နေရာတွေကို မီးပေးတယ်။ ညပိုင်းမှာတော့ ဒီဇယ်စက်နဲ့ပေးတဲ့ ထရန်စဖော်မာရှိတယ်။ အဲဒါက စွမ်းအားပြည့်လည်ပတ်လို့ မရဘူး။ အရှေ့ပိုင်းနဲ့ အနောက်ပိုင်းဆိုပြီး နှစ်ပိုင်းခွဲပြီး ဓာတ်အားပေးရတယ်။ ညဆိုရင် ညနေ ၅ နာရီခွဲကနေ ည ၁၀ အထိ ပေးတယ်။ မနက် ၅ နာရီကနေ ၆ နာရီထိ တစ်ခါထပ်ပေးတယ်" ဟု ဦးနေထွန်းဝင်းက ဆိုသည်။

"အခုလက်ရှိကတော့ ညနေ ၅ နာရီကျော်လောက်ဆို မီးလာတယ်။ ည ၁၀ နာရီကျော်တာနဲ့ မီးမရတော့ဘူး။ မနက်အစောပိုင်းတော့ တစ်ခါလာသေးတယ်။ လင်းအားကြီးရင်တော့ မီးမရတော့ပါဘူး။ ညပိုင်းလေး မီးလာရင်တော့ တီဗွီကြည့်လို့ရတယ်။ ဖုန်းတွေလည်းတစ်ခါတည်း အားသွင်းထားရတယ်။ မနက်ဆိုရင် မရတော့ဘူးလေ။ ၂၄ နာရီ ဓာတ်အားအပြည့်အဝ ရမယ်ဆိုရင်တော့ ဝမ်းသာရမှာပါ။ အိမ်ထောင်မှုကိစ္စအဝဝ အဆင်ပြေချောမွေ့သွားတာပေ့ါ။ ထမင်း၊ ဟင်းချက်တာက အစပါ"ဟု ကလေးမြို့ ပေါ်တွင် နေထိုင်သူ အိမ်ထောင်ရှင်မတစ်ဦးက မှတ်ချက်ပြုသည်။

မည်သို့ဆိုစေ နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ကျရေး၊ ကျေးလက်နှင့် မြို့ပြကွာဟချက် လျော့ကျရေး၊ တစ်ဦးချင်းဝင်ငွေတိုးတက်ရရှိရေး၊ လျှပ်စစ်မီးလုံလောက်စွာရရှိရေး အစရှိသည်တို့သည် မရှိမဖြစ် လိုအပ်လျက်ရှိရာ ကလေးမြို့ပေါ် ရပ်ကွက်များမှသည် တစ်မြို့နယ်လုံး ၂၄ နာရီ မီးလင်းတော့မည့်အရေးမှာ ဒေသခံများအတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ကြောင်း . . .။ ။

**သတင်း- ထက်အားမာန်**
**ဓာတ်ပုံ- ရာမည**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၃၀ - ၁ - ၂၀၁၆ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီးပရိတ်တရားတော် |
| ၇း၃၅ | Hyper Sports |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ် |
| ၁၀း၃၅ | သိပ္ပံနှင့်နည်းပညာအစီအစဉ် |
| ၁၁း၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၃၅ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁း၀၀ | တစ်ပတ်အတွင်း လွှတ်တော်သတင်း |
| ၁း၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၃) |
| ၂း၁၅ | Hyper Sports |
| ၃း၄၅ | Ooredoo MNL-1 2016 ဘောလုံးပြိုင် ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ရတနာပုံယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း) |
| ၆း၃၅ | Business News |
| ၇း၁၅ | ဟိုးတုန်းကရေဒီယို အသံလွှင့်ဇာတ်လမ်းများ "မူပိုင်မေတ္တာ" (ပထမပိုင်း) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း - ဂီတတံခါးလေး ဖွင့်ပါဦး - ဂီတသမား၊ ဂီတစကား "မြဝတီမင်းကြီးဦးစ၏ အထူးထူးငယ်နှင့် ပတ်ပျိုး" (ဂီတစာဆိုဦးမောင်မောင်လတ်၊ ဦးဝင့်အောင်) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် သီချင်းကြီးပဒေသာ |
| ၆း၁၅ | ဘဝထဲကဝတ္ထု၊ဝတ္ထုထဲကဘဝ "သားယောက္ခထီး" (ဦးဇော်မိုင်း၊ ဖူးချစ်၊ ဒေါ်နွဲ့နွဲ့စန်း၊ ကေကေမိုးမြင့် ) (ဒါရိုက်တာ-သန့်ဇင်) |
| ၆း၄၀ | ပျော်ရွှင်စေသောနေ့ရက်များ "မျက်နှာဖုံးချစ်သူ"(အပိုင်း-၁၃) (မိုးမိုး၊ စိုးမြတ်နန္ဒာ၊ လုအဥ္စလီတင့်၊ သဇင်၊ အေးသီတာ) |
| ၆း၅၅ | ဟိုးတုန်းက. . ကက်ဆက်ဇာတ်လမ်းများ"သုံးမည်ရသုံးဘွဲ့ခံ" (စောမြတ်နိုး၊ ဘလိတ်၊ ထက်နေချမ်း ဟိန်းရှိုင်း၊ ငြိမ်းဖြူ) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy) |
| ၈း၁၅ | ဝတ်စားဆင်ယင်မှုပြပွဲ(တေးဂီတ) |
| ၈း၃၅ | "ရာမာယဏဇာတ်တော်ကြီး" (ယဉ်ကျေးမှုဝန်ကြီးဌာန) (ပထမပိုင်း) |
| ၉း၅၀ | ပြည်သူ့နီတိ"စေတနာ" |
| ၁၀း၁၅ | မြန်မာဗီဒီယိုဇာတ်လမ်း "မောင်ရှေ့ကို တည့်တည့် လျှောက်မယ်လေ" (မင်းမော်ကွန်း၊ ရဲအောင်၊ ဖွေးဖွေး) (ဒါရိုက်တာ-ဥက္ကာဗိုလ်) |
| ၁၂း၀၀ | အစီအစဉ်ပြီး၏။ |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၀ | မေတ္တာပို့ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၂၀ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၁၁း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -လင်တောသားပြန်လာပြီ ဖြိုးငွေစိုး၊ ဝိုင်းစုခိုင်သိန်းနှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ကျော်ဇောလင်း) |
| ၁၂း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသင်္ချေ (အပိုင်း-၃၀) |
| ၂း၃၀ | သံစဉ်များနှင့်ကမ္ဘာ |
| ၄း၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၄၅ | ကျန်းမာသုတ |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၁၅ | ရွှေလမ်းငွေလမ်းသူဌေးလမ်း |
| ၆း၁၀ | စားဖိုဆောင်ချစ်သူ |
| ၆း၃၅ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်သက်တံများ (အပိုင်း-၂၃) - လူရွှင်တော်စကား - ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်မည့်နိမိတ်သခင် အပိုင်း(၃၉)(ဇာတ်သိမ်းပိုင်း) |

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅း၄၀ | "ဗုဒ္ဓသမီးတော်များ၏ ရင်တွင်းစကား" တရားတော် (အပိုင်း-၃၂) (ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ) |
| ၈း၀၀ | Cartoon Series (English Play ground) |
| ၈း၃၅ | Cartoon View |
| ၈း၅၅ | Drive It |
| ၁၀း၅၅ | Star တို့ရဲ့လက်ရာ |
| ၁၁း၂၀ | ရန်ကုန်မြင်ကွင်းကျယ် (Affinage Pro fessional Hair Training Show) |
| ၁၁း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၁၉+၂၀) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အဆိပ်ပင် (အပိုင်း-၃)] |
| ၃း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၇) |
| ၃း၄၅ | Fashion Week |
| ၄း၄၀ | Cartoon View |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၈) |
| ၇း၂၀ | Let's Talk |
| ၈း၀၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရန့်ပြယ်နှင်းဆီ (အပိုင်း-၁)] |
| ၈း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၇) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၂၁+၂၂) |
| ၁၁း၀၀ | Forever Music Tribute Tin Zar Maw (အပိုင်း-၂) |
| ၁း၀၀ | World of Knowledge (Britain Underworld : Glasgow) |
| ၄း၄၀ | တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ဇိနမာရ်အောင် စေတီတော်မြတ်ကြီး) |

## ရီဟားနား ၏ တေးအယ်လ်ဘမ်သစ် ထွက်ရှိ



အမေရိကန်ပေါ့ပ်အဆိုတော် ရီဟားနား၏ ရှစ်ခုမြောက်တေးအယ်လ်ဘမ်ဖြစ်သော "Anti"ကို ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က စတင်ထုတ်လွှင့်ခဲ့ပြီဖြစ်ကြောင်း ယူပီအိုင်ဒေါ့ကွန်းတွင် ဖော်ပြခဲ့သည်။

ယင်းတေးအယ်လ်ဘမ်ကို မထုတ်လွှင့်မီ တစ်ရက်အလိုက ရီဟားနားသည် သူ၏တေးသီချင်းသစ် "Work" ကိုလည်း ထုတ်လွှင့်ခဲ့သည်။ ယင်းတေးသီချင်းတွင် ကနေဒါလူမျိုး ရက်ပ်အဆိုတော်ဒရေ့ခ်က ကူညီသီဆိုပေးထားသည်။

ရီဟားနားက သူ၏ တွစ်တာစာမျက်နှာပေါ်တွင်လည်း ယခုထွက်ရှိခဲ့သည့် တေးအယ်လ်ဘမ်သစ် "Anti"ကို ကူးယူရရှိနိုင်သည့် အွန်လိုင်း ဝက်ဘ်ဆိုက်ဒ်လိပ်စာကိုလည်း ယင်းတေးအယ်လ်ဘမ်၏ မျက်နှာဖုံး ဓာတ်ပုံနှင့်တကွ ဖော်ပြထားသည်။

ယခုထွက်ရှိခဲ့သော တေးအယ်လ်ဘမ်သည် ၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့သော တေးအယ်လ်ဘမ် " Unapologetic" ပြီးနောက် ရီဟားနား၏ ပထမဦးဆုံး ပြန်လည်ထွက်ရှိသော တေးအယ်လ်ဘမ်လည်း ဖြစ်သည်။

အေးပြည့်စုစည်းသည်

## ကိုယ်ပိုင်အေဂျင်စီထောင်လိုက်ပြီဖြစ်တဲ့ ဟွန်ဘင်း



တောင်ကိုရီးယားထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ ဟွန်ဘင်းက ပြီးခဲ့တဲ့ ၂၀၁၅နှစ်ကုန်မှာ သူ့ရဲ့အေဂျင်စီနဲ့ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းပြည့်ခဲ့ပြီမို့ သူနဲ့အနုပညာလုပ်ငန်းတွေကို ရှေ့ဆက်ချင်တဲ့ ဒေသတွင်းအေဂျင်စီတွေက စာချုပ်ချုပ်ဆိုဖို့ အပြိုင်ကမ်းလှမ်းခဲ့ကြပါတယ်။ ဒါပေမယ့် ဟွန်ဘင်းက သူ့ရဲ့ကိုယ်ပိုင်အေဂျင်စီတစ်ခုတည်ထောင်ပြီး အနုပညာလုပ်ငန်းတွေကို ရှေ့ဆက်ချင်ခဲ့တာမို့ အခြားအေဂျင်စီတွေရဲ့ ကမ်းလှမ်းမှုကို လက်မခံခဲ့ပါဘူး။

ဇန်နဝါရီ ၂၈ရက်မှာတော့ ဟွန်ဘင်းနဲ့အလွန်ရင်းနှီးသူတစ်ဦးက မင်းသားဟာ သူ့ရဲ့ကိုယ်ပိုင်အေဂျင်စီကို တည်ထောင်လိုက်ပြီဖြစ်ကြောင်းနဲ့ သူ့ရဲ့အေဂျင်စီကို "VAST Entertainment"လို့ အမည်ပေးခဲ့ကြောင်း ပြောကြားခဲ့တယ်လို့ စွန်ပီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။ ဟွန်ဘင်းဟာ အဆိုပါအေဂျင်စီကို သူ့ဆရာကန်ကွန်တေးရဲ့အကူအညီနဲ့ တည်ထောင်ခဲ့တာဖြစ်ပြီး လတ်တလောမှာ အတူလက်တွဲလုပ်ကိုင်ဖို့ ကျွမ်းကျင်တဲ့ ပညာရှင်တွေကိုလည်း ရှာဖွေနေကြောင်း သိရပါတယ်။ ယခင်က ဟွန်ဘင်းဟာ တရုတ်နိုင်ငံအခြေစိုက်အေဂျင်စီတစ်ခုကို တည်ထောင်သွားမှာဖြစ်တယ်လို့ သတင်းတွေထွက်ခဲ့ပေမယ့်လည်း ယခုတည်ထောင်လိုက်တဲ့ အေဂျင်စီကတော့ ပြည်တွင်း အေဂျင်စီဖြစ်ပါတယ်။

လတ်တလောမှာ ဟွန်ဘင်းနဲ့ "Girls' Generation"အဖွဲ့ဝင် ယွန်နတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင်တစ်ခုကိုလည်း စမ်းသပ်ထုတ်လွှင့်ခဲ့ပါတယ်။

## SS301၏ ပထမဦးဆုံးသော တေးဗီဒီယို စမ်းသပ်ထုတ်လွှင့်




တောင်ကိုရီးယား၏ ပေါ့ပ်တေးဂီတလောကတွင် တစ်ချိန်က လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သော အမျိုးသား ပေါ့ပ်တေးဂီတ အဖွဲ့တစ်ဖွဲ့ ဖြစ်သည့် "SS501" ၏ အဖွဲ့ခွဲတစ်ခုဖြစ်သော "SS301"၏ ပထမဦးဆုံးသော တေးဗီဒီယိုကို ဇန်နဝါရီ ၂၉ ရက်က ထုတ်လွှင့်ပြသခဲ့သည်။

ယင်းတေးဗီဒီယိုသစ်ကို "Pain" ဟု အမည်ပေးထားပြီး အဖွဲ့ဝင်တစ်ဦးဖြစ်သော ကင်မ်ကြူဂျုံကို အဓိကထားရိုက်ကူးထားသည်ကို တွေ့ရသည်။ အဆိုပါတေးဗီဒီယိုသည် လာမည့် ဖေဖော်ဝါရီ ၁၆ ရက်တွင် ထုတ်လွှင့်ဖြန့်ချိသွားမည့် အဖွဲ့၏ ပထမဦးဆုံးသော တေးအယ်လ်ဘမ် "ETERNAL5"တွင် ပါဝင်သည့်တေးသီချင်းတစ်ပုဒ်ဖြစ်သည်။

"SS501"သည် ခုနစ်နှစ်တာကာလအတွင်း အနုပညာလှုပ်ရှားမှုများ မရှိခဲ့ဘဲ ယခုအချိန်မှ အဖွဲ့ခွဲ "SS301"အဖြစ် ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။ ယခုအဖွဲ့တွင် ကင်မ်ယွန်ဂျွန်၊ ကင်မ်ကြူဂျုံနှင့် ဟိုယန်ဆင်းတို့ သုံးဦးပါဝင်သည်။

ယခုတေးအယ်လ်ဘမ်မတိုင်မီ "SS501"၏ နောက်ဆုံးသော အနုပညာလှုပ်ရှားမှုမှာ ၂၀၀၉ ခုနှစ်က ထုတ်လွှင့်ခဲ့သော "Boys Over Flowers" (F4)ရုပ်ရှင်၏ ဇာတ်ဝင်တေးသီချင်း "Because I'm Stupid"ကို သီဆိုထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။

## ရင်သွေးလေးတွေကို သရုပ်ဆောင်တွေမဖြစ်စေချင်ကြောင်း အန်ဂျလီနာဂျိုလီဖွင့်ဟ



ဟောလိဝုဒ်ရဲ့ကျော်ကြားတဲ့မင်းသမီးတစ်ဦးဖြစ်တဲ့ အန်ဂျလီနာဂျိုလီက သူ့ရဲ့ရင်သွေးလေးတွေကို မိမိကဲ့သို့ သရုပ်ဆောင်တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်း မပြုစေချင်ကြောင်းနဲ့ အခြားသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုကိုလုပ်ကိုင်ရင်း တစ်ဖက်တစ်လမ်းမှ သရုပ်ဆောင်အဖြစ် လှုပ်ရှားခြင်းမျိုးသာ ဖြစ်စေချင်ကြောင်း ရုပ်သံအင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့တာကို ယူပီအိုင်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၄၀)ရှိပြီဖြစ်တဲ့ ဂျိုလီက ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့တဲ့ တူဒေးရှိုးရုပ်သံအစီအစဉ်မှာ သူ့ရဲ့ရင်သွေးလေးခြောက်ဦးရဲ့ အကြောင်းတွေနဲ့ ပတ်သက်ပြီး ပြောကြားခဲ့ပါတယ်။ သူ့ရဲ့ ရင်သွေးလေးတွေဟာ နောက်ဆုံးရိုက်ကူးထားတဲ့ " Kung Fu Panda 3" ရုပ်ရှင်မှာ အသံဖြင့်ပါဝင်သရုပ်ဆောင်ထားပါတယ်။ ရင်သွေးလေးတွေကို ယခုလိုသရုပ်ဆောင်လောကထဲကို ဆွဲခေါ်ခဲ့တာနဲ့ပတ်သက်ပြီး ဂျိုလီကိုမေးတဲ့အခါ ကလေးတွေ ငယ်ရွယ်သေးတဲ့အချိန်မှာ ပျော်စရာအတွေ့အကြုံတစ်ခုအဖြစ် သရုပ်ဆောင်စေခဲ့တာဖြစ်ပေမယ့် သူ့ရဲ့ကလေးတွေကို ဘယ်တော့မှ သရုပ်ဆောင်တစ်ဦးအဖြစ် ကြီးပြင်းစေမှာမဟုတ်ဘူးလို့ မင်းသမီးက ဆိုခဲ့ပါတယ်။

ယင်း" Kung Fu Panda 3"ရုပ်ရှင်တွင် ဂျိုလီ၏ရင်သွေးလေးများ အနက် အငယ်ဆုံးလေးများဖြစ်ကြသော ပက်ဇ်၊ ဇဟာရာ၊ ရှားလော့စ်နဲ့ နော့ဇ် တို့လေးဦး ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ အန်ဂျလီနာဂျိုလီက ဒါရိုက်တာအဖြစ် ရိုက်ကူးပြီး ဂျိုလီနဲ့ ခင်ပွန်းဖြစ်သူ ဘရက်ပစ်တို့ ခေါင်းဆောင်ပါဝင်ထားတဲ့ရုပ်ရှင် " By the Sea"ရိုက်ကူးစဉ်ကလည်း ဂျိုလီက သားကြီးဖြစ်သူ မက်ဒေါ့ဇ်အား ထုတ်လုပ်ရေးလုပ်ငန်းများတွင် လက်ထောက်တစ်ဦးအဖြစ် ပါဝင်စေခဲ့ပါတယ်။ လတ်တလောမှာလည်း မက်ဒေါ့ဇ်ဟာ သူ့ရဲ့မွေးရပ်မြေဖြစ်တဲ့ ကမ္ဘောဒီးယားမှာ မိခင်ဖြစ်သူနှင့်အတူ " First They Killed My Father "ရုပ်ရှင်ကို ရိုက်ကူးလျက်ရှိပါတယ်။

ယခုကဲ့သို့ သားကြီးဖြစ်သူအား အနုပညာလုပ်ငန်းများတွင် ပါဝင်စေခြင်းနဲ့ ပတ်သက်၍လည်း ဂျိုလီက မိသားစုလုပ်ငန်းတစ်ခုအနေဖြင့် ပါဝင်လုပ်ဆောင်စေခြင်းဖြစ်ကာ အနုပညာမိသားစုတွင်မွေးဖွားကြီးပြင်းရသော ကလေးများအနေဖြင့် မိဘတွေရဲ့အနုပညာလုပ်ငန်းတွေမှာ မကြာခဏ ပါဝင်နေမှာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

# ဖက်ဒရာအားအနိုင်ယူပြီး လက်ရှိချန်ပီယံ ဂျိုကိုဗစ်ချ် ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲသို့တက်ရောက်



ဇန်နဝါရီ၂၈ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ဖက်ဒရာနှင့် ဂျိုကိုဗစ်ချ်တို့၏ ဩစတြေးလျအိုးပင်း အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ဂျိုကိုဗစ်ချ်က ၆-၁၊ ၆-၂၊ ၃-၆၊ ၆-၃ ဖြင့်အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။ ကမ္ဘာ့အဆင့်(၁)ဂျိုကိုဗစ်ချ်မှာ ပွဲစလျှင်စချင်း အနီးပေး၊ အဝေးပေး၊ ဗော်လီရိုက်ချက်အမျိုးမျိုးဖြင့် အမှတ်ရအောင်ကစားနိုင်ခဲ့ရာ ပထမပွဲငယ်နှစ်ပွဲမှာပင် အမှတ်ပြတ်အနေအထားဖြင့် ဦးဆောင်နိုင်ခဲ့သည်။ တတိယပွဲငယ်တွင် ဖက်ဒရာက အသာရရှိအောင်ပြန်လည်တုံ့ပြန်နိုင်ခဲ့သော်လည်း စတုတ္ထပွဲငယ်အရောက်တွင် ဂျိုကိုဗစ်ချ်၏ သက်လုံကောင်းမွန်မှု၊ နည်းစနစ်ကျွမ်းကျင်မှုနှင့် လျင်မြန်မှုတို့ကြောင့် ဖက်ဒရာမှာ ၆-၃ဖြင့် အရှုံးပေးခဲ့ရသည့်အတွက် သူ၏ (၁၈)ကြိမ်မြောက်ဂရင်းစလင်း ချန်ပီယံအိပ်မက်ကို စွန့်လွှတ်လိုက်ရပြီဖြစ်သည်။

ဖက်ဒရာမှာ သူ၏ အမှတ်သင်္ကေတဖြစ်သော လှုပ်တစ်ပြက်တန်ပြန်ရိုက်ချက်၊ အနီးအဝေးရိုက်ချက်နည်းဗျူဟာအမျိုးမျိုး ပြောင်းလဲကျင့်သုံးကာ ကစားခဲ့သော်လည်း ဂျိုကိုဗစ်ချ်မှာ ကမ္ဘာ့အဆင့်(၁)ကစားသမားဖြစ်သည်နှင့်အညီ အမှားကျူးလွန်မှုမရှိသည့်အတွက် ဖက်ဒရာအနေဖြင့် မှန်းချက်နှင့်နှမ်းထွက်မကိုက်ခဲ့သည့်ပွဲဟု ပင်ဆိုရမည်ဖြစ်သည်။ ဖက်ဒရာမှာ ၂၀၁၁ခုနှစ်ယူအက်စ်အိုးပင်းတွင် အဂ္ဂါစီအားအရေးနိမ့်ခဲ့သည့်ပွဲနောက်ပိုင်း ယခုကဲ့သို့ ပထမပွဲငယ်နှစ်ပွဲတွင် အမှတ်ပြတ်ရှုံးနိမ့်ခဲ့ခြင်းမှာ သူ့အတွက် ပထမဦးဆုံးအကြိမ်ပင်ဖြစ်သည်။

ယင်းသို့ အနိုင်ရခဲ့သဖြင့် ဂျိုကိုဗစ်ချ်မှာ ဖက်ဒရာနှင့်တွေ့ဆုံခဲ့သည့် (၄၅)ကြိမ်တွင် (၂၃)ကြိမ်အထိအနိုင်ယူနိုင်ခဲ့ပြီဖြစ်သောကြောင့် ထိပ်တိုက်တွေ့ဆုံမှုတွင်အသာရယူနိုင်ခဲ့သည့် မှတ်တမ်းသစ်ကိုပါ ရေးထိုးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ဂျိုကိုဗစ်ချ်မှာ ဇန်နဝါရီ ၃၁ ရက်နေ့တွင် အင်ဒီမာရေးနှင့် ရီအားနစ်တို့ပွဲစဉ်မှ အနိုင်ရရှိသူနှင့် တွေ့ဆုံယှဉ်ပြိုင်ကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

## ဖာမီနိုက အိုဇေးလ်၊ အင်နီယေစတာတို့လို ပြီးပြည့်စုံတဲ့ကစားသမားပါ



လီဗာပူးတိုက်စစ်မှူး ဖာမီနိုက ဘာစီလိုနာရဲ့ အင်နီယေစတာ၊ အာဆင်နယ်မှ အိုဇေးလ်တို့လို ပြီးပြည့်စုံတဲ့ ကစားသမားဖြစ်တာကြောင့်သူ့ကို ဗဟိုပြုတဲ့ကစားကွက်ကို လီဗာပူးနည်းပြ ဂျာဂင်ကလော့အနေနဲ့ ခင်းကျင်းသင့်တယ်လို့ ဘရာဇီးကစားသမားဟောင်း ရိုနယ်လ်ဒင်ညိုက သူ့အမြင်ကို ပြောပါတယ်။ ဖာမီနိုက ပြီးခဲ့တဲ့နွေဈေးကွက်အတွင်း ဘွန်ဒက်စ်လီဂါကလပ်ဟော့ဖန်ဟိမ်းကနေ လီဗာပူးကို ပြောင်းရွှေ့ကြေးပေါင် ၂၈ ဒသမ ၇ သန်းနဲ့ ရောက်ရှိလာခဲ့တာဖြစ်ပြီး အစပိုင်းမှာ ခြေစွမ်းပိုင်းရုန်းကန်ခဲ့ရပေမယ့် နောက်ပိုင်းမှာတော့သူ့ရဲ့ တန်ဖိုးအစစ်အမှန်ကို ပြသနိုင်ခဲ့ပါတယ်။

သူဟာ အသင်းအတွက် သွင်းဂိုးငါးဂိုးသာ သွင်းယူပေးနိုင်ခဲ့သေးပေမယ့် သူ့ရဲ့ ဂိုးဖန်တီးမှုတွေ၊ ကွင်းလယ်အထိ ဘောလုံးဆင်းယူ ကစားတတ်မှုတွေက သူဟာ တိုက်စစ်ကစားသမားအစစ်အဖြစ်သာမက ဗဟိုကွင်းလယ်နေရာမှာပါ ကစားနိုင်တယ်ဆိုတဲ့ အချက်ကို ဖော်ညွှန်းနေသလိုပါပဲ။

ရိုနယ်လ်ဒင်ညိုကတော့ ဖာမီနိုက အိုဇေးလ်၊ ဒေးဗစ်ဆေးလ်ဗားနဲ့ အင်နီယေစတာတို့နဲ့ ကစားပုံတူတဲ့ ကစားသမားဖြစ်တာကြောင့် ကွင်းလယ်အားသန်ကစားသမားအဖြစ် ကစားကွက်ခင်းကျင်းပြီး လီဗာပူးအတွက် အောင်မြင်မှုပြန်ရှာသင့်တယ်လို့ အကြံပြုခဲ့ပါတယ်။

မေလဲ့သင်း - ရေးသားသည်

### ဇန်နဝါရီ ၃၀/၃၁ ရက်နေ့ ယှဉ်ပြိုင်မည့် ပွဲစဉ်များ

| | | |
|---|---|---|
| **အင်္ဂလိပ်ပရီးမီးယားလိဂ်** | | |
| **အက်ဖ်အေဖလား (၃၂သင်းအဆင့်)** | | |
| ကိုလ်ချက်စတာ | - စပါး | ည-၇း၁၅ |
| ဝက်စ်ဘရွန်း | - ပီတာဘရော့ | ည-၉း၃၀ |
| ဘော်လ်တန် | - လိဒ် | ည-၉း၃၀ |
| အာဆင်နယ် | - ဘန်လေ | ည-၉း၃၀ |
| ရီးဒင်း | - ဝယ်ဆဲလ် | ည-၉း၃၀ |
| ရှူရူးဘူရီ | - ရှက်ဖီး | ည-၉း၃၀ |
| နော်တင်ဟမ် | - ဝက်ဖို့ဒ် | ည-၉း၃၀ |
| ခရစ္စတယ်ပဲလေ့စ် | - စတုတ်စီးတီး | ည-၉း၃၀ |
| အောက်စဖို့ဒ် | - ဘလက်ဘန်း | ည-၉း၃၀ |
| ပို့စ်မောက် | - ဘုန်းမောက် | ည-၉း၃၀ |
| ဘူရီ | - ဟားလ်စီးတီး | ည-၉း၃၀ |
| ဗီလာ | - မန်စီးတီး | ည-၉း၃၀ |
| လီဗာပူး | - ဝက်စ်ဟမ်း | ည-၁၂း၀၀ |
| **စီးရီးအေ** | | |
| ကာပီ | - ပါလာမို | ည-၈း၃၀ |
| အတ္တလန္တာ | - ဆာစူအိုလို | ည-၁၁း၃၀ |
| ရိုးမား | - ဖရိုစီနိုနီ | နံနက်-၂း၁၅ |
| **လာလီဂါ** | | |
| ဘာစီလိုနာ | - အက်သလက် | ည-၉း၃၀ |
| အီဘား | - မာလာဂါ | ည-၁၁း၄၅ |
| ဂီတာဖေး | - ဘီဘာအို | ည-၁၁း၄၅ |

မောင်မောင်ဇော်

## ၁၀ ပတ်ခန့်အနားယူရတော့မယ့် ဒီဘရူနီ

ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဒီဘရူနီမှာ အဲဗာတန်အားရင်ဆိုင်ခဲ့သည့် ကယ်ပီတယ်ဝမ်းဖလားအကြိုဗိုလ်လုပွဲ ပွဲစဉ်အတွင်း ရရှိခဲ့သည့်ခြေချင်းဝတ်နှင့် ဒူးအရွတ်ကြောစုတ်ပြဲဒဏ်ရာတို့ကြောင့် အနည်းဆုံး ၁၀ပတ်ခန့်အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။ထို့ကြောင့် ဒီဘရူနီဟာ ဧပြီလလယ်မှသာ မန်စီးတီးအတွက် ပြန်လည် ဝင်ရောက်ကစားပေးနိုင်တော့မည်ဖြစ်ရာ သူ၏ကိုယ်စားလှယ်ဖြစ်သူ ဒီကိုစတာက ဒီဘရူနီအနေဖြင့် ကွင်းလယ်အင်အားတောင့်တင်းသော ဘယ်လ်ဂျီယံလက်ရွေးစင်အသင်းနှင့် အတူ ယူရို-၂၀၁၆ဖလားပြိုင်ပွဲအတွက် ရွေးချယ်မခံရတော့မည်ကို စိုးရိမ်နေရခြင်းဖြစ်သည်။

ဒီဘရူနီမှာ ယင်းပွဲစဉ် နောက်ကျပိုင်းရောက်မှသာ ယာယာတိုရေးနေရာတွင် လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်ကစားခဲ့သော်လည်း အဲဗာတန်မှ မိုရီနှင့်ဘောလုံးယှဉ်လုစဉ်အတွင်း လဲကျကာ ဒဏ်ရာရရှိခဲ့သောကြောင့် လူနာတင်ကပ်ဖြင့် ကွင်းထဲမှ ထွက်ခွာခဲ့ရသည်။

ဒီဘရူနီက ဇန်နဝါရီ ၂၈ ရက် ညပိုင်းက သူ၏ တွစ်တာစာမျက်နှာပေါ်တွင် "အထူးကုတွေက ကျွန်တော့်ကို မြက်ခင်းစိမ်းတွေနဲ့ ၁၀ ပတ်လောက်တော့ ဝေးရမယ်လို့ မှတ်ချက်ချပါတယ်။ ဒါပေမယ့် ကျွန်တော် စိတ်ထဲမှာတော့ ဘောလုံးကို အမြန်ဆုံးပြန်လည်ကစားချင်နေပါတယ်"ဟု ရေးသားထားသည်ကိုတွေ့ရမည်ဖြစ်သည်။အစောပိုင်းတွင် ဒီဘရူနီမှာ အနည်းဆုံး ခြောက်ပတ်ခန့် အနားယူရမည်ဟု ခန့်မှန်းထားသော်လည်း ယခုနောက်ဆုံးစစ်ဆေးချက်များအရ ၁၀ပတ်ခန့်အနားယူရမည်မှာ သေချာသွားပြီဖြစ်သည်။

*အီတလီစီးရီးအေပြိုင်ပွဲရဲ့ပွဲစဉ်၂၂ကို လာမယ့်ဇန်နဝါရီလ ၃၀-၃၁ ရက်တွေနဲ့ ဖေဖော်ဝါရီလ ၁ ရက်တို့မှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဆိုပါပွဲစဉ်မှာတော့ မီလန်ဒါဘီပွဲစဉ်ဖြစ်တဲ့အေစီမီလန်နဲ့အင်တာမီလန်တို့ဆုံတွေ့တဲ့ပွဲစဉ်ပါဝင်နေတာကြောင့်အကြိတ်အနယ်ရှိမှာသေချာနေသလိုစိတ်ဝင်စားဖို့လည်းကောင်းနေပါတယ်။*

## အေစီမီလန်နဲ့ အင်တာမီလန်တို့ရဲ့မီလန်ဒါဘီကြောင့် အကြိတ်အနယ်ရှိနေမယ့်

### စီး ရီး အေ ရင် ခုန် သံ (၂၂)

ရှိုင်းမင်းမင်း

**ကာပီ - ပါလာမို** ည ၈း၃၀ (၃၀-၁-၁၆)

အခုနောက်ပိုင်းမှာတန်းမဆင်းရဖို့ ပွဲတိုင်းအားစိုက်ကစားနေတဲ့ကာပီရဲ့ ခြေကကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ ဒီပွဲစဉ်မှာလည်းအိမ်ကွင်းဖြစ်တာကြောင့် ကာပီတို့အားစိုက်ကစားမှာဖြစ်ပါတယ်။ အထူးသဖြင့် ပါလာမိုလည်း တန်းမဆင်းရဖို့ပြိုင်ဘက်ဖြစ်တဲ့ ကာပီကို ပိုမိုအားစိုက်နိုင်သလို နိုင်ပွဲလည်းရသွားမှာပါ။

**အတ္တလန္တာ - ဆာစူအိုလို** ည ၁၁း၃၀(၃၀-၁-၁၆)

ဒီနောက်ပိုင်းမှာအတ္တလန္တာရဲ့ခြေစွမ်းပိုင်းက တောက်လျှောက်ကျဆင်းနေပါတယ်။ အိမ်ကွင်းကစားပုံ ကောင်းမွန်တတ်ပေမယ့်ခံစစ်ပိုင်းကအားပျော့မှုတွေရှိလာတာကြောင့် ဆာစူအိုလိုရဲ့တုံ့ပြန်ကစားမှုကိုခံရနိုင်ပါတယ်။ အတ္တလန္တာအိမ်ကွင်း ဖြစ်ပေမယ့် ဆာစူအိုလိုရဲ့ကစားအားကြောင့်သရေကျသွားဖို့များပါတယ်။

**ရိုးမား - ဖရိုစီနိုနီ** နံနက် ၂း၁၅(၃၁-၁-၁၆)

ရိုးမားဟာအခုနောက်ပိုင်းမှာခြေစွမ်းပိုင်းတောက်လျှောက်နီးပါးကျဆင်းနေပါတယ်။ အထူးသဖြင့်တိုက်စစ်ပိုင်းကအစ အဆုံးသတ်ပိုင်းကျဆင်းလာလို့အိမ်ကွင်းပွဲတွေမှာတောင် နိုင်ပွဲရရေးရုန်းကန်နေရပါတယ်။ ဖရိုစီနိုနီကတော့ခြေစွမ်းအားနည်းပေမယ့်တန်းမဆင်းရဖို့ အားစိုက်ကစားနေတဲ့အသင်းပါ။ ရိုးမားတို့ကပ်ပြီးသာအနိုင်ရမယ်။

**ချီယေဗို - ဂျူဗင်တပ်** ည ၆း၀၀(၃၁-၁-၁၆)

ချီယေဗိုရဲ့ခြေစွမ်းပိုင်းကမဆိုးဘူးလို့ဆိုနိုင်ပါတယ်။ အိမ်ကွင်းပွဲစဉ်လည်းဖြစ်တာကြောင့် အမှတ်ရရှိရေးအားစိုက်ကစားလာမှာပါ။ ဂျူဗင်တပ်ကတော့ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိပေမယ့် ကိုပါအီတလီယာဖလားပွဲကြောင့် ပွဲပန်းလာဖို့ရှိနေပါတယ် ဂျူဗင်တပ် အနိုင်ရမှာဖြစ်ပေမယ့်ဂိုးပြတ်ဖို့ခက်တယ်။

**နာပိုလီ - အမ်ပိုလီ** ည ၈း၃၀(၃၁-၁-၁၆)

နာပိုလီရဲ့ခြေစွမ်းပိုင်းက ထက်မြက်မှုအပြည့်ရှိပါတယ်။ တိုက်စစ်ပိုင်းကဂိုးသွင်းခြေထက်မြက်နေသလို အသင်းလိုက်ကစားပုံလည်းကောင်းမွန်နေတာကြောင့် အမ်ပိုလီကို ထိန်းချုပ်နိုင်မှာပါ။ အမ်ပိုလီကလည်းအခုနောက်ပိုင်းကစားပုံကောင်းမွန်နေတဲ့အသင်းဆိုပေမယ့် နာပိုလီရဲ့ကွင်းလည်းဖြစ်လို့နာပိုလီပဲအနိုင်ရမယ်။

**ဂျီနိုအာ - ဖီအိုရင်တီးနား** ည ၈း၃၀(၃၁-၁-၁၆)

အခုနောက်ပိုင်းမှာဖီအိုရင်တီးနားရဲ့ခြေစွမ်းပိုင်းကတည်ငြိမ်မှုအားနည်းလာပါတယ်။ အထူးသဖြင့် ခံစစ်ကစားပုံပျက်ယွင်းလာပြီးပွဲတိုင်းနီးပါးဂိုးတွေပေးနေရပါတယ်။ ဂျီနိုအာကတော့ တန်းမဆင်းရဖို့ကြိုးစားရုန်းကန်နေသလိုအိမ်ကွင်းအားနဲ့လည်း ခံကစားသွားမှာပါ။ ဖီအိုရင်တီးနားအနိုင်ရမယ်ဆိုရင်တောင် ဂိုးမပြတ်ဘူး။

**တိုရီနို - ဗီရိုနာ** ည ၈း၃၀(၃၁-၁-၁၆)

အမှတ်ပေးဇယားအောက်ဆုံးရောက်နေတဲ့ ဗီရိုနာဟာတန်းမဆင်းရဖို့ကြိုးစားရုန်းကန်နေပေမယ့်တိုက်စစ်ပိုင်းအားပျော့မှုကြောင့်နိုင်ပွဲတွေမရဖြစ်နေပါတယ်။ တိုရီနိုကလည်း ခြေစွမ်းပိုင်းသာမန်သာရှိတဲ့အသင်းဖြစ်ပေမယ့်လည်း အိမ်ကွင်းအားနဲ့ ဖိအားပေးကစားသွားမှာပါ။ တိုရီနိုကသာ အိမ်ကွင်းမှာနိုင်ပွဲရယူသွားပါလိမ့်မယ်။

**အူဒီးနီးစ် - လာဇီယို** ည ၈း၃၀(၃၁-၁-၁၆)

လာဇီယိုက ခြေစွမ်းပိုင်းတိုးတက်မှုတွေရှိလာပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာတော့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ အဝေးကွင်းနောက်ဆုံးပွဲစဉ်မှာဘိုလော့နာကိုတောင်အနိုင်မရခဲ့ပါဘူး။ ဒါပေမယ့်အူဒီးနီးစ်ကလည်းခြေသာမန်သာရှိတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာတော့လာဇီယိုတို့အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။

**ဘိုလော့နာ - ဆမ်ဒိုရီးယား** ည ၈း၃၀ (၃၁-၁-၁၆)

အဝေးကွင်းနောက်ဆုံးပွဲစဉ်မှာ ကာပီကိုတောင်ရှုံးနိမ့်ခဲ့ရတဲ့ဆမ်ဒိုးရီးယားဟာ ဒီရာသီစီးရီးအေအဝေးကွင်းပွဲတွေမှာ တစ်ပွဲသာနိုင်သေးတဲ့အထိလည်းအဝေးကွင်းခြေအားနည်းပါတယ်။ ဘိုလော့နာကခြေမတည်ငြိမ်ဘူးဆိုပေမယ့် တန်းဆင်းဇုန်ထဲကအသင်းတွေနဲ့အမှတ်မကွာလို့အိမ်ကွင်းမှာအားစိုက်လာမှာပါ။ ဘိုလော့နာကပ်နိုင်မယ်။

**အေစီမီလန် - အင်တာမီလန်** နံနက် ၂း၁၅(၁-၂-၁၆)

မီလန်ဒါဘီပွဲစဉ်ဖြစ်တာကြောင့်အကြိတ်အနယ်ရှိမှာပါ။ လက်ရှိအချိန်မှာ အေစီမီလန်ရဲ့ ခြေစွမ်းကပိုမိုတည်ငြိမ်သလို အိမ်ကွင်းလည်းဖြစ်ပါတယ်။ ဒါ့အပြင်ကြားရက်မှာနှစ်သင်းစလုံးကိုပါအီတလီယာဖလားပွဲကစားခဲ့ရမှာဖြစ်ပေမယ့်အင်တာက ဂျူဗင်တပ်နဲ့ရင်ဆိုင်ခဲ့ရတာဖြစ်လို့ ပွဲပိုပန်းနိုင်ပါတယ်။ အိမ်ကွင်းသဘောနဲ့ကစားရမယ့် အေစီမီလန်သာ အနိုင်ရမှာပါ။

# (၆၉)ကြိမ်မြောက်ပြည်ထောင်စုနေ့အကြိုပဲခူးမြို့ရှောင်လမ်းနှင့် ပဲခူးမြစ်ကူးတံတားဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး ဇန်နဝါရီ ၂၉**

ပဲခူးမြို့နယ် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်-တိုင် (၄၅/၂)မှ မိုင်တိုင် (၅၄/၄)အကြားတွင် ဇန်နဝါရီ ၂၈ရက် နံနက်က (၆၉)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပဲခူးမြို့ရှောင်လမ်းနှင့် ပဲခူးမြစ်တံတားဖွင့်လှစ်ခြင်း အခမ်းအနားများ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်းက ယခင်က ရန်ကုန်-မန္တလေးလမ်းမကြီးကိုသာ အားထားအသုံးပြုနေရသဖြင့် ယင်းလမ်းမကြီးဘေး ပဲခူးမြို့တွင်းအပိုင်း၌ ကျောင်းများ၊ ဆေးရုံများ၊ ဈေးရုံကြီးများ တည်ရှိပြီး အဝေးပြေးခရီးသည် ယာဉ်ကြီးများ၊ ကုန်တင်ယာဉ်ကြီးများ၊ နေ့ညမပြတ် ဝင်ထွက်သွားလာမှုကြောင့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူကလေးများ ယာဉ်အန္တရာယ်နှင့် ကြုံတွေ့နေရခြင်းမှ ကင်းဝေးစေရန် ရည်ရွယ်ချက်ဖြင့် ပဲခူးမြို့ရှောင်လမ်းမကြီးကို အစိုးရသက်တမ်း ငါးနှစ်တာကာလအတွင်း ပြီးစီးအောင် ဖောက်လုပ်ပေးခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း မြို့ရှောင်လမ်းမကြီးရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ပဲခူးမြို့ရှောင်လမ်းမကြီးအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်ကာ လုပ်ငန်းဆောင်ရွက်ခဲ့ပြီး လမ်းအရှည် ၁၁ မိုင် ၃ ဖာလုံ၊ လမ်းအကျယ် ၂၄ ပေရှိ ကတ္တရာလမ်းအမျိုးအစားဖြစ်သည်။

ဆက်လက်၍ အရှည်ပေ ၄၈၀၊ အကျယ်ပေ ၃၁ ရှိ ပဲခူးမြစ်ကူးတံတားကြီးအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးထွန်းဝေ၊ လမ်း/တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေနှင့် လမ်း/တံတား အင်ဂျင်နီယာချုပ် ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**(၅၈၇)**



# မုံရွာမြို့၌ ထိုင်ဝမ်ခရမ်းချဉ်သီး ဈေးနှုန်းကျဆင်း

**မုံရွာ ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာတွင်တစ်ခု အပါအဝင်ဖြစ်သည့် ထိုင်ဝမ်ခရမ်းချဉ်သီး ဈေးများဆိုးရွားသည့်ဈေးနှုန်းများအထိ ကျဆင်းကြောင်း သိရသည်။

မုံရွာမြို့နယ်ဒေသများအတွင်း မြစ်ရေဝင်ရောက်မှု ကြာမြင့်သည့်အတွက် စိုက်ပျိုးချိန် နောက်ကျခြင်း၊ နှုန်းမြေတင်၍ ထိုင်ဝမ်ခရမ်းချဉ်သီးစိုက်ပျိုးတောင်သူ များပြားခဲ့သည့်အတွက် အထွက်နှုန်းအောင်မြင်ဖြစ်ထွန်းသော်လည်း ခရမ်းချဉ်သီး တစ်ပိဿာဈေးနှုန်းမှာ မုံရွာဒိုင်များသို့ ကျပ် ၄၀ နှုန်းဖြင့်သာ ရောင်းချရသဖြင့် စိုက်ပျိုးစရိတ်များ ပြန်လည်းရရှိရန်ခက်ခဲ့ကြောင်း ဒေသခံ ခရမ်းချဉ်သီးစိုက်တောင်သူ တစ်ဦးကပြောသည်။

ယခုလို ခရမ်းချဉ်သီးဈေးနှုန်း ကျဆင်းနေရသည်မှာ အခြားသီးနှံ အစိုအစိမ်းများ လှိုင်လှိုင်ထွက်ပေါ် နေရခြင်းကြောင့်လည်း ယင်းကဲ့သို့ ဆိုးရွားသည့်ဈေးနှုန်းထိ ကျဆင်းနေရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**မင်းမင်း** (IPRD)

# လမ်းနှင့်တံတားလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးရေးဆောင်ရွက်

**ကျောက်ဆည် ဇန်နဝါရီ ၂၉**

ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၌ လမ်း၊ တံတားပေါင်း ၂၇ ခု ကျပ်သန်းပေါင်း ၆၇၃ ဒသမ ၃၂၊ ရေပေးရေးလုပ်ငန်း ၁၂ ခု ကျပ်သန်းပေါင်း ၁၂၉ ဒသမ ၁၊ ဆိုလာမီးလင်းရေးလုပ်ငန်းလေးခု ကျပ်သန်းပေါင်း ၃၈ ဒသမ ၁၉ စုစုပေါင်းလုပ်ငန်း ၄၃ ခုအား ကျပ်သန်းပေါင်း ၈၄၀ ဒသမ ၆၁ ဖြင့်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများမကြာမီ အချိန်အတွင်း ၁၀၀ ရာခိုင်နှုန်းပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

"လမ်းတွေ၊ တံတွေ ပြုပြင်တာများတယ်၊ သတ်မှတ်ချိန်အတွင်းပြီးစီးဖို့ အားစိုက်ပြီး ဆောင်ရွက်နေတာပါ၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီဖို့ တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် ကွင်းဆင်းပြီး စစ်ဆေးတယ်၊ အရင်က ဒီလမ်းတွေက သွားလို့လာလို့ ခက်ခဲတယ်။ အခုဆိုရင် လမ်းတွေကို ပြင်ပြီးတော့ ကျေးရွာရဲ့ ထုတ်ကုန်တွေ အလွယ်တကူ စီးဆင်းလို့ ရသွားတာပေါ့။ နောက်ပြီး ကျေးရွာတွေရဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေလည်း တိုးတက်မှာသေချာတယ်" ဟု ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်ကပြောပြသည်။

**ထွန်းထွန်းနိုင် (ကျောက်ဆည်)**

# စားသုံးသူရေးရာသိကောင်းစရာများအကြောင်း အသိပညာပေးနယ်လှည့်ဟောပြော

**ကနီ ဇန်နဝါရီ ၂၉**

တိုင်းဒေသကြီး ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ယာကြီးကျေးရွာအုပ်စု အောင်သပြေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) တွင် ဇန်နဝါရီ ၂၇ ရက်က စားသုံးသူရေးရာ သိကောင်းစရာများအကြောင်း အသိပညာပေး နယ်လှည့်ဟောပြောခဲ့ကြောင်း သိရသည်။

ယင်းဟောပြောပွဲတွင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ဦးစီးမှူး ဦးသောင်းကြိုင်က စားသုံးသူရေးရာ ဥပဒေကိစ္စရပ်များ၊ ယင်းမာပင်ခရိုင် ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းပိုက အန္တရာယ်ရှိ မုန့်မျိုးစုံနှင့် ဟင်းချိုမှုန့်အကြောင်းနှင့် စစ်ကိုင်းခရိုင်ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးအောင် ကစားသုံးသူရေးရာ သိကောင်းစရာများအကြောင်း အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**


# ကာတီယာစိန်တိုက်

1ct အောက်မှ 10ct အထက်ထိ စိန်ပွင့်ကြီးများကို သက်သာသော နှုန်းထားများဖြင့် ရောင်းချပေးနေပါသည်။

စိန်ထည်ဒီဇိုင်းဆန်းများကိုလည်း ရောင်းချပေးနေပါသည်။

"အို...ပိုက်ဆံများရှိလို့ကတော့ ကာတီယာစိန်တိုက်က စိန်တွေကိုဝယ်ပြီး တစ်ကိုယ်လုံးကို စိန်စီပစ်လိုက်မှာ..."

Show Room(I) No.137 ရွှေဘုံသာလမ်း(အောက်) Tel : 246838, 384905, 241929

Show Room(II) No.52 အရှေ့ဘက်အပြင်တန်းဗိုလ်ချုပ်အောင်ဆန်းဈေး၊ Tel : 253308



## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သစ္စာလမ်း၊ အမှတ်(၂၁၉)နှင့် နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇဌာနေလမ်း၊ အမှတ်- ၃၀/၃၉တွင် ရုံးခန်းဖွင့်လှစ်ထားရှိသည့် Golden Gate International Company Limited၏ ဒါရိုက်တာ ဦးမျိုးဇင်ဦး[၁၂/ကတတ(နိုင်) ၀၂၂၈၈၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

Golden Gate International Company Limitedသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

(၁၆၆၁၄/၂၀၁၅)

အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ခွန်အားဖြည့် အချိုရည်အပါအဝင် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ပါ၍ Golden Gate International Company Limited ၏ မူပိုင်အဖြစ် အသုံးပြုသော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို တုပသုံးစွဲခြင်း မပြုလုပ်ကြပါရန်နှင့် ကုမ္ပဏီ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် တုပသုံးစွဲသူမည်သူမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူခံရမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှလှစမ်း LL.B,DBL**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၈၁)**
**အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၅၁၃၀၇၆၇**



Royal Material Co.,Ltd.

Royal ABS Home Door, Steel Door& Acrylic Sheet

နိုင်ငံတကာ အရည်အသွေးမီ
အိမ်တွင်းအလှဆင်ပစ္စည်းများ အရောင်းပြခန်းနှင့်
အိမ်တွင်းအလှဆင်လုပ်ငန်း



အမှတ် (၃၈၉)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး (ငုဂါလမ်းအနီး)၊အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-01 2315 080, 01 508 132, 09 79700 6070, 09 5102423

## ဂုဏ်ဝိသိဋ္ဌ ပူဇော်ခြင်းမင်္ဂလာ

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်ကွက်၊ ပန်းစုံကျောင်းဆရာတော် ဘဒ္ဒန္တအာသဘ(မြို့နယ်သံဃနာယက ဥက္ကဋ္ဌ)အား ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် နှစ်ဦးမင်္ဂလာအခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ခံရခြင်းအတွက် ဝမ်းမြောက်စွာဖြင့် ဂုဏ်ပြုပူဇော်အပ်ပါသည်ဘုရား။

တပည့်
ဦးအောင်လင်းနိုင်-ဒေါ်နွဲ့နွဲ့ဝင်း
လင်း-တာယာမိသားစု
မြင်းဘက်ရပ်၊ ပျော်ဘွယ်မြို့

## ဝမ်းမြောက်ဂုဏ်ယူခြင်း

ရွှေနဒီပရဟိတကျောင်းဒါယကာ၊ ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) ဦးဆောင်နာယက **သီဟသူ့ရမ္မမဏိဇောတဓရ** ဦးစိုးသိမ်းအား ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ **သီရိသူ့ဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက် ပါကြောင်းနှင့် ကာယသုခ၊ စိတ္တသုခနှစ်ဖြာ ပြည့်စုံပြီး၊ နိုင်ငံအကျိုး အမျိုးဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

အမှုဆောင်အဖွဲ့
ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)

## နှစ်ငါးဆယ်မြောက်ရွှေရတုမင်္ဂလာ

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်တွင် ကျရောက်သည့် ဖေဖေ အကယ်ဒမီစန္ဒရား ဦးတင်ဝင်းလှိုင်နှင့် မေမေတေးသံရှင် ဒေါ်ကြည်ကြည်ဝင်း တို့၏ နှစ်ငါးဆယ်မြောက် ရွှေရတုမင်္ဂလာရက် မှသည် အသက် ထက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီးကြီး - ဝင်းလဲ့လဲ့
သမီးငယ် - ဝင်းသွဲ့သွဲ့

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

### ဦးကြည်ထွန်း (Managing Director Trust & Gain Co.,Ltd)... သို့

- မွေးနေ့ချိန်ခါ၊ ဤမင်္ဂလာမှာ ကျန်းမာရွှင်လန်း၊ ဝမ်းပန်းတသာ၊
  ပျော်ပါစေကြောင်း၊ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။
  အို. . . ဘယ့်သခင် . . . မေတ္တာရှင်။
- ပါရမီဖက်၊ ကံခြင်းဆက်၍ ချစ်သက်ရှည်ကြာ၊ မောင့်မေတ္တာနှင့်
  သံသရာလမ်း၊ ခရီးကြမ်းကို ဖြတ်သန်းနိုင်ခဲ့ကြပါပြီ။
- လိုချင်ဇောနှင့်၊ မောလည်း မောနွမ်း၊ ပန်းလည်းပန်းခဲ့ကြပါပြီ။
  လောကဓံကိုကျော်၊ ပျော်လည်းပျော်ခဲ့ မော်လည်းမော်နိုင်ခဲ့ကြပါပြီ။
  မိဘဆွေမျိုး၊ မိသားစုအကျိုးကို သယ်ပိုးနိုင်သမျှ ပြုခဲ့ကြပါပြီ။
  ဖြူဟွဲစိုရ်တရား၊ လက်ကိုင်ထား၍ အများအကျိုး၊ ပြည်ရွာကျိုးကို
  ထမ်းပိုး သယ်ပြု၊ ကုသိုလ်မှုနှင့် အစုပေးစေ။ အမျှဝေနိုင်ခဲ့ကြပါပြီ။
- သံသရာအရေး၊ မျှော်ဆတွေး၍ ဤမွေးနေ့မှ တစ်ရာနှစ်တိုင်
  ခိုင်သစ္စာမြဲ၊ တူယှဉ်တွဲလျက် စွဲမြဲသတိ၊ အသိပွားများ
  ဖြူစိတ်ထားနှင့်၊ တရားဆင်ခြင် မဂ်လမ်းခွင်ကို၊ အောင်မြင်လှမ်းလျှောက်
  မျက်မှောက်ပြုနိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။
  အို. . . ဘယ့်သခင် . . . မေတ္တာရှင်။

ချစ်ဇနီး - ဒေါ်မေနှင်းစိုး (ကျောင်းအုပ်ကြီး Shining Star Educare)

ချစ်သား - အေးချမ်းအာကာကြည်စိုးသာ၊ မောင်အဲမင်းဒိန်

## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး
## ဩဝါဒပါတိမောက်အခါတော်နေ့အထိမ်းအမှတ်
## (၁၉)ကြိမ်မြောက်
## နှမ်းမနဲစတုဒိသာပွဲတော်

ရွှေဘုန်းပွင့်စေတီတော် (ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်)တွင် ဩဝါဒပါတိမောက် အခါတော်နေ့ အထိမ်းအမှတ် (၁၉)ကြိမ်မြောက် နှမ်းမနဲစတုဒိသာပွဲတော်ကို (၁၃၇၇ခုနှစ်၊ တပို့တွဲလဆန်း ၁၄ရက်) ၂၂-၂-၂၀၁၆ရက် (တနင်္လာနေ့)၊ ညနေ ၃နာရီတွင် ကျင်းပပြုလုပ်ပါမည်။ နှမ်းမနဲလေးပြည်တစ်ဒယ်လှူင် ကျပ်(၁၅၀၀၀/-) နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်း ၀၁-၂၉၀၄၂၅၊ ၀၁-၂၉၄၀၁၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့

**သည်းငယ်-ခိုင်ဆုဝေ**

ဒီနေ့ ၃၀-၁-၂၀၁၆ရက်နေ့ဟာ ကိုယ်တို့နှစ်ဦး ရွှေလက်တွဲလာတာ (၅)နှစ်တာပြည့်ခဲ့ပါပြီ။ ဒီကာလအတွင်း ကိုယ့်အပေါ် အစစအရာရာ ဂရုစိုက်ပေးတာတွေ၊ ကိုယ်တို့နှစ်ဦးရဲ့ ရင်နှစ်သည်းခြာ သားနှင့်သမီး အမွှာလေး မွေးပေးခဲ့တာတွေကြောင့် ပိုလို့ချစ်ရပါတယ်။ ကိုယ်တို့နှစ်ဦးရဲ့ နောင်လာမယ့် နေ့ရက်တွေဟာ ဒီထက်ပိုပြီး လှပသာယာပါစေလို့ ကိုအမြဲ ဆုတောင်းပါတယ်။

ကိုကို - နေမျိုးထိုက်

## လက်ထပ်ပြီးစီးကြောင်း

ရန်ကုန်မြို့နေ ဦးကျော်ကျော်-ဒေါ်ခင်အေးနိုင်တို့၏သားကြီး
မောင်ထင်လင်းအောင်၏ အစ်ကို

**မောင်ကျော်မျိုးဟိန်း**

**HNT Diploma in ISE (College of North West London)**

နှင့်

ရန်ကုန်မြို့နေ ဦးကျော်ဆွေ-ဒေါ်ညွန့်ညွန့်ဝင်းတို့၏သမီး

**မယမင်းဆွေ**

**(B.Ed.YIOE) 1st Year MBA (LSC, London)**
**Dip in Management(College of North West London) Dip in Social Work(Y.U)**
**Dip in Development Studies(YIE)**

တို့သည် နှစ်ဖက်မိဘဆွေမျိုးတို့၏ သဘောတူညီချက်အရ London Brent Town Hallတွင် လက်မှတ်ရေးထိုးပြီး Wembley Monastry, Londonတွင် ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား မင်္ဂလာဆွမ်းကျွေး ကပ်လှူပူဇော်ပြီးပါကြောင်း။

မောင်ကျော်မျိုးဟိန်း-မယမင်းဆွေ

**တော်ဝင်နန်းထိပ်ထား ခရီးသွားလုပ်ငန်း**

| | |
|---|---|
| တောင်ကြီး ~ အင်းလေး ~ ပင်းတယ ~ ကလော | 150000 ကျပ် |
| ပုဂံ ~ စွယ်တော်လေးဆူ ~ ပုပ္ပါး ~ ပခုက္ကူ | 140000 ကျပ် |
| ငေါ်ရန်ကိုကျွန်း ~ နံ့သာပုကမ်းခြေ ခရီးစဉ် | 98000 ကျပ် |
| အလောင်းတော် ကဿပ ~ မုံရွာ ~ စစ်ကိုင်း ~ မန္တလေး | 98000 ကျပ် |
| ရွှေစက်တော် ဖွင့်ပွဲ အထူး | 78000 ကျပ် |
| မော်လမြိုင် ~ စက်စဲ နေ့ချင်းပြန် | 35000 ကျပ် |
| ဘားအံ ~ ကျိုက်ထော် ~ ဆဒ္ဒန်ဂူ နေ့ချင်းပြန် | 37000 ကျပ် |

February လ ခရီးစဉ်များ
09 4500 43394, 09 2526 30799
09 50 99340, 09 9726 22114

## ဦးဝင်းမိုးထွန်း-ဒေါ်ဂျာကန်ခေါင်နန်းနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးမျိုးမြင့်သောင်း(ခ)ဂျက်ကြီး[၈/ရစက(နိုင်)၀၀၁၃၇၄] (ဘ)ဦးသောင်းဦး၊ အမှတ်(၆၉)၊ ဂျာမိုင်ကောင်းနယ်မြေ၊ မြို့သစ်ကြီးရပ်ကွက်၊ မြစ်ကြီးနားမြို့တွင် နေထိုင်သူက အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာလိုက်သည်။

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ အမှတ်(၄၄၁)နေ ဦးဝင်းမိုးထွန်း[၁/မကန(နိုင်)၀၀၆၃၈၅]နှင့်ဒေါ်ဂျာကန်ခေါ်နန်း [၁/မကန(နိုင်)၀၀၀၀၈၂]တို့က ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ(၁၂-၁၈) ရက်စွဲဖြင့် ထုတ်ဝေသည့် မြန်မာသံတော်ဆင့် (THE MYANMAR HERALD) အပတ်စဉ်သတင်းဂျာနယ်၏ စာမျက်နှာ (၇) ပေးစာကြော်ငြာကဏ္ဍတွင် ၎င်းတို့နေအိမ်မှ ရွှေထည်ပစ္စည်းများ ပျောက်ဆုံးခဲ့မှုနှင့်ပတ်သက်၍ ခိုင်မာသည့်အထောက်အထား တစ်စုံတစ်ရာမရှိဘဲ ကျွန်ုပ်၏အမှုသည် ဦးမျိုးမြင့်သောင်း(ခ)ဂျက်ကြီးအား သံသယတရားခံအဖြစ်လည်းကောင်း၊ တာဝန်ယူစစ်ဆေးရသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည်ဟူ၍လည်းကောင်း၊ မဟုတ်မမှန်ဘဲ အယ်ဒီတာထံပေးစာတွင် ဖော်ပြခဲ့ရာ ၎င်း၏ ဂုဏ်အသရေ ညှိုးနွမ်းထိခိုက်ခဲ့ရသည့်အပြင် လူမှုရေး၊ စီးပွားရေးနစ်နာမှုများ ပေါ်ပေါက်နေရပါသည်။

ဦးဝင်းမိုးထွန်းနှင့် ဒေါ်ဂျာကန်ခေါ်နန်းတို့အနေဖြင့် အထက်ပါကဲ့သို့ ကျွန်ုပ်၏အမှုသည်အပေါ် ဥပဒေမဲ့ မဟုတ်မမှန် စွပ်စွဲဖော်ပြဆောင်ရွက်မှုမပြုရန်နှင့် ထိုသို့စွပ်စွဲမှုများကို ဆက်လက်ပြုလုပ်မည်ဆိုပါက ကျွန်ုပ်ဘက်က စွပ်စွဲသူများအပေါ် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်သည်။

ဦးမျိုးမြင့်သောင်း(ခ)ဂျက်ကြီး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်
**B.A(Hist;) H.G.P,R.L(II),D.B.L**
အကျိုးဆောင်ရှေ့နေ(စဉ်-၁၀၉၂၁)
အမှတ်(၂၀၇)၊ အောင်နန်း၊ မြစ်ကြီးနားမြို့
ဖုန်း-၀၉-၆၄၀၁၀၈၁၊ ၀၉-၂၄၀၀၄၂၅

SUMMIT SILC
# Summit Int'l Learning Centre
No.91, Upper Kyeemyin Daing Road, Yangon.

## 2016 Summer English 4 Skills.

4th Mar

March, April & May

*(Mon ~ Fri) Sessions
*(Sat ~ Sun) Sessions
Session I: 8:30am ~ 11:30am
Session II: 12:00am ~ 3:00pm

Ph: 01 9317321, 09 73150347, 09 450066812

SH မြင့်သူထက် YU
UDE
PGDMA နည်းပြ/သရုပ်ပြ JO
ရုပ်/သံ ကျေးလက်ဖွံ့ဖြိုးရေး နယ်စပ်



ROBINSON Business School
VICTORIA UNIVERSITY THE SCHOOL OF MANAGEMENT

**Switzerland MBA/DBA**

Registration Open 28th Intake

Nang Tin Moe Thu
Deputy Manager of Brand Communications
KBZ Bank
*MBA Student*
*Victoria University (Switzerland)*

Venue: 206-E, La Pyayt Wun Plaza
Dagon Township, Yangon

09 43196211/09 420053536
www.rbsmm.com

ပုလဲ (နည်းပညာတက္ကသိုလ် မှတ်ပုံတင်လုပ်ငန်း)
ကျောင်းဆရာ/ဆရာမ ဖြစ်လိုသူများအတွက်

Ph: 09 43057605, 09 784805259
09 420040902, 09 420040903

ဖောင်ကြွေပျောက်ဆုံးခြင်း

ဆရာကျော် (မူ၊လယ်၊ထက်)စာစီစာကုံး နွေရာသီ
အခြေခံတန်းခွဲများ
ဖုန်း 01-508203, 09 785078302, 09 5078302, 09 450061609,

ACADEMIC CENTRE
Day Camp

Choose the right school for your child that prepares them for the next step in their educational journey

visit us and get a Special Discount at Kids Fair 2016 (29th - 31st January) Tatmadaw hall



"Fit Brains Gain More"
# BRAINWORKS
Pre-School
An ISO 9001:2008 and 14001:2004 Certified Institution

| Tamwe | 41st Street | Kyi Myin Daing | Sanchaung | Aung Zeya | Parami | Taunggyi |
|---|---|---|---|---|---|---|
| 24/26 South Race Course St. | 107-115 41st Street | 17 U Lu Ni Street | 336 Pyay Road | 34 Aung Zay Ya St. | 3 Mya Sabai Street | 24/12 Kanbawza st. |
| 401592 - 4 | 376022, 376010 | 2300 715 - 6 | 01 526456 | 09 262934441-2 | 09 7310 7376 | 081 206841-4 |

www.brainworks-total.com

# P.E.S.
ENGLISH & JAPANESE CLASS
U WIN MAW (U.S.A.)
T. Kate (Dip. in Eng.) UFL

1. ဆရာဖြစ်သင်တန်းများ
2. သံရုံး VISA Interview
3. မြန်မာစာနှင့် စကားပြောသင်တန်း
4. နိုင်ငံခြားခရီးသွားမည့်သူများအတွက် Speaking သင်တန်း
5. အခြေခံ Grammar & Speaking
6. Grammar (Advanced)
7. Spoken English (Adv.)
8. Reading & Vocabulary

NAGOYA LIGHT JAPANESE CLASS
1A, Ground Fl., Zayar Thiri St. Kamaryut Tsp.,
Japanese 09 7826 80384
09 9611 95910
English 09 5155324/09 2610 36123
236 (3C), Yadanar Street, Myaynigone,
Sanchaung Township, Yangon. 503984 / 503492

# MIC
Myanmar Imperial College

in association with NLP Top Coach

UNLEASH YOUR POWER FOR SUCCESS & HAPPINESS

## BREAK THROUGH TO SUCCESS
2-Days Seminar at MIC U-Wisara Campus



Speaker :
Sebastien Leblond
- Author
- International Speaker
- Master Coach

Sebastien is a highly respected and sought after Master Coach and Trainer, and has trained thousands of individuals and companies to realize their goals. With over a decade of experience in Results Coaching, his purpose is to transform people's lives so they can unleash their power in the areas of Wealth, Health, Career, Relationships, Success and Happiness. Sebastien is the President, Master Coach & Master Trainer of NLP Top Coach, a coaching and training company with expertise in Neuro Linguistic Programming, (NLP) & Coaching. Sebastien certifies students to become NLP Practitioners, NLP Master Practitioners & Professional Coaches, with certifications that are internationally recognized.

5th Feb 2016 (Friday)
Session 1: 9:00 am to 12:00 pm
Title: NLP for Career Development
Session 2: 2:00 pm to 5:00 pm
Title: NLP for Business

6th Feb 2016 (Saturday)
Session 3: 9:00 am to 5:00 pm
Title: NLP Breakthrough Seminar for Success & Happiness



RSVP: 09 421100222, 09 73210001
MIC U-Wisara Campus :
No.1, Zay Myauk St., Dagon Tsp., Yangon.

LIMITED SEATS are available now
FREE SEMINAR

Sponsored by: ULEC, PEACE SUN MOON WORLD Travel & Tours Co., Ltd

# ရန်ကုန်မြို့တောင်ဒဂုံအိတ်ချိန်းနယ်မြေအတွင်းအော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန်ရည်ရွယ်လျက် IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား အလုံ (SoftSwitch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် ပြောင်းလဲအစားထိုးတပ်ဆင်မည်ဖြစ်ပါ၍ တောင်ဒဂုံ KY အိတ်ချိန်းမှ (၅၉၅×××) ဖြင့်စသော တယ်လီဖုန်းနံပါတ်များအား အလုံ ZX-SS10SS1B SoftSwitch အိတ်ချိန်း၏ (၂၃၄-၈×××)ဖြင့်စသော တယ်လီဖုန်းနံပါတ်များဖြင့် (၁၉-၂-၂၀၁၆) ရက်နေ့တွင် အစားထိုးပြောင်းလဲမည် ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

အဆိုပါ တောင်ဒဂုံKY အိတ်ချိန်းနယ်မြေတွင် လက်ရှိ ADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများအနေနှင့် Static IP Range (172.x.x.x) Network သို့ ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် (၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇) တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# ရန်ကုန်မြို့ထောက်ကြန့်အိတ်ချိန်းနယ်မြေအတွင်း အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်လျက် IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မရမ်းကုန်း (SoftSwitch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် ပြောင်းလဲအစားထိုးတပ်ဆင်မည်ဖြစ်ပါ၍ ထောက်ကြန့် KY အိတ်ချိန်းမှ (၆၀၀×××)ဖြင့်စသော တယ်လီဖုန်းနံပါတ်များအား မရမ်းကုန်း Soft-X3000 (SoftSwitch) အိတ်ချိန်း၏ (၉၄၃-၇×××)နှင့် စသည့် တယ်လီဖုန်းနံပါတ်များဖြင့် (၁၂-၂-၂၀၁၆)ရက်နေ့တွင် အစားထိုးပြောင်းလဲမည် ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။


အဆိုပါ ထောက်ကြန့် KY အိတ်ချိန်းနယ်မြေတွင် လက်ရှိ ADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများ အနေနှင့် Static IP Range (172.x.x.x) Network သို့ ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက် နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် (၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇) တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

# ယူနိုက်တက်စိုးရှင်း မျက်စိအထူးကုဆေးခန်းနှင့်မျက်မှန်ဆိုင်

ပါဝါလဲတိကျတယ်. . . ဈေးနှုန်းလဲချိုသာတယ် . . .
ခေတ်မှီစက်ကရိယာတွေ သုံးတဲ့အတွက် မီနေ့လုပ်ရင် မီနေ့ရတယ် . . .
မျက်စိအထူးကုဆရာဝန်ကြီးတွေ ကိုယ်တိုင် စမ်းသပ်ခွဲစိတ်ကုသပေးတယ် . . .
ကမ္ဘာ့အဆင့်မီ Branded ကိုင်းမျိုးစုံရှိတယ် . . .

အတွင်းတိမ်ခွဲစိတ်ရန်(ecce) လက်ဖြင့်ခွဲပြီး (I.O.L) မျက်တွင်းမှန်ထည့်ပေးခြင်း
Fico Emusifier (ultra sound system) ဖြင့် အတွင်းတိမ်ကို ချေမွဆုတ်ယူပြီး
(Foldable I.O.L) အလွန်သေးငယ်၍ ခေါက်ထည့်ရသော မျက်တွင်းမှန်
ထည့်ပေးခြင်းများကို ဆောင်ရွက်ပေးနေပါပြီ...



ငွေကြေးမတတ်နိုင်သူများကို အပတ်စဉ်
တနင်္လာနေ့ နေ့လည် (၁း၀၀) နာရီမှည (၇း၃၀) နာရီထိ
မျက်စိအထူးကုဆရာဝန်ကြီးများ ကိုယ်တိုင်
အခမဲ့ စမ်းသပ် ခွဲစိတ်ပေးနေပါသည်။
နီးစပ်ရာဆိုင်ခွဲများတွင် ဖုန်းဖြင့်ဖြစ်စေ
လူကိုယ်တိုင်ဖြစ်စေ ကြိုတင်
စာရင်းပေးသွင်းနိုင်ပါပြီ။
အခမဲ့ခွဲစိတ်ပေးမည့် အစီအစဉ်များကို ရန်ကုန်ဆိုင်ခွဲ များတွင်သာ ဆောင်ရွက်ပေးပါမည်။

**ရန်ကုန်ဆိုင်ခွဲ**
- အမှတ်(၂၆၃)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၉၉၃၉၊ ၀၁-၃၈၄၈၃၈၊ ၀၁-၂၅၂၇၁၈
- အမှတ်(၂၆၂)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၀၇၈၅
- အမှတ်(၆၆/၆၈)၊ စံရိပ်ငြိမ်(၆)လမ်းထိပ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၃၂၃၁၇၊ ၀၁-၂၃၀၄၂၉၄
- အမှတ်(၃၈/E)၊ လေးထောင့်ကန်လမ်းမ၊ သဃ်န်းကျွန်းဈေးရှေ့ ဇ၀န၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၆၅၉၂၂

**မန္တလေးဆိုင်ခွဲ**
- အမှတ်(A-3)၊ ၇၈ လမ်း၊ ၂၇ × ၂၈ ကြား၊ ဘုတာကြီးမြောက်ဘက်၊ မန္တလေးမြို့။ ဖုန်း ၀၂-၆၈၇၈၆၊ ၃၄၄၄၂
- ၇၈ လမ်း၊ ၃၃ × ၃၄ ကြား၊ Diamond Plaza၊ ဆိုင်အမှတ် (G-042/043) စက်လှေကားအနီး မြေညီထပ်။ ဖုန်း ၀၉-၉၁၀၂၇၀၃၄



**ရွှေကြေးစည် မှ (ကျိုက်ထီးရိုး-နေ့စဉ်) (မြတ်မော်တင်စွန်း)**
▲ ရွှေစက်တော်နှင့် ဘုရားစုံ ခရီးစဉ်များ (ပွင့်ပွဲအလှူနေ့ Feb 11)နှင့် အပတ်စဉ် အငှါး-သောကြာ
▲ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း-သီးသန့်။ ဆက်၍ မန္တလေး၊ ပြင်ဦးလွင်အနှံ့။
▲ မြတ်မော်တင်စွန်းဘုရားပွဲ (Feb 21)နှင့် အပတ်စဉ် အငှါ၊ သောကြာ ထွက်မည်။
▲ အင်းတော်ကြီး ရွှေမြူဘုရားပွဲ၊ မြစ်ကြီးနား။ မြစ်ဆုံ၊ မန္တလေး။ ပြင်ဦးလွင်၊ မိုးကုတ် ခရီးစဉ်။
▲ ပုဂံ၊ ညောင်ဦး။ ပုပ္ပါး၊ စွယ်တော်လေးဆူ-သီးသန့်။ ဆက်၍ မန္တလေး။ ပြင်ဦးလွင် အနှံ့။
▲ မန္တလေး။ ပြင်ဦးလွင် အနှံ့၊ ဒီးဒုတ်ရေပြောအိုင်၊ ဂုတ်ထိပ်တံတား။ ကျောက်စိမ်းဘုရား ခရီးစဉ်။
▲ ကျိုက္ခမီ၊ မော်လမြိုင်၊ စက်စဲ၊ နွားလပို့တောင်ခရီးစဉ်နှင့် ဆက်၍ (ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
ဖုန်းဆက်ရန်: ☎ 01-240860/01-372290 ဖုန်း 09-49282825, 09421029191



**သုခဆည်းဆာ**
**(သက်ကြီးကျန်းမာရေးစောင့်ရှောက်ခြင်းဝန်ဆောင်မှု)**
လူကြီးမင်းတို့၏ ဘိုးဘွားများအား အကြောင်းအမျိုးမျိုးတို့ကြောင့် လူကြီးမင်းတို့ကိုယ်စား ပြုစုစောင့်ရှောက်ပေးရန် လိုအပ်ပါက "သုခဆည်းဆာ"မှ ဘိုးဘွားများအတွက် ကျန်းမာရေး၊ နေထိုင်ရေးနှင့် အခြားလိုအပ်သည်များအား တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါသည်။
အမှတ်(၂၃၃/၁)၊ ဒေါင်းမင်းလမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၆၃၃၉၀၊ ၀၉-၇၉၇၅၄၂၅၃၇၊ ၀၉-၂၅၁၁၅၉၈၈၄



ပြောင့်စင်းလှပစိတ်တိုင်းကျရမည်...
**ဒဏ္ဍာရီ**
အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝမကျွတ်စေရ
09- 261111550
- ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
- ဖယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂- နှစ်အာမခံ
ကာလာ၊ ပေါင်း၊ ပုလဲ၊ ညှပ်မေရှာလက်ဆောင်
ရွှေတိဂုံဘုရားလမ်း (ဆောက်လုပ်ရေးမှတ်တိုင်အနီး) ဒဂုံပန်းခြံအတွင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။



JUNCTION CENtRE
JUNCTION SQUARE

Happy Lunar New Year
ခြသော့်အက၊ နဂါးရှည်အက ဖိတ်ခေါ်ပြိုင်ပွဲ နှင့် ခွမ်းရည်ပြပွဲ
၃၀.၁.၂၀၁၆ မှ ၂.၂.၂၀၁၆ နေ့ အထိ (6:00 pm)

@ Junction Square



ပြိုင်ပွဲဝင် အသင်းများ
တော်ဝင်၊ ပုလဲနက်၊ ရိုးနဂါး ၊ အလင်းရောင်နဂါး၊ ရီလုံ၊
ESL၊ HBS၊ Triangle Lion၊ L.D.C.R ၊ Myanmar Hong Teck
အော်စန်း၊ ကမာရွတ်ကျန့် တိတ်၊ တောင်ဥက္ကလာကျန့် တိတ်

Broadcasting Partner By
5 PLUS DIGITAL FREE TV

www.facebook.com/junctionshoppingcentre www.junctioncentregroup.com

## ပရဟိတ ကျောင်းသူ မိန်းကလေးအိပ်ဆောင် လိုအင်ဆန္ဒပြည့်ဆည်းစေလို




မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ၂၀၀၁ခုနှစ်၊ ဇွန်လ ၁ရက်တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၅-၂၀၁၆ပညာသင်နှစ်မှာ (၂၈၉)သော မိဘမဲ့၊ နွမ်းပါး၊ တိုင်းရင်းသား မူ လယ်၊ ထက် ကျောင်းသား၊ ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက် ပညာသင်ကြားပေးလျက်ရှိပါသည်။

ကျောင်းသူမိန်းကလေး (၁၀၀)ဝန်းကျင်ရှိပါသည်။ အိပ်ဆောင်အခက်အခဲကြောင့် ရွာထဲက အိမ်တွေမှာ အကူအညီတောင်းပြီး ထားရပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသူမိန်းကလေးများ ကိုယ့်ကျောင်းအတွင်းမှာ လုံခြုံချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် အလျား(80') x အနံ (40')(2RC) အဆောက်အအုံကို အရေးပေါ် ကြိုးစားတည်ဆောက်နေပါသည်။ ၎င်းအဆောက် အအုံတွင် အခန်း(၁၆)ခန်းပါရှိပြီး တစ်ခန်းလျှင် ကျပ်(၂၅)သိန်း ကုန်ကျမှာဖြစ်ပါသည်။ (၁)ခန်းစာနှင့် အထက် အလှူရှင်များအား သားစဉ်မြေးဆက် ဝမ်းမြောက်နမော် သာဓုခေါ်ဆိုနိုင်ရန် "ကမ္ပည်းကျောက်စာ" ရေးထိုးဂုဏ်ပြုပေးပါမည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများမှ မိန်းကလေးအိပ်ဆောင် လိုအင်ဆန္ဒပြည့်ဝစေရန် စွမ်းနိုင်သမျှ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းစေလိုကြောင်း စေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရပါသည်။

**ဆက်သွယ်ရန်**

ကျောင်းအုပ်ဆရာတော်နှင့် အကျိုးဆောင်များ
မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
တောင်စွန်းစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
ဖုန်း-၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀၊ ၀၉-၇၉၆၆၂၅၇၀၀
ကမ္ဘောဇဘဏ်အကောင့်နံပါတ် ဦးဇဋိလ **(A/C No.007-301-00700708002)**
**CB Bank** အကောင့်နံပါတ် **U ZATILA(A/C No.009260010002526)**

မှတ်ချက်
- ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။
- ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။
- ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် (၁)မိုင်ခန့်သာ ကွာပါသည်။
- မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။



မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာအုပ်စု၊ လေးထောင့်ကန် စံပြကျေးရွာ၊ ဝင်္ကြွေးတော်မြေ ပရဟိတ ပညာဒါန ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဖြစ်သော -

**MRTV-4 ဆရာတော် အရှင်ကဉ္စနောဘာသ** မှ ဆောက်လုပ် လှူဒါန်းမည့် **ပုညကာရီသုံးထပ်ကျောင်းဆောင် သစ်ကြီး** တွင် -

| | | |
|---|---|---|
| - အလျားပေ ၉၀ အနံ ပေ ၄၀ | တစ်ထပ်လျှင် | ၇၆၀ သိန်း |
| | သုံးထပ်လျှင် | ၂၂၈၀ သိန်း |
| - တစ်ပေ ပတ်လည် | တစ်ကွက်လျှင် | ၂၅၀၀၀/ - ကျပ် |
| - ဘုရားခန်းလှူဒါန်းလိုလျှင် ဘုရားနှင့် အခန်း အပြီးအစီး | | ၇၀ သိန်း |
| - သံဃာ နစ်ပါးနေ (၁၀)ခန်း၊ တစ်ခန်းလျှင် | | ၂၅ သိန်း |
| - သံဃာတော်များ ဆွမ်းစားဆောင်အတွက် | | ၃၀၀ သိန်း |
| - ကျောင်းသား(၃၀၀) ဆံ့ စားသောက်ခန်းအတွက် | | ၂၀၀ သိန်း |
| - မီးဖိုဆောင်အတွက် | | ၁၀၀ သိန်း |
| - ဧည့်ဆောင် | | ၅၀ သိန်း |
| - လှေကား (တစ်ဖက်) | | ၅၀ သိန်း |
| - ကုဋီ / အိမ်သာ တစ်ခန်းလျှင် | | ၆ သိန်း |

နှုန်းများဖြင့် အောက်ပါ ဖုန်းနံပါတ်များ သို့ ဆက်သွယ် လှူဒါန်း နိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။

**ဖုန်း - ၀၉-၅၀၇၈၆၅၉၊ ၀၉-၂၅၀၂၉၈၃၉၄၊ ၀၉-၂၆၂၀၅၅၉၆၉**

Bank Account: VEN KANCANOBHASA 042301042013810001 (KBZ BAHAN) Facebook - Ven Kancano Basa

Waiter(၅)ဦး
အမြန်အလိုရှိသည်။
၀၉-၂၅၂၅၄၁၁၅၅
၀၉-၃၀၇၃၅၇၇၃

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၈၂၀၀၉၊ အမျိုး အမည် **Honda Wave-110**၊ အမျိုးအစား **M/C** ယာဉ်လက်ဝယ်ရှိသူအမည် ဦးသန်းဇော်ဦး[၉/ ရမသ(နိုင်)၀၁၁၂၀၆]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊
ခရိုင်ရုံး(ရမည်းသင်း)

ဦးထွန်းဦး+ဒေါ်ဝင်းမာ **TV (ရန်ကုန်)**

**အမျိုးသား / အမျိုးသမီး**
**ကားမောင်းစက်ပြင်သင်တန်း**

၁။ No.97 ဗညားဒလလမ်း။(၄လမ်းမှတ်တိုင်နှင့်မဆလာစက်မှတ် တိုင်အနီး)
၂။ မဆလာစက်မှတ်တိုင်ရှေ့
၃။ မြောက်ဒဂုံယာဉ်မောင်းသင်ကွင်း။


**Ph: 09-5041550, 09-73044311, 09-421150033, 09-420066955, 09-260111942**

အမှန်တကယ်ကားမောင်းတတ်ကျွမ်းလိုလျှင်
**TV (ရန်ကုန်) နှင့် သင်လိုက်ပါ။**




ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

**MECHANICAL CAR PARKING**




အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။


BRAND'S 180
အောင်မြင်မှုရဲ့ အဓိကသော့ချက်
ဘရင်း နေ့စဉ်သောက်လို့... ဉာဏ်ထက်မြက်
Ei Yadanar
အိရတနာနိုင်
၂၀၁၅ ခုနှစ်မြန်မာတစ်နိုင်ငံလုံး
တက္ကသိုလ်ဝင်တန်း ပထမဆုရှင်၊
BRAND'S
ESSENCE OF CHICKEN
with Vitamin B Complex and Iron
+ B Complex
ဘရင်းကြက်ပေါင်းရည်ကို ပုံမှန်သောက်သုံးခြင်းဖြင့် . . .
● မှတ်ဉာဏ်စွမ်းအားကို တိုးတက်စေပါသည်။
● အာရုံစူးစိုက်မှုကောင်းလာ၍ စိတ်ကိုကြည်လင်လန်းဆန်းစေပါသည်။
BRAND'S
Essence of Chicken
Net Content 70 ml.
ဘရင်း ကျန်းမာသွက်လက် ဉာဏ်ထက်မြက်

# 2016 FEBRUARY SAMSUNG DAY

## Samsung smart phones နှင့် Tablets

## တွေ့ဝယ်ယူပြီး ချစ်သူများနေ့ကို ကြိုဆိုကြရအောင်....

ဖေဖော်ဝါရီလ (၁)ရက် (၂)ရက် (၃)ရက်...

### ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်



နစ်သက်ရာ GIORDANO ဖက်ရှင်နှင့်အသုံးအဆောင်များ ဝယ်ယူနိုင်မည့်
ကျပ် ၅၀,၀၀၀ တန်ဖိုးရှိ ကူပွန်လက်ဆောင်




### ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက်



နစ်သက်ရာ GIORDANO ဖက်ရှင်နှင့်အသုံးအဆောင်များ ဝယ်ယူနိုင်မည့်
ကျပ် ၃၀,၀၀၀ တန်ဖိုးရှိ ကူပွန်လက်ဆောင်




### ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်



နစ်သက်ရာ GIORDANO ဖက်ရှင်နှင့်အသုံးအဆောင်များ ဝယ်ယူနိုင်မည့်
ကျပ် ၂၀,၀၀၀ တန်ဖိုးရှိ ကူပွန်လက်ဆောင်




လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။

ပရိုမိုးရှင်းအစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar နှင့် Giordano တို့မှ သတ်မှတ်ထားသည့်အတိုင်းသာ ဖြစ်သည်။

samsungmobilemyanmar samsungmyanmar samsungmyanmar

Call Center 01 2399 888 (Mon-Sun) 8AM to 6PM

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

SAMSUNG

Hot Line No-0930500100

# အိုးပိုင်အိမ်ပိုင်မရှိသူများအတွက် မဟာဗန္ဓုလအငှားအိမ်ရာ တည်ဆောက်လျက်ရှိ မိမိအစီအစဉ်လျှောက်လွှာဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ တိုက်ရိုက်လျှောက်ထားနိုင်

**လစဉ်ကြေး ကျပ်သုံးသောင်းဖြင့် သန်းခေါင်စာရင်းရှိသူတိုင်း ငှားရမ်းနေထိုင်နိုင်။**
**သတ်မှတ်အခန်း ၁၂၀၀ ထက် ကျော်လွန်လျှောက်ထားပါက မဲနှိုက်စီစဉ်ပေးသွားမည်။**
**နေထိုင်ခွင့်ရသူများသည် သတ်မှတ်စည်းကမ်းချက်များဖြင့် အငှားစာချုပ် သီးခြား ချုပ်ဆိုရမည်။**

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း အိမ်ထောင်စုလူဦးရေ သန်းခေါင်စာရင်းရှိပြီး မြေကွက်၊ နေအိမ်ခန်း အိုးပိုင်အိမ်ပိုင်မရှိသူများအနေဖြင့် မဟာဗန္ဓုလအငှားအိမ်ရာ လျှောက်ထားလိုပါက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်း တိုက်ရိုက်လာရောက်လျှောက်ထားနိုင်ကြောင်း တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုးက မြန်မာ့သတင်းစဉ်သို့ ယနေ့ပြောကြားလိုက်သည်။

မဟာဗန္ဓုလအငှားအိမ်ရာသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂)လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်တွင်တည်ရှိပြီး တစ်ခန်းလျှင် ၅၆၉ ဒသမ ၅ စတုရန်းပေရှိ အခန်းပေါင်း ၁၂၀၀ ပါဝင်သည်။

"အခုလို တန်ဖိုးနည်း အိမ်ငှားပေးမယ်ဆိုတော့ ကောင်းတာပေါ့။ ကျွန်တော်တို့လို ကျူးကျော်တွေအတွက် ပိုကောင်းတယ်။ ဒါပေမယ့် သန်းခေါင်စာရင်းမရှိတဲ့သူတွေကတော့ သိပ်မထူးပါဘူး။ ဧည့်စာရင်းနဲ့နေတာဆိုတော့ လျှောက်လို့မရဘူး။ နယ်ပြန်ပြီး သန်းခေါင်စာရင်းလုပ်ဖို့ ဆိုတာကလည်း သိပ်တော့မလွယ်ပါဘူး။ ဘာပဲပြောပြော အစိုးရအနေနဲ့ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖



မဟာဗန္ဓုလအငှားအိမ်ရာအား ယခုနှစ်ဘတ်ဂျက်အမီ တည်ဆောက်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်က တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။



ရောဝတီအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ရောဝတီအသင်း ပထမဆုံးနိုင်ပွဲရရှိ

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) ပထမနေ့ပွဲစဉ်အဖြစ် ရောဝတီအသင်းနှင့် ရန်ကုန်အသင်းတို့ ကျောက်တိုင်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ရောဝတီအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ရောဝတီ -သုံးဂိုး**
**ရန်ကုန် -နှစ်ဂိုး**

ရှုံးပွဲဆက်ပြီး ဖိအားများနှင့် ရင်ဆိုင်နေရသည့် ရောဝတီအသင်းမှာ လက်ရှိချန်ပီယံ ရန်ကုန်အသင်းကို အနိုင်ယူကာ ပထမဆုံးနိုင်ပွဲကို ရယူနိုင်ခဲ့သည်။ ရောဝတီအသင်းမှာ ခံစစ်ပိုင်း **စာမျက်နှာ ၃ ကော်လံ ၄ သို့** ❍

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပမည့်ရက်ပြင်ဆင်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပမည့်ရက်ကို နေပြည်တော်၌ ဖေဖော်ဝါရီ ၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအစား ဖေဖော်ဝါရီ ၂ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ပို့ချချက်
အချပ်ပို » ၁

## မြေပြိုဆည်များကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး
စာမျက်နှာ » ၃

## ရေကာတာအသစ်တည်ဆောက်မှုအတွက် တောင်သူများအား နစ်နာကြေးပေးအပ်
စာမျက်နှာ » ၅


themirror.npt@gmail.com
www.facebook.com/themirrordaily



# တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်အတွက် စာကိုကျက်မှတ်ရာမှာ ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကို သေသေချာချာလေ့လာကြဖို့ လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ Unit (၁၄)ခု ပါရှိပါတယ်။

ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဒီ Grade 11 English Text မှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section, နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက် သိရှိထားကြဖို့ လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီးမေးမှာဖြစ်ပါတယ်။ နှစ်တိုင်းမှာမေးတဲ့ မေးခွန်းပုံစံတွေလိုပဲ မေးခွန်း(၉)ပုဒ်မေးမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၁)ကတော့ English Text မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်မှာပါတဲ့ အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား (၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

Question No. 1(A) က Write the correct word or words to complete each sentence. ဖြစ်တယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ Item (၅)ခု မေးထားပြီး စာလုံးတစ်လုံး ဒါမှမဟုတ် စကားစုတစ်စုနဲ့ ကွက်လပ်ကိုဖြည့်ရမှာ ဖြစ်တယ်။

သတိပြုရမှာက ပေးထားတဲ့ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့လိုချင်လိုလိမ့်မယ်။ ဥပမာ- စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ပြောင်းပြီးဖြည့်ချင်ဖြည့်ရမယ်။ စာပိုဒ်ထဲမှာ active verb form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ passive verb form ပြောင်းပြီး ဖြည့်ချင်ဖြည့်ရမယ်။

ဥပမာ စာပိုဒ်ထဲမှာ The organizers of a self-service store must deal with perishable foodstuffs requiring different ranges of temperature. လို့ ပေးထားပေမယ့် မေးခွန်းမှာ Perishable foodstuffs -------- different ranges of temperature. လို့ ပေးထားရင် ဒီကွက်လပ်မှာ ဖြည့်ရမယ့် စကားလုံးက verb simple form ဖြစ်ရပါမယ်။ ဒါကြောင့် requiring ဆိုတဲ့စာပိုဒ်ထဲက present participle နဲ့ပေးထားတဲ့ စကားလုံးကို ဒီအတိုင်း ပြန်ကူးရေးလို့မရပါဘူး။ အဖြေမှန်က require ဖြစ်ပါတယ်။

တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice form ကနေ passive voice form ပြောင်းဖို့ လိုချင်ရင်လိုလိမ့်မယ်။ ဥပမာ Robots ထဲက စာကြောင်းတစ်ကြောင်းဖြစ်တဲ့ Robots are used in the process for the painting, welding and assembly of the cars. လို့ ပေးထားပေမယ့် မေးထားတဲ့စာကြောင်းက People ------ robots in the process for the painting, welding and assembly of the car. လို့ ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က passive verb form မဟုတ်တော့ဘဲ active verb form ဖြစ်ရပါမယ်။ ဒါကြောင့် အဖြေမှန်က use ဖြစ်ပါတယ်။

Question No. 1(B) ကတော့ Answer each question in one sentence. ဖြစ်တယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်း(၅)ခုမေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲက အဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့အကြောင်းအရာ (content) ရော၊ သဒ္ဒါ (Grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ- စာပိုဒ်ထဲမှာ Jenny Tier Bishop sat before the mirror, turning her head from side to side. လို့ ပေးထားပြီး While sitting before the mirror what did Jenny Tier Bishop do? လို့မေးရင် စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်မကူးဘဲ While sitting before the mirror, Jenny Tier Bishop turned her head from side to side. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။ past tense နဲ့ မေးထားတဲ့အတွက် အဖြေကလည်း past tense verb ကို ပြန်သုံးရပါမယ်။

ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်များနဲ့ဆိုင်တဲ့ မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင်လေ့ကျင့်ထားဖို့လိုပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ဆီလျော်အောင် မှန်မှန်ကန်ကန်ပြန်ဖြေတတ်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။

မေးခွန်းနံပါတ်(၂)မှာပေးထားတဲ့ မေးခွန်းကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို (၈)လုံးမြောက် စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း (၂၀)ရှိပြီး ဒီကွက်လပ်တွေကိုဖြည့်စွက်ဖို့ စကားလုံး(၂၀)ကိုလည်း စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့ မလိုပါဘူး။ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၃)ကတော့ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်ကျွမ်းမှုစွမ်းရည်အပြင် မှတ်သားနိုင်မှုစွမ်းရည်ကိုစစ်ဆေးတဲ့ မေးခွန်းပုံစံဖြစ်တယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့ မေးမှာဖြစ်တယ်။ Item (၁၀)ခု မေးထားပြီးတော့ ကွက်လပ်(၁၀)ခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ကွက်လပ်(၅)ခုက text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ်(၅)ခုကတော့ ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ သင်ယူထားတဲ့ အချက်အလက်တွေနဲ့ ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်ပြီးရေးသားတင်ပြနိုင်မှုစွမ်းရည် ရှိ မရှိကို စစ်ဆေးတာဖြစ်တယ်။ တိတိကျကျ ပြန်လည်ဖော်ပြတာကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်းမှားယွင်းမှု မရှိအောင် သတိထား ကြဖို့ လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုတစ်စု ဖြည့်ရတာမျိုးလည်းရှိတာကို သတိပြုဖို့လိုပါတယ်။

**နမူနာပြရမယ်ဆိုရင်**

1. Looking good does not mean making yourself into ---------- of a famous pop star.
2. A year is the length of time ---------- takes to travel around the sun one time.
3. March wind ranges; April ----------;

ဆိုတဲ့မေးခွန်းတွေကို ကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ a carbon copy ဆိုတဲ့ စကားလုံးသုံးလုံးလိုပေမယ့် နံပါတ်(၂)မှာတော့ the earth ဆိုတဲ့ စကားလုံးနှစ်လုံးလိုမှာဖြစ်တယ်။ နံပါတ်(၃)မှာဆိုရင် အဖြေက changes စကားလုံး တစ်လုံးလိုမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၄)ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှု ရှိ မရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း(၅)ခု မေးထားပါတယ်။

မေးခွန်းနံပါတ်(၄)ရဲ့ item 1 နဲ့ item 2 ကတော့ text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်မေးထားတာပဲဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ choices ပေးထားပါတယ်။ OR ခံထားတဲ့မေးခွန်းထဲက ကြိုက်ရာ တစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ကျောင်းသား ကျောင်းသူများဟာ အချက်အလက်ရော သဒ္ဒါပါမှန်ကန်တဲ့ အဖြေစာကြောင်းများနဲ့ ဖြေကြားရမှာဖြစ်ပါတယ်။

**ဥပမာ**

IV. 1. For whom was the first clock with a face and an hour hand made and where was it placed? (OR)

Among which age group is sleepwalking most common and when do they grow out of it? လို့ နံပါတ်(၁)မှာ မေးတယ်ဆိုပါစို့။

ပထမမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက The first clock with a face and an hour hand was made for a king of France and it was placed in a tower of the royal palace. ဒုတိယမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင် အဖြေက Sleepwalking is most common among children and they grow out of it when they become adolescents. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ Unit (၁၄)ခုလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့ လိုပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 3 နဲ့ item 4 မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက တစ်မျိုးကတော့ Who said these words and to whom were they said? What is the title of the unit from which the sentence is taken?

ဥပမာ Who said these words and to whom were they said? What is the title of the unit from which the sentence is taken?

"Soon after the two of you left, I built a fire." လို့ မေးခဲ့ရင် အဖြေက The man of music and dancing said these words to his friends, the philosopher and the medico. The sentence is taken from (the story) "Too Much Knowledge Maketh Fools. ဖြစ်ပါတယ်။

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံနောက်တစ်မျိုးကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? အဲဒီစာကြောင်းထဲမှာ it တို့၊ we တို့၊ they တို့ စသဖြင့် pronoun ကို မျဉ်းသားခဲ့ရင် အဲဒီ pronoun က ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to?

The female mosquito locates her human targets by following the carbon dioxide that we exhale. လို့မေးရင် အဖြေက The title of the unit from which the sentence is taken is 'Mosquito: Getting to know the enemy.' The word underlined in the sentence refers to 'the mosquito's. လို့ ဖြေရပါမယ်။

ဒါမှမဟုတ် နောက်တစ်မျိုးမေးနိုင်တာကတော့ What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the following sentence mean?

To my ears it sounded so much like the rhythmic beats of music coming from a drum that I started dancing to it? လို့ မေးလာရင် အဖြေက The title of the unit from which the sentence is taken is 'Too Much Knowledge Maketh Fools'. The sentence means that the bubbling noise of the boiling rice sounded so much like the regular repeated pattern of music which comes from a drum to the man of music and dancing that he started dancing to the bubbling noise of the boiling rice. လို့ဖြေရပါမယ်။ ဒီအဖြေက နမူနာအဖြေသာ ဖြစ်တယ်။ ဒီစာကြောင်းရဲ့ဆိုလိုရင်းကို ပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။ မေးခွန်းရဲ့ ဒုတိယအပိုင်းဖြစ်တဲ့ What does the following sentence mean? ဆိုတဲ့ မေးခွန်းမှာ Unit (၁၄)ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ ဆိုလိုရင်းကို မေးတာဖြစ်တယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 5 ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းလောက်ကိုပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲ ဖြစ်တယ်။ What do these lines mean? လို့ မေးမှာဖြစ်တယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကိုအဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ ဆိုလိုရင်းအဓိပ္ပာယ်ရော၊ သဒ္ဒါရောမှန်ရပါမယ်။

ဥပမာ What do these lines mean?

What is this life if, full of care, –

We have no time to stand and stare? ဆိုတဲ့ ကဗျာထဲကစာကြောင်း ၂ ကြောင်းကို ပေးထားတယ်ဆိုပါစို့။ အဲဒီကဗျာ ၂ ကြောင်းရဲ့ စကားပြေကို ပြန်ပေးရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၅)က မေးခွန်းနံပါတ်(၁) B လိုပဲ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း(၅)ခုကို ဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက်ဖတ်ပြီး အဓိပ္ပာယ်သိရမယ်။ အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ ဝါကျတွေ တည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ ဒီမေးခွန်းတွေက (၂)မှတ်တန် မေးခွန်းတွေဖြစ်ပေမယ့် အဖြေတစ်ဝက်လောက်မှန်ရင်လည်း အမှတ်တစ်ဝက်လောက်ရပါတယ်။ ဥပမာ- Preventing malaria includes a variety of measures: wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ ပေးထားပြီး How can we prevent malaria? လို့မေးရင် စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်မကူးဘဲ We can prevent malaria by wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၆) ကတော့ Punctuation နဲ့ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့ မေးမှာဖြစ်တယ်။ capital, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ် မတတ် စစ်ဆေးမှာဖြစ်တယ်။ အဓိကကတော့ Punctuation တွေကို ဘယ်လိုသုံးရမလဲဆိုတာ သိဖို့အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်းများများလုပ်ပေးဖို့လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစ စကားလုံးတို့၊ လူနာမည်တို့ကို capital letter နဲ့ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦးတစ်ယောက်ကပြောတဲ့ စကားလုံးတွေကိုပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့အဆုံးမှာ inverted commas တွေသုံးဖို့ သိရပါမယ်။

ဥပမာ ဖတ်စာအုပ်ထဲမှာပေးထားတဲ့ စာကြောင်းတစ်ကြောင်းကိုကြည့်ရအောင် she is different i said she has manners but she doesn't have language ဒီစာကြောင်းကိုကြည့်ရင် direct speech နဲ့ ရေးထားတဲ့ ဝါကျဖြစ်တယ်။ ပြောတဲ့သူက first person pronoun ဖြစ်တဲ့ " I " ဖြစ်လို့ Capital letter နဲ့ ရေးရပါမယ်။ သူ့ရဲ့နောက်ကလိုက်တဲ့ introductory verb 'said' ရဲ့နောက်မှာ comma (,) ရှိရပါမယ်။ I ကပြောတဲ့ အကြောင်းအရာနှစ်ခုက I ရဲ့ တစ်ဖက်တစ်ချက်မှာ ရှိနေတာတွေ့ရပါမယ်။ I ကပြောတဲ့ စကားလုံးတွေက she is different နဲ့ she has manners but she doesn't have language ဖြစ်လို့ I ကပြောတဲ့စကားတွေရဲ့ အစမှာ open inverted commas (") ရှိပြီး သူပြောတဲ့စကားတွေရဲ့အဆုံးမှာ close inverted commas (") ရှိရပါမယ်။

She is different ဆိုတဲ့ I ကပြောတဲ့ ပထမအကြောင်းအရာရဲ့ နောက်မှာလည်း ဝါကျမဆုံးသေးလို့ comma ရှိရပါမယ်။ ဝါကျရဲ့ ဒုတိယပိုင်းကိုကြည့်မယ်ဆိုရင် နှစ်ပိုင်းပါတာကို တွေ့ရပါမယ်။ she has manners နဲ့ but she doesn't have language တို့ ဖြစ်ပါတယ်။ ဒီအပိုင်း နှစ်ပိုင်းကို but ဆိုတဲ့ sentence connector နဲ့ ဆက်ထားလို့ but ဆိုတဲ့ sentence connector ရဲ့ရှေ့မှာ comma (,) ရှိရပါမယ်။ ဆက်ပြီးကြည့်မယ်ဆိုရင် doesnt ဆိုတဲ့ စကားလုံးဟာ spelling မမှန်ပါဘူး။ does နဲ့ not ကို အတိုကောက် (contracted form) နဲ့ရေးတာဖြစ်လို့ 'n' နဲ့ 't' ကြားမှာ apostrophe (') ရှိရပါမယ်။ ပြီးတော့ ဝါကျရဲ့အစတွေကို capital letter နဲ့ စပြီးရေးရမှာဖြစ်ပြီး ဝါကျရဲ့အဆုံးမှာ full stop ရှိရပါမယ်။ ဒီပေးထားတဲ့ ဝါကျကို ကြည့်မယ်ဆိုရင် punctuation marks စုစုပေါင်း (၁၂)ခုလိုပါတယ်။

မေးခွန်းနံပါတ်(၇)မှာ အပိုင်း ၂ ပိုင်း ပါဝင်ပါတယ်။

မေးခွန်းနံပါတ်(၇)ပထမပိုင်း VII A က Stylistic Transformation လို့ခေါ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given လို့ မေးမှာဖြစ်တယ်။ ပေးထားတဲ့ စာကြောင်း(၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။

**စာမျက်နှာ ၂ သို့ »»**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉ ။)**
**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်မည့် စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျအကောင်အထည်ဖော်နိုင်ရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ၂၀၁၆ ခုနှစ် ဧပြီလ(၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက် ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့ မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအနှစ် ၂၀ နှစ်ရှည် စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းစသည့်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၅.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၃.၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၂၃.၀ ရာခိုင်နှုန်း လျော့နည်းရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၁၈.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၁.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၄.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၈.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄.၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၁၁.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၃၀.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄.၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၈.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၈.၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၇.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၆.၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၇.၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆.၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော် ကောင်စီနယ်မြေတွင် ၃.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၆.၂ ရာခိုင်နှုန်းမှ ၂၅.၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၅.၀ ရာခိုင်နှုန်းမှ ၃၅.၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၈ ရာခိုင်နှုန်း မှ ၃၈.၅ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

**စာမျက်နှာ ၇ သို့**

**»»» စာမျက်နှာ ၁ မှ**

ပြဋ္ဌာန်းစာအုပ်ထဲမှာ ဒီလိုအဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံမတူတဲ့ ဝါကျတွေ Grade 10 မှာရော Grade 11 ပြန်ရေး ခိုင်းတဲ့ လေ့ကျင့်ခန်းတွေကို များများလေ့ကျင့်ရင် ဒီအပိုင်းကို ကောင်းကောင်း ဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။

<u>မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VII B</u> ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကိုသုံးပြီး စာပိုဒ်တိုလေးတစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုးမလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on: ဆိုပြီး ရွေးစရာ(၂)ပုဒ်ပေးပါမယ်။ ကိုယ်ပိုင်တဲ့တစ်ပုဒ်ကို ရွေးပြီးရေးပါ။ မလိုတာတွေ ထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကို ပြန်သုံးပြီးရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ဝါကျတွေ ဆောက်တတ်ဖို့လိုတယ်။ ဥပမာ Dengue Fever အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

- Dengue fever – viral disease – carried – Aedes mosquito
- Disease occurs mainly – tropical – subtropical regions

လို့ ပေးထားတယ်ဆိုပါစို့။

ပထမဝါကျမှာ dengue fever ဟာ viral disease ဖြစ်တယ်လို့ အဓိပ္ပာယ်ရလို့ ဖြစ်ခြင်းကိုပြတဲ့ verb to be ဖြစ်တဲ့ "is" ကို သုံးရပါမယ်။ ပြီးတော့ အဲဒါ ဝါကျမှာ viral disease ဟာ singular noun ဖြစ်လို့ article ‘a’ ထည့်ပေးရမယ်။ ပြီးတော့ dengue fever ကို Aedes ခြင်က သယ်ဆောင်တာဖြစ်လို့ which is carried by Aedes mosquito လို့ ရေးရပါမယ်။ ဒီနေရာမှာ which ဆိုတဲ့ relative pronoun နဲ့ verb to be ဖြစ်တဲ့ is ကို ထားခဲ့ရင်လည်းပဲ ရပါတယ်။ ဒီအပိုင်းကို passive voice နဲ့ရေးထားတဲ့အတွက် ပြုလုပ်သူ (agent) ဖြစ်တဲ့ Aedes mosquito ရှေ့မှာ by ထည့်ဖို့လိုပါမယ်။ ပြီးတော့ Aedes mosquito ဆိုတာ ခြင်အမျိုးအစားတစ်မျိုးရဲ့ ကိုယ်ပိုင်နာမည်ဖြစ်လို့ အဲဒီအမည်ရဲ့ရှေ့မှာ definite article ‘the’ လိုပါမယ်။

ဒါကြောင့် Dengue fever – viral disease – carried – Aedes mosquito ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ Dengue fever is a viral disease, (which is) carried by the Aedes mosquito လို့ ပြန်ရေးရပါမယ်။

နောက်တစ်ကြောင်းကို ရေးပြရမယ်ဆိုရင် ပေးထားတဲ့ prompts တွေက disease occurs mainly – tropical – subtropical regions ဖြစ်ပါတယ်။ ဒီ ဝါကျကိုကြည့်မယ်ဆိုရင် disease ဆိုတဲ့စကားလုံးနဲ့ စတာဖြစ်ပေမယ့် ပထမဝါကျမှာ နိဒါန်းပျိုးပြီးသားဖြစ်တဲ့ dengue fever အကြောင်းကို ပြောတာဖြစ်လို့ definite article ‘the’ လိုပါမယ်။ ပြီးတော့ ဒီရောဂါဟာ tropical နဲ့ subtropical ဒေသတွေမှာ ဖြစ်တဲ့အတွက် နေရာကိုဖော်ပြဖို့ in ဆိုတဲ့ preposition လိုပါမယ်။ ပြီးတော့ နေရာဒေသနှစ်ခုအကြောင်းကိုပြောလို့ tropical နဲ့ subtropical ကို and ဆိုတဲ့ conjunction နဲ့ ဆက်ရပါမယ်။ ဒါကြောင့် disease occurs mainly – tropical – subtropical regions ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ The disease occurs mainly in tropical and subtropical regions. လို့ ပြန်ရေးရပါမယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင် ပြန်ရေးရာမှာ article တွေဖြစ်တဲ့ "a" တို့ "an" တို့ "the" တို့ လိုရင်ထည့်ရမယ်။ verb to be ဖြစ်တဲ့ "am" တို့ "is" တို့ "are" တို့ လိုရင်ထည့်ပေးရမယ်။

<u>မေးခွန်းနံပါတ်(၈)</u>ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း(၃)ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ပဲ ဖြေရပါမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်တယ်။ ဒီနေရာမှာ- (၁)စာရေးမယ့်သူက ဘယ်သူလဲဆိုတာသိဖို့ လိုပါတယ်။ (၂) ဘယ်သူ့ဆီကို ရေးရမလဲဆိုတာ ကြည့်ပါ။ (၃) ဘာအကြောင်းအရာရေးရမလဲဆိုတာ အရင်သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့အကြောင်းအရာ တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ အရေးကြီးတဲ့ အချက်တစ်ချက်ကတော့ မေးခွန်းမှာ စာရေးသူ (addresser) နဲ့ စာလက်ခံရရှိမယ့်သူ (addressee) တွေရဲ့ နာမည်ကို ပေးထားပြီးသားဖြစ်တယ်။ ဒါကြောင့် ကိုယ်ဟာ ဘယ်သူ ဘယ်ဝါဖြစ်တယ်၊ ဘယ်ကျောင်း၊ ဘယ်မြို့နယ်ကဖြစ်တယ်ဆိုတာ လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။ နမူနာ မေးခွန်းတစ်ပုဒ်ကိုကြည့်ကြရအောင်၊ You are Nyi Nyi. You live at No.1, Pagoda Road, Pyay. Write a letter to your friend Aung Aung who lives in Bago, asking him which university he would like to join and what he is doing to make his dream come true.

ဒီမေးခွန်းကိုကြည့်ရင် စာရေးမယ့်သူက Nyi Nyi ဖြစ်တယ်။ ဘယ်သူ့ဆီကို ရေးမလဲဆိုတော့ Aung Aung ဆီကို ရေးရမှာဖြစ်လို့ Dear Aung Aung လို့ စရေးမယ်။ ပြီးတော့ ရေးခိုင်းတဲ့အကြောင်းအရာကို ကြည့်မယ်ဆိုရင် asking him which university he would like to join နဲ့ what he is doing to make his dream come true. ဆိုတဲ့ အကြောင်းအရာနှစ်ချက်ပါတဲ့အတွက်ကြောင့် နှစ်ချက်လုံးပါအောင်ရေးမှသာ အမှတ်ကောင်းကောင်းရမှာဖြစ်တယ်။ မေးခွန်းမှာမေးထားတဲ့အကြောင်းအရာကို သေသေချာချာမဖတ်ဘဲ အလွတ်ကျက်ထားတာ အားလုံးချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ လိုရင်းအချက်အားလုံးပါမှ အမှတ်ကောင်းကောင်းရမယ်။

<u>မေးခွန်းနံပါတ်(၉)</u> ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ်(၃)ခုထဲက ကြိုက်ရာတစ်ခုကို ရေးရမှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ ပေးစာတွေကို ကောင်းအောင်ရေးနိုင်ဖို့

(၁) Organization - ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာ အချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(၂) Relevancy - သက်ဆိုင်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာဖြစ်တယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကိုရေးခဲ့ရင် သက်ဆိုင်မှုမရှိဘူးလို့ သတ်မှတ်မှာဖြစ်လို့ အမှတ်မရနိုင်ဘူး။

(၃) Content - အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့် အကြောင်းအရာနဲ့ စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ဖို့ လိုပါတယ်။

(၄) Language - အသုံးအနှုန်း မှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုးရေးတတ်ခြင်းတို့ ဖြစ်တယ်။

(၅) Presentation - တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူ ဖတ်လို့ကောင်းအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရပါမယ်။

(၆) ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့ စာတွေ၊ စာစီစာကုံးတွေကိုမရေးဘဲ ကျစ်ကျစ်လျစ်လျစ် ထိထိမိမိနဲ့ သဒ္ဒါမှန်မှန်နဲ့ ရေးဖို့ပဲအရေးကြီးပါတယ်။ ဥပမာ Enemies of youths today ဆိုတဲ့ စာစီစာကုံး ရေးခိုင်းမယ်ဆိုရင် enemy တစ်ခုတည်း ရေးလို့မရပါဘူး။ enemy တစ်ခုတည်းအကြောင်းကိုရေးရင် အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ unit (၁၄)ခုလုံးက စာပိုဒ် passages တွေကို တစ်ခုမကျန် သေသေချာချာဖတ်ရှုမှတ်သားဖို့၊ ပေးထားတဲ့လေ့ကျင့်ခန်းတွေကို များများပြုလုပ်ကြဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း ကြိုးစားပါ။ ဒါမှတက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။


## 4TV ၏ တစ်ပတ်တာကြည့်ရှုရာအစီအစဉ်ကောင်းများ

(၃၀ - ၁ - ၂၀၁၆ မှ ၅ - ၂ - ၂၀၁၆ အထိ)

High Definition ရုပ်သံလိုင်းများ | ရုပ်ရှင် ရုပ်သံလိုင်းများ

### ၃၀ . ၁ . ၂၀၁၆ (စနေနေ့)

04:10 AM Step Up All In — HBO HD




09:50 AM The Best Of Me — Fox Movies




**For CINEMA 2**
- 12:14 PM အိမ်နီးချင်း — မင်းမော်ကွန်း၊ နိုင်သင်းကြည်
- 03:43 PM တော်တော်တော်တဲ့တို့ တွဲတေးတာတီး — မေလှ၀၊ မိုးပြည့်ပြည့်မောင်
- 05:32 PM ချစ်သူလူဆိုး — ဟိန်းဝေယံ၊ နဝရတ်

**5 သုစုမ**
- 03:16 PM ချစ်လို့ဓါးဆိုးတာ (နေမင်း၊ ဝိုင်းစုခိုင်သိန်း)
- 05:00 PM မောင်ဖေငယ်လို့ချစ်ပြမယ် (နေထူးနိုင်၊ မိုးပြည့်ပြည့်မောင်)

### ၃၁ . ၁ . ၂၀၁၆ (တနင်္ဂနွေနေ့)

08:30 PM Nurse — Fox Action Movies




06:00 PM Aquamarine — Fox Family Movies





**For CINEMA 2**
- 11:26 PM ချစ်ခွင့်ရှိသည် — မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်
- 01:12 PM မှုပိုင်ချစ်သူ — ကျော်သူ၊ မေသန်းနု
- 03:09 PM မစဉ်းစားနဲ့ချစ်လိုက် — ပြေတီဦး၊ နိုင်သင်းကြည်
- 05:52 PM အလွဲ — မင်းသွေး၊ ရွှေရွှေမောင်

**5 သုစုမ**
- 06:09 PM အနမ်းနီ (ဟိန်းဝေယံ၊ ရာဇာနေဝင်း၊ မိုးဟေကို၊ ဘေဘီမောင်)

### ၁ . ၂ . ၂၀၁၆ (တနင်္လာနေ့)

07:15 PM November Man — HBO HD




02:15 PM They Came Together — 5 Movies



**For CINEMA 2**
- 02:17 PM လင်တော်သား — ဖြိုးငွေစိုး၊ ဝိုင်းစုခိုင်သိန်း
- 04:23 PM စောရလားမင်းသားလား — ရဲအောင်၊ ထွန်းထွန်း၊ ချစ်စနိုးဦး
- 06:24 PM နောက်ဆုံးထွက်သက်ထိ — ကောင်းခန့်၊ အေးမြတ်သူ၊ မေသဉ္ဇာဦး
- 08:37 PM စုန်ရေ — ကျော်ဟိန်း၊ ခင်သန်းနု

### ၂ . ၂ . ၂၀၁၆ (အင်္ဂါနေ့)

09:00 PM Limitless — 4 HD




08:42 PM Hercules — For Cinema





**For CINEMA 2**
- 02:02 PM လက်ဖွဲ့ခြင်းသည်းခံပါ — နေမင်း၊ အိချောပို
- 03:58 PM မာယာလောက — ကျော်ဟိန်း၊ ကျော်ကျော်ဗို၊ စိုးမြတ်သူဇာ၊ မေကဗျာ

**5 သုစုမ**
- 09:29 PM ဒုတိယ လျှို့ဝှက်ချက် (ခန့်စည်သူ၊ သင်ဇာဝင့်ကျော်)

### ၃ . ၂ . ၂၀၁၆ (ဗုဒ္ဓဟူးနေ့)

02:05 PM Guardians Of The Galaxy — Fox Movies HD




05:30 PM Beautiful & Twisted — CINEMAX



**For CINEMA 2**
- 02:19 PM သားကောင် — နေတိုး၊ ပုလဲဝင်း
- 03:58 PM ကြောင်ကျွဲခတ်ဒဏ် — ထူးခန့်ကျော်၊ ဟန်နီထွန်း

**5 သုစုမ**
- 12:10 PM ငွေး — မြင့်မြတ်၊ ချမ်းဗီဗီကို၊ မေသဉ္ဇာဦး

### ၄ . ၂ . ၂၀၁၆ (ကြာသပတေးနေ့)

08:00 PM Devil's Runway — MHD




08:00 PM ဟီးရိုးမေဝေ — 5 Series



**For CINEMA 2**
- 02:10 PM အချစ်ကိုတွေ့ရှိခြင်း — ကျော်ဟိန်း၊ ခန့်စည်သူ၊ ကြည်လဲ့လဲ့ဦး
- 04:12 PM ကောက်ရ — စွမ်းသူရလင်း၊ စိုးပြည့်သဇင်
- 06:17 PM အသည်းဖျက်လျော်ကြေး — ရဲအောင်၊ နေထက်လင်း၊ နိုင်သင်းကြည်

### ၅ . ၂ . ၂၀၁၆ (သောကြာနေ့)

07:00 PM Highway — 4 HD




04:10 PM Fast Five — 5 Movies




**For CINEMA 2**
- 01:52 PM မစဉ်းစားနဲ့ချစ်လိုက် — ပြေတီဦး၊ နိုင်သင်းကြည်၊ နဝရတ်
- 04:35 PM သွေးဖျက်မတတ် — ဇွန်ပို့၊ မွင့်နဒီမောင်
- 06:34 PM ငရဲမီး — မေလှ၀၊ လင်းဇာနည်ဇော်
- 08:32 PM မိုက်လုံး — မင်းသွေး၊ ဖွေးဖွေး

## 4TV ၏ တစ်ပတ်တာကြည့်ရှုရာအစီအစဉ်ကောင်းများ

( ၃၀ - ၁ - ၂၀၁၆ မှ ၅ - ၂ - ၂၀၁၆ အထိ)

| အားကစားရုပ်သံလိုင်းများ | သတင်းနှင့်ဗဟုသုတ ရုပ်သံလိုင်းများ | ဖျော်ဖြေရေး ရုပ်သံလိုင်းများ |
|---|---|---|
| Fox Sports 2<br>08:05 PM AFC U23 Championship 2016 Final (LIVE) | 12:50 PM Seahorses : Wanted Dead or Alive (National Geographic Channel) | 05:50 PM Epic (5) |








| | | |
|---|---|---|
| Fight Sports<br>08:15 AM Sergey Kovalev Vs Jean Pascal | 07:30 PM Tut Ankh Amun (Discovery Channel) | 03:45 PM Penguin Of Madagascar (4 for KIDS) |









| | | |
|---|---|---|
| Fight Sports<br>05:30 PM MEGA Fights:Floyd Mayweather Jr. Vs Juan Manuel Marquez<br>Fox Sports 3<br>05:00 PM FIA World Touring Car Championship 2015 Highlights | 08:00 PM Tiny House Hunting (S2) (fyi,) | 08:30 PM Iris (KBS WORLD) |






| | | |
|---|---|---|
| Fox Sports 3 HD<br>06:00 PM Inside European Rally Championship Belgium | 02:00 PM I Married My Killer (crime & investigation network) | 12:00 PM Chasing Maria Menounos (Star World) |









| | | |
|---|---|---|
| Fight Sports<br>10:30 PM Wesley Hawkey Vs Tumisang Madiba | 08:05 PM Vanishing Kings : Desert Lions Of Namib (Nat Geo Wild) | 05:30 PM Tastes Of Asia Thai Street Food With David Thompson Noodles (TLC) |







| | | |
|---|---|---|
| Fox Sports<br>05:30 PM Boxing:KOTV Classics | 06:30 PM Castro: World's Most Watched Man (Discovery Channel) | 07:31 PM Zambezia (4 for KIDS) |









| | | |
|---|---|---|
| Fox Sports 2<br>08:30 AM FOX College Basketball 2015-16 : Colorado Vs Oregon (LIVE)<br>Fox Sports 3 HD<br>04:30 PM Formula Master China Series 2015 KL Street Circuit, Malaysia | 08:25 PM Monster In My Family (crime & investigation network) | 06:00 PM Shrek (5) |






www.facebook.com/4tvmyanmar ဆက်သွယ်ရန် : 01- 2306166

စာမျက်နှာ ၇ မှ

ဇယား-၄

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၉,၄၆၄,၀၈၄.၆** | **၂၆.၂** | **၂၁,၅၀၁,၆၀၇.၁** | **၂၅.၆** | **၁၀.၅** |
| | ၁ | လယ်ယာ | ၁၃,၄၉၀,၁၁၂.၅ | ၁၈.၁ | ၁၄,၈၈၇,၆၆၂.၄ | ၁၇.၇ | ၁၀.၄ |
| | ၂ | သားငါး | ၅,၈၅၇,၇၆၅.၁ | ၇.၉ | ၆,၅၂၃,၀၉၄.၂ | ၇.၈ | ၁၁.၄ |
| | ၃ | သစ်တော | ၁၁၆,၂၀၇.၀ | ၀.၂ | ၉၀,၈၅၀.၅ | ၀.၁ | -၂၁.၈ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၂၆,၀၀၅,၂၀၇.၄** | **၃၅.၀** | **၃၀,၂၁၇,၃၈၇.၈** | **၃၅.၉** | **၁၆.၂** |
| | ၁ | စွမ်းအင် | ၄,၅၉၆,၉၄၆.၈ | ၆.၂ | ၄,၉၀၄,၄၈၆.၃ | ၅.၈ | ၆.၇ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၆၃,၇၁၅.၀ | ၁.၂ | ၉၄၄,၆၅၀.၆ | ၁.၁ | ၉.၄ |
| | ၃ | စက်မှုလက်မှု | ၁၅,၂၃၂,၃၉၆.၇ | ၂၀.၅ | ၁၇,၉၃၀,၁၄၄.၀ | ၂၁.၃ | ၁၇.၇ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၀၃၁,၆၅၅.၃ | ၁.၄ | ၁,၁၀၇,၉၁၃.၈ | ၁.၃ | ၇.၄ |
| | ၅ | ဆောက်လုပ်မှု | ၄,၂၈၀,၄၉၃.၆ | ၅.၇ | ၅,၃၃၀,၁၉၃.၁ | ၆.၄ | ၂၄.၅ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၈,၈၂၅,၀၇၅.၈** | **၃၈.၈** | **၃၂,၄၀၉,၁၃၂.၈** | **၃၈.၅** | **၁၂.၄** |
| | ၁ | ပို့ဆောင်ရေး | ၈,၂၅၂,၂၀၄.၅ | ၁၁.၁ | ၉,၀၂၇,၃၈၃.၆ | ၁၀.၇ | ၉.၄ |
| | ၂ | ဆက်သွယ်ရေး | ၁,၇၈၂,၇၂၂.၀ | ၂.၄ | ၂,၁၃၁,၆၈၂.၂ | ၂.၅ | ၁၉.၆ |
| | ၃ | ငွေရေးကြေးရေး | ၁၅၀,၇၄၁.၄ | ၀.၂ | ၁၆၃,၁၅၉.၆ | ၀.၂ | ၈.၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂,၇၂၂,၂၅၂.၅ | ၃.၇ | ၂,၈၄၉,၉၃၄.၈ | ၃.၄ | ၄.၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၇၉၅,၃၀၅.၈ | ၂.၄ | ၂,၁၁၆,၈၀၀.၄ | ၂.၅ | ၁၇.၉ |
| | ၆ | ကုန်သွယ်မှု | ၁၄,၁၂၁,၈၄၉.၆ | ၁၉.၀ | ၁၆,၁၂၀,၁၇၂.၂ | ၁၉.၂ | ၁၄.၂ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၇၄,၂၉၄,၃၆၇.၈** | **၁၀၀.၀** | **၈၄,၁၂၈,၁၂၇.၇** | **၁၀၀.၀** | **၁၃.၂** |

ဇယား-၅

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်းအရ ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၄၅,၄၆၉,၂၉၂.၀** | **၆၁.၂** | **၅၁,၇၁၈,၉၉၄.၉** | **၆၁.၅** | **၁၃.၇** |
| | ၁ | လယ်ယာ | ၁၃,၄၉၀,၁၁၂.၅ | ၁၈.၁ | ၁၄,၈၈၇,၆၆၂.၄ | ၁၇.၇ | ၁၀.၄ |
| | ၂ | သားငါး | ၅,၈၅၇,၇၆၅.၁ | ၇.၉ | ၆,၅၂၃,၀၉၄.၂ | ၇.၈ | ၁၁.၄ |
| | ၃ | သစ်တော | ၁၁၆,၂၀၇.၀ | ၀.၂ | ၉၀,၈၅၀.၅ | ၀.၁ | -၂၁.၈ |
| | ၄ | စွမ်းအင် | ၄,၅၉၆,၉၄၆.၈ | ၆.၂ | ၄,၉၀၄,၄၈၆.၃ | ၅.၈ | ၆.၇ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၈၆၃,၇၁၅.၀ | ၁.၂ | ၉၄၄,၆၅၀.၆ | ၁.၁ | ၉.၄ |
| | ၆ | စက်မှုလက်မှု | ၁၅,၂၃၂,၃၉၆.၇ | ၂၀.၅ | ၁၇,၉၃၀,၁၄၄.၀ | ၂၁.၃ | ၁၇.၇ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၀၃၁,၆၅၅.၃ | ၁.၄ | ၁,၁၀၇,၉၁၃.၈ | ၁.၃ | ၇.၄ |
| | ၈ | ဆောက်လုပ်မှု | ၄,၂၈၀,၄၉၃.၆ | ၅.၇ | ၅,၃၃၀,၁၉၃.၁ | ၆.၄ | ၂၄.၅ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၄,၇၀၃,၂၂၆.၂** | **၁၉.၈** | **၁၆,၂၈၈,၉၆၀.၆** | **၁၉.၃** | **၁၀.၈** |
| | ၁ | ပို့ဆောင်ရေး | ၈,၂၅၂,၂၀၄.၅ | ၁၁.၁ | ၉,၀၂၇,၃၈၃.၆ | ၁၀.၇ | ၉.၄ |
| | ၂ | ဆက်သွယ်ရေး | ၁,၇၈၂,၇၂၂.၀ | ၂.၄ | ၂,၁၃၁,၆၈၂.၂ | ၂.၅ | ၁၉.၆ |
| | ၃ | ငွေရေးကြေးရေး | ၁၅၀,၇၄၁.၄ | ၀.၂ | ၁၆၃,၁၅၉.၆ | ၀.၂ | ၈.၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂,၇၂၂,၂၅၂.၅ | ၃.၇ | ၂,၈၄၉,၉၃၄.၈ | ၃.၄ | ၄.၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၇၉၅,၃၀၅.၈ | ၂.၄ | ၂,၁၁၆,၈၀၀.၄ | ၂.၅ | ၁၇.၉ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၁၄,၁၂၁,၈၄၉.၆** | **၁၉.၀** | **၁၆,၁၂၀,၁၇၂.၂** | **၁၉.၂** | **၁၄.၂** |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၇၄,၂၉၄,၃၆၇.၈** | **၁၀၀.၀** | **၈၄,၁၂၈,၁၂၇.၇** | **၁၀၀.၀** | **၁၃.၂** |

ဇယား-၆

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်းအရ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၄၄၇,၈၁၁.၆ | ၂.၀ | ၁,၆၅၃,၉၁၄.၇ | ၂.၀ | ၁၄.၂ |
| ၂ | ကယားပြည်နယ် | ၂၅၆,၈၉၉.၀ | ၀.၃ | ၂၈၅,၁၀၃.၂ | ၀.၃ | ၁၁.၀ |
| ၃ | ကရင်ပြည်နယ် | ၁,၃၄၀,၈၅၅.၄ | ၁.၈ | ၁,၅၁၁,၆၁၂.၉ | ၁.၈ | ၁၂.၇ |
| ၄ | ချင်းပြည်နယ် | ၂၇၇,၄၁၆.၇ | ၀.၄ | ၄၀၅,၆၄၉.၇ | ၀.၅ | ၄၆.၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၈,၅၂၂,၂၅၃.၈ | ၁၁.၅ | ၉,၇၁၆,၁၉၈.၂ | ၁၁.၅ | ၁၄.၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၅၈၃,၉၈၂.၉ | ၄.၈ | ၃,၅၉၆,၅၃၄.၀ | ၄.၃ | ၀.၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၉၃၀,၂၁၀.၄ | ၈.၀ | ၆,၇၂၃,၁၉၁.၃ | ၈.၀ | ၁၃.၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆,၅၈၈,၂၆၆.၇ | ၈.၉ | ၇,၅၅၆,၀၁၄.၈ | ၉.၀ | ၁၄.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၇,၆၁၁,၀၂၇.၄ | ၁၀.၂ | ၈,၇၃၀,၃၅၇.၆ | ၁၀.၄ | ၁၄.၇ |
| ၁၀ | မွန်ပြည်နယ် | ၂,၉၃၀,၉၂၇.၇ | ၃.၉ | ၃,၂၈၆,၁၂၄.၂ | ၃.၉ | ၁၂.၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၆၂၇,၈၂၇.၉ | ၄.၉ | ၄,၄၄၀,၀၇၆.၁ | ၅.၃ | ၂၂.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၆,၈၅၉,၇၈၇.၇ | ၂၂.၇ | ၁၉,၂၆၀,၇၀၈.၈ | ၂၂.၉ | ၁၄.၂ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၃၅၂,၃၂၆.၆ | ၅.၉ | ၄,၈၉၈,၉၈၉.၆ | ၅.၈ | ၁၂.၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉,၃၉၂,၉၂၉.၃ | ၁၂.၆ | ၁၀,၃၅၈,၄၅၇.၉ | ၁၂.၃ | ၁၀.၃ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၅၇၁,၈၄၄.၇ | ၂.၁ | ၁,၇၀၅,၁၉၄.၇ | ၂.၀ | ၈.၅ |

ဇယား-၇

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၇,၀၆၃,၀၉၀.၁ | ၂၆.၇၁ | ၆,၆၇၉,၈၃၃.၃ | ၂၂.၀၅ |
| ၂ | သမဝါယမပိုင် | ၃,၃၃၈.၆ | ၀.၀၁ | ၃,၃၇၅.၅ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၁၉,၃၇၉,၄၉၈.၄ | ၇၃.၂၈ | ၂၃,၆၀၅,၂၃၃.၂ | ၇၇.၉၄ |
| | **စုစုပေါင်း** | **၂၆,၄၄၅,၉၂၇.၁** | **၁၀၀.၀၀** | **၃၀,၂၉၈,၄၄၂.၀** | **၁၀၀.၀၀** |

# ရုံးလုပ်ငန်းအသုံးချ ကွန်ပျူတာသင်တန်းဖွင့်

**မော်လမြိုင် ဇန်နဝါရီ ၂၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ရုံးလုပ်ငန်းအသုံးချ ကွန်ပျူတာသင်တန်းကို မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဇန်နဝါရီ ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးမျိုးကြည်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

သင်တန်းသို့ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ ရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း ၂၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် ကွန်ပျူတာ၊ အင်တာနက်နည်းပညာအသုံးချ၍ ရုံးလုပ်ငန်းကိစ္စများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**